ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာ၏**

အဆွေခင်ပွန်းရှိခြင်းသည် အရေးပေါ်ကိစ္စ ပေါ်ပေါက်သောအခါ ချမ်းသာ၏။ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏။ ဆင်းရဲ အလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၁)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၇ ရက် တနင်္ဂနွေနေ့၊ 12, Sunday June 2016 (၈၅၉၀)

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း

## ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တစ်ပြိုင်တည်းထုတ်ပြန်

**နေပြည်တော် ဇွန် ၁၁**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တစ်ပြိုင်တည်းထုတ်ပြန်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများတွင် နံနက်စောစောမှစ၍ စာမေးပွဲအောင်စာရင်း ကြည့်ရှုမည့်သူများသည် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းများတွင် စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့်အချိန်ကို စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

ယခုနှစ်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ဘာသာဂုဏ်ထူးရှင် ၈၆၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၇ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၅၁ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၁၂၄၈ ဦးရှိကြောင်းသိရပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၇၄၈၉ ဦးအနက်မှ ၅၂၂၃ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၉ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၆၃၅၉ ဦးတွင် ၅၀၀၄ ဦးအောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၃၀ ဒသမ ၅၉ ရာခိုင်နှုန်းရှိခဲ့ရာ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်သဖြင့် အောင်မြင်မှုရာခိုင်နှုန်း အနည်းငယ်လျော့နည်းသွားသည်ကို တွေ့ရသည်။ ထို့အပြင် ယမန်နှစ်တွင် ဂုဏ်ထူးရရှိသူ ၁၀၀၇ ဦးရှိခဲ့ရာမှ ယခုနှစ်တွင် ဂုဏ်ထူးရရှိသူ ၁၂၄၈ ဦးအထိ ရှိလာခဲ့သည်။

၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် နိုင်ငံခြား စာစစ်ဌာနများတွင် စုစုပေါင်း ၆၁၆၂၁၇ ဦး ဖြေဆိုခဲ့ရာ ၁၉၀၃၈၈ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၉ ဒသမ ၉၂ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြည့်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအားတွေ့ရစဉ်။

(ဓာတ်ပုံ - ရွှေရဲရင့်)

# စီးပွားရေးပိတ်ဆို့မှုဖြေလျှော့ခြင်းအကျိုးဆက် အမေရိကန်ထုတ်ကုန်များ တိုက်ရိုက်တင်သွင်းလာ




အမေရိကန်နိုင်ငံထုတ် ကုန်ပစ္စည်းဖြစ်သည့် **Hypertherm Powermax** သံနှင့် သံမဏိဖြတ်စက်အား တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၁

**အမေရိကန်နိုင်ငံမှ မြန်မာအပေါ်ပိတ်ဆို့အရေးယူမှုအချို့ ဖြေလျှော့လာခြင်းကြောင့် အမေရိကန်နိုင်ငံထုတ်ကုန်ပစ္စည်းတချို့ မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်သွင်းမှုရှိလာကြောင်း အမေရိကန်- မြန်မာ စီးပွားရေးဆက်သွယ်မှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်အချို့က ပြောသည်။**

ယခင်က အမေရိကန်ထုတ်ကုန်အချို့ကို အခြားနိုင်ငံများမှတစ်ဆင့် ဝယ်ယူသုံးစွဲရခြင်းကြောင့် ကုန်ကျစရိတ်ပိုမိုပြီး ဝယ်ယူပြီးနောက်ပိုင်း ဝန်ဆောင်မှုလည်း ပါဝင်မှုမရှိသည့်အတွက် အသုံးပြုနိုင်မှုနည်းပါးကြောင်း၊ လက်ရှိတွင် စီးပွားရေးပိတ်ဆို့မှုများရှိနေဆဲဖြစ်သော်လည်း ဖြေလျှော့မှုများ ပြုလုပ်လာခြင်းကြောင့် အမေရိကန်နည်းပညာသုံး အမေရိကန်နိုင်ငံကုန်ပစ္စည်းများကို တိုက်ရိုက်တင်သွင်းလာနိုင်ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပြည်တွင်းဆောက်လုပ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်တွင် အသုံးတွင်ကျယ်လျက်ရှိသော အမေရိကန်နိုင်ငံထုတ် Hypertherm Powermax systems သံနှင့် သံမဏိဖြတ်စက်ကြီးများကို ယခင်က စင်ကာပူနှင့် တခြားနိုင်ငံများမှတစ်ဆင့် ပြည်တွင်းသို့ တင်သွင်းအသုံးပြုခဲ့ရပြီး ယခုအခါ စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့လိုက်ခြင်းကြောင့် မြန်မာပြည်ကိုယ်စားလှယ်အနေဖြင့် တိုက်ရိုက်တင်သွင်းလာနိုင်ပြီဖြစ်ပြီး ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးအပ်ခြင်းကိုလည်း ဆောင်ရွက်ပေးနိုင်လာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ် ရန်ကုန်မြို့ ယုဇနတာဝါရှိ First Energy Services ကုမ္ပဏီမှ သိရသည်။

အဆိုပါ စက်ပစ္စည်းများ၏ တန်ဖိုးမှာ သုံးစွဲသည့် စက်ပါဝါအမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၁၀၀၀၀ ဝန်းကျင်အထိရှိပြီး လက်ရှိ သံမဏိစက်ရုံ၊ သံနှင့် သံမဏိလုပ်ငန်းများ၊ သင်္ဘောကျင်းလုပ်ငန်းများ၊ လေယာဉ်ထုတ်လုပ်ရေး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



ကြေးမုံ

# ဝေဖန်ရေးဆိုသည်မှာ

အစိုးရသစ် စတင်တာဝန်ယူလာသည့်အခါ တိုင်းရေးပြည်ရေးများ၌ တက်တက်ကြွကြွရှိသူများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အထွေထွေ အပြားပြားသော နယ်ပယ်အသီးသီးမှပညာရှင်များ စသူတို့ထံမှ အကြံပေးစကားများ၊ ဝေဖန်သံများ အမျိုးမျိုးကြားရ သိရပါသည်။ ယင်းသို့သော အကြံပေးသူ၊ ဝေဖန်သူတို့မှာ ပြည်တွင်းကရော၊ ပြည်ပကရော၊ အစိုးရအဖွဲ့သစ်ကို ထောက်ခံကြသူများရော၊ ဆန့်ကျင်ကြသူများရော ပါဝင်သည်ကိုလည်း တွေ့ရပါသည်။

ဤကဲ့သို့ ဝေဖန်အကြံပြုမှုများထဲက အချို့အချို့သော အကြံပြုချက်များကို အစိုးရအဖွဲ့သစ်က လက်ခံဆောင်ရွက်ကြသည်တို့ကိုလည်းကောင်း၊ ပြင်ဆင်လိုက်ကြသည့် နမူနာများကိုလည်းကောင်း တွေ့ရပါသည်။

အစိုးရအဖွဲ့သစ်ကလည်း ပြည်သူလူထုအကျိုးစီးပွားအပေါ်မှာ အခြေပြုသည့် စဉ်းစားဆင်ခြင်မှု၊ စီမံပြင်ဆင်မှု၊ အကောင်အထည်ဖော်မှုများပြုလုပ်သွားမည်ဟူသော သဘောထားကို ဖော်ပြပြီးဖြစ်သည့်အတွက် ပြည်သူ့အကျိုးစီးပွားအတွက်ဆိုလျှင် မည်သို့သော ဝေဖန်အကြံပြုမှုများကိုမဆို လက်ခံသွားမည်ဟု ယူဆပါသည်။

မည်သို့ဆိုစေ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ မိမိတို့ ကိုယ်ကျိုးစီးပွားအတွက်မပါဘဲ ပြည်သူ့အကျိုးကိုရည်ရွယ်၍ အကြံဉာဏ်ပေးခြင်း၊ ဝေဖန်ခြင်းတို့သည်ကား အပေါင်းလက္ခဏာဟု ဆိုရပါမည်။ အစိုးရအဖွဲ့ကိုမှသာမဟုတ်၊ ပုဂ္ဂလိကဆိုင်ရာလူတစ်ဦးချင်းအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကိုသော်လည်းကောင်း ဝေဖန်ခြင်း၊ အကြံပေးခြင်းဆိုသည်မှာ အခြေခံအားဖြင့် အကြံပေးသူ၊ ဝေဖန်သူ၏ စေတနာပေါ်တွင်မူတည်၍ တန်ဖိုးအမျိုးမျိုးရှိနေမှာပဲ ဖြစ်ပါသည်။

ယနေ့ကာလ ဒီမိုကရေစီတိုးတက်လာခြင်းနှင့်အတူ ပြည်သူလူထုအတွင်း ပွင့်လင်းလွတ်လပ်မှုရှိလာသည့်အခါ၊ လွတ်လပ်စွာပြောဆိုဖော်ထုတ်ခွင့်တို့ ရှိလာသည့်အခါ ဝေဖန်မှုများ၊ အကြံပေးမှုများကလည်း မြင့်မားလာနေသည်မှာအမှန်။ ဝေဖန်သူများသာမက ဝေဖန်သူများကို ပြန်လည်တုံ့ပြန်ဝေဖန်သူများကလည်း အများအပြားရှိနေသည်ကို သတိထားမိပါသည်။

သည်လို ဝေဖန်ကြ၊ တုံ့ပြန်ကြရာတွင် ပွတ်တိုက်မှုများ ပြင်းထန်ပြီး အမုန်းမီးတောက်ကြီးမားလာတတ်သည်ကို ဂရုပြုရှောင်ရှားရန် လိုပါမည်။ ဝေဖန်အကြံပေးမှုနှင့် ပတ်သက်လျှင် ဖြူစင်သောစေတနာပါဝင်ရန်ဆိုသည့် အခြေခံမှုကို လိုက်နာရန် လိုပါမည်။

ယင်းကို ဆရာဇေယျက စာပေဝေဖန်မှုကိုအခြေပြုကာ ရေးသားခဲ့ဖူးသည့်ထောက်ပြမှုရှိသည်-

'ကောင်း၊ မကောင်း စိစစ်ရွေးချယ်မှုကို ဝေဖန်မှုဟု ဆိုသည်။ ဝေဖန်မှု၏ကိစ္စကို ကောင်းကောင်းကြီး နားလည်၊ ကျပ်ကျပ်ကြီး သတိပြုဖို့လိုသည်။ ဝေဖန်မှုသည် ကောင်း၊ မကောင်း (ဝါ) သင့်၊ မသင့် (ဝါ) မှန်၊ မမှန်ကို စိစစ်ရွေးချယ်လျက် အကောင်းနှင့် အဆိုး၊ အမှားနှင့် အမှန်၊ ဖွဲကြမ်းနှင့် ဆန်ကောင်းကို တသီးတသန့်စီ ခွဲခြားသိရှိမှု၊ ခွဲခြားပြသမှုမှလွန်၍ သို့မဟုတ် လွှဲလွဲ၍သွားပါက ဝေဖန်မှုမဟုတ်တော့ဘဲ ဆဲမှု၊ မလိုတမာပြောဆိုမှု၊ အဂတိလိုက်စားမှု၊ မိမိကိုယ်ကို မိမိ ညစ်နွမ်းစေမှု၊ သူတစ်ပါးအား လမ်းမှားကိုပြမှုသာ ဖြစ်လေသည်။ ထို့ကြောင့် ဝေဖန်မှုသည် သူတစ်ပါးအား နှိပ်ကွပ်မှုမဟုတ်၊ အပျင်းပြေရေးသားပြောဆိုမှုမဟုတ်၊ သမားဂုဏ်ပြမှုမဟုတ်၊ လူတတ်လူလည်လုပ်မှုမဟုတ်၊ လက်တည့်စမ်းမှုမဟုတ်၊ လူမှုကိစ္စ ဟူသမျှတို့တွင် အရေးကြီးတကာ့ အရေးအကြီးဆုံး ဖြစ်လေသည်။'

ယင်းသို့ ဆိုထားသည့် ဆရာဇေယျ၏ စကားကို ဝေဖန်ရေးမူအဖြစ်လက်ခံကာ ဝေဖန်သုံးသပ်သင့်ကြသည်ဟု ယူဆပါကြောင်း။ ။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ နှစ်စဉ် ကျွမ်းကျင်လုပ်သား ၅၀၀၀ နီးပါး မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၁**

သက်မွေးပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင်ရပ်တည်နေထိုင်နိုင်စေရန် ဖွင့်လှစ်လျက်ရှိသည့် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ နှစ်စဉ် ကျွမ်းကျင်လုပ်သား ၅၀၀၀ နီးပါး မွေးထုတ်ပေးလျက်ရှိကြောင်း ဇွန် ၁၀ ရက်က ပြုလုပ်သည့် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ရန်ကုန်၏ (၃/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားမှ သိရသည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ရန်ကုန်မှ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက "ဒီသင်တန်းက အခု ၂၀၁၆ မှာ သုံးကြိမ်မြောက်ဖွင့်တဲ့ သင်တန်းပါ။ နှစ်စဉ် ဒီကျောင်းကနေ ကျွမ်းကျင်လုပ်သား ၅၀၀၀ နီးပါးမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီသင်တန်းက အိမ်တွင်းမှုလုပ်ငန်း ပညာရပ်တွေကနေ လုပ်ကိုင်စားသောက်လို့ရတဲ့၊ မိမိဘဝ မိမိရပ်တည်နိုင်တဲ့သူတွေ ဖြစ်အောင် မွေးထုတ်ပေးနေတာပါ။ သင်တန်းပေါ်မှာ စိတ်ဝင်စားမှုအပေါ်မူတည်ပြီး ဒီသင်တန်းက ဆင်းသွားတာနဲ့ လုပ်ကိုင်စားသောက်လို့ရတဲ့ အဆင့်အထိ တတ်မြောက်ကြပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းကျောင်းမှ သက်မွေးမှု ပညာရပ်ဆိုင်ရာ အချက်အပြုတ်၊ အချုပ်အလုပ်၊ ဇာထိုးပန်းထိုး၊ ပန်း၊ သစ်သီးအလှပြင်စသည့် အဓိက ဘာသာလေးမျိုးကို သင်ကြားပေးပြီး သင်တန်းအမျိုးအစားအားဖြင့် ၂၂ မျိုး သင်ကြားပေးနေကြောင်း သိရသည်။

သက်မွေးပညာသင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့အထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဇွန် ၁၃ ရက်နှင့် ၁၈ ရက်တို့တွင် သင်တန်းသစ်ဖွင့်လှစ်သွားရန်ရှိကြောင်း၊ သင်တန်းအပတ်စဉ်တစ်ခုအတွက် ခြောက်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက သင်တန်းသား သင်တန်းသူများအား တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှဖွင့်လှစ်သည့် သင်တန်းအပတ်စဉ် ၃/၂၀၁၆ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၇၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းတွင် ဖွင့်လှစ်ထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)မှ အပတ်စဉ်ဖွင့်လှစ်သည့် အဆိုပါ သက်မွေး ပညာသင်တန်းများသို့ အိမ်တွင်းမှုလုပ်ငန်းများကို စိတ်ဝင်စားသူ ကျန်းမာကြံ့ခိုင်သည့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

# အသေးစား စက်မှုလက်မှုထုတ်ကုန်ပြပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဇွန် ၁၁**

ရက် ၁၀၀ အတွင်း အသေးစားစက်မှုလက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသေးစားစက်မှုလက်မှု ထုတ်ကုန်ပြပွဲပြုလုပ်နိုင်ရန် သတင်းစာရှင်းလင်းပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် (၈၂) လမ်း၊ (၂၅) လမ်းထောင့်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးဦးတင့်ဆွေက "အသေးစားစက်မှုလက်မှုထုတ် ကုန်ပစ္စည်းပြပွဲကို ဇွန် ၂၅၊ ၂၆ ရက်တို့တွင် မင်္ဂလာမန္တလေး၌ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မြန်မာပြည်ထုတ်ကုန်ပစ္စည်းများဟာ ဘေးအန္တရာယ်ကင်းပြီး နိုင်ငံတကာအရည်အသွေးပြည့်မီကြောင်း လက်တွေ့ပြတဲ့ပွဲကြီးလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သင်းက "ဆိုင်ခန်းပေါင်း ၆၀ ကျော်ပါဝင်ပြီး လာရောက်သူတွေနဲ့ စိတ်ပါဝင်စားသူတွေအတွက် အသိပညာပေးဟောပြောပွဲတွေ၊ ဖျော်ဖြေပွဲတွေလည်း ထည့်သွင်းထားပါတယ်" ဟု ပြောကြားသည်။

အဆိုပါပြပွဲတွင် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ဖွင့်လှစ်ထားသော စားသောက်ကုန်၊ အလှကုန်၊ ချည်ထည်ပစ္စည်းများ၊ ထုပ်ပိုးမှုဆိုင်ရာလုပ်ငန်းသုံးစက်ပစ္စည်းများ၊ သွင်းကုန်အစားထိုးစက်မှုဇုန်များရှိ ထုတ်ကုန်ပစ္စည်းများ၊ ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသောပစ္စည်းများ၊ ပန်း ၁၀ မျိုး လက်မှုအနုပညာပစ္စည်းများ၊ Solar Energy ကဲ့သို့ ကျေးလက်သုံးပစ္စည်းများ၊ နည်းပညာပေး ပြခန်းများ၊ နိုင်ငံ၏စီးပွားရေးအင်အား တစ်ရပ်ဖြစ်သော အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အသေးစားစက်မှုလက်မှုလုပ်ငန်းများ အချင်းချင်းအားလည်းကောင်း၊ အလတ်စား၊ အကြီးစားလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရန်၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ပိုမိုရရှိစေရန်၊ မြန်မာ့ရိုးရာလက်မှုအနုပညာများ တိမ်ကောပပျောက်မှုမရှိစေရေးနှင့် ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊ အသေးစားလုပ်ငန်းထုတ်ကုန်ပစ္စည်းများအား ပြည်သူများနှင့် နိုင်ငံတော်မှ သိရှိလာပြီး အားပေးမှုရှိစေရန်၊ စံချိန်စံညွှန်းမီ ထုတ်ကုန်များ၊ အမယ်သစ်များ၊ လုပ်ငန်းသစ်များပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြသသွားမည်ဖြစ် ကြောင်း သိရသည်။

**(၀၀၂)**




# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁၁**

Golden Hill Tower Executive Apartments မှ ဝန်ထမ်းများ ဦးဆောင်၍ Rainbow Bridge Co.,Ltd. မှ ဝန်ထမ်းများ၊ ရတနာကလေးပြုစုစောင့်ရှောက်ရေးဂေဟာ (မင်္ဂလာဒုံ)မှ ကျောင်းသား ကျောင်းသူများ၊ စနေအပတ်စဉ် ထာဝရလူငယ်ဆွမ်းလောင်းအသင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မှ လူငယ်များနှင့် လွယ်အိတ်ပရဟိတအသင်းသူ အသင်းသားများ စုစုပေါင်း ၁၁၃ ဦးတို့သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီမှစ၍ ရွှေနံ့သာစံပြကျေးရွာ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြရွှေပင် သဒ္ဓမ္မသုခရိပ်သာဝင်းအတွင်း ဆရာတော် ဒေါက်တာအရှင်ခေမာသီရိ (လှတောဆရာတော်) ၏ လမ်းညွှန်မှုဖြင့် အရိပ်ရပင်နှင့်သီးပင်၊ စားပင် ၁၅၀ တို့ကို စုပေါင်းဒါနပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

အဆင့်ပြီးရင် ညီလာခံရောက်ဖို့ကြားထဲမှာ အဆင့်တွေ သုံး၊ လေးဆင့်ကျန်ပါသေးတယ်။ ကောင်းတာကတော့ အားလုံးတက်ညီလက်ညီဆွေးနွေးတဲ့အတွက် နှစ်ဖက်ထည့်သွင်းစဉ်းစားရမယ့်အချက်တွေ တော်တော်လေးရပြီ။ နဂိုက စီစဉ်တာက ၄ ရက်ဆွေးနွေးဖို့ပါ။ ဆက်တိုက်ဆွေးနွေးမှာပါ။

**မေး။ နိုင်ငံရေးမူဘောင်ကို NCA စာချုပ်ဘောင်ထဲကနေပြီး ပြင်ဆင်မယ်ဆိုတာလေး သိချင်ပါတယ်။ ဘယ်လိုအချက်တွေ ပြင်မှာပါလဲ။**

ဖြေ။ အဓိကက ကျွန်တော်တို့လုပ်ထားတဲ့မူဘောင်မှာ အခန်း ၆ ခန်းရှိတယ်။ အခန်း ၆ က အထွေထွေဆိုတော့ နိုင်ငံရေးမူဘောင်အတွက် အရေးကြီးတာ ၅ ခန်းရှိတယ်။ အခန်း ၅ ခန်းမှာ ခေါင်းစဉ်က ၂၁ ခုလောက်ပါနေတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အဆိုပြုတာက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ နိုင်ငံရေးဆွေးနွေးပွဲ၊ အဲဒီမှာ ငြိမ်းချမ်းရေးကို တိုက်ရိုက်ပတ်သက်မယ်။ လုံခြုံရေးကာကွယ်ရေးကိစ္စနဲ့ နိုင်ငံရေး ဖက်ဒရယ်လိုမျိုးကိစ္စကို အဓိကဆွေးနွေးမှ ငြိမ်းချမ်းရေးကို မြန်မြန်အကောင်အထည်ဖော်နိုင်မယ်။ ဒါမှ နိုင်ငံတည်ဆောက်ရေးအပိုင်းကို မြန်မြန်ဆက်သွားလို့ရမယ်။ ဒါကြောင့် အချို့ခေါင်းစဉ်တွေကို Civil Society Forum တွေ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ၊ အခြားရွေးကောက်ပွဲမှာ အနိုင်မရခဲ့တဲ့ ပါတီတွေက ဒါတွေကိုစဉ်းစားပြီးလုပ်ဖို့။ ဒီတော့ နဂိုမူဘောင်ကို ပြန်ပြင်ဖို့ လိုတယ်။ အဲဒီလိုပဲ Review မလုပ်ခင် လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်ဖို့ ကြိုတင်ပြင်ဆင်နေတာဖြစ်ပါတယ်။

**မေး။ NCA စာချုပ် လက်မှတ်မရေးထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့တွေနဲ့ ညှိနှိုင်းနေတာမျိုးရှိပါသလား။**

ဖြေ။ ရှိပါတယ်။ ကျွန်တော်တို့ကမ်းလှမ်းထားတာတွေအတွက် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပြည်တွင်းကို လာဖို့ရှိတယ်။ “ဝ”၊ မိုင်းလားတို့နဲ့လည်း တွေ့ဖို့ ရက်တွေအကြမ်းဖျင်းညှိနေတာရှိတယ်။ ဒီအပတ်မဟုတ်ရင် ရှေ့အပတ်ထဲမှာ သွားတွေ့နိုင်ဖို့ စီစဉ်နေပါတယ်။ ညီလာခံမလုပ်ခင်မှာ ကျွန်တော်တို့မူဘောင်ကို အတည်ပြုရမယ်။ တစ်ဖက်ကလက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားတွေကို ဖိတ်ကြားခဲ့တာက တစ်ဖက်က Review လုပ်တဲ့အခါ သူတို့လာနိုင်ဖို့ပေါ့။ အဲဒီလို သူတို့လာနိုင်ဖို့ ကျွန်တော်တို့ ဇွန်လကုန်လောက်အထိ ရွှေ့တယ်။ ဒါမှမဟုတ် ဇူလိုင်အထိ ရွှေ့မယ်။ အဲဒီအချိန်မှာ သူတို့လာနိုင်ရင်ကောင်းတယ်။ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်း ရှိနိုင်ပါတယ်။ လာဖို့ကတော့ များပါတယ်။ ဒေါက်တာတင်မျိုးဝင်းကတော့ နေပြည်တော်မှာ ရှိနေစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးတာတွေ၊ ချင်းမိုင်မှာ ဆွေးနွေးတာတွေ၊ ဒီနေ့ဆွေးနွေးပွဲမှာ ဝင်ရောက်ဆွေးနွေးတာတွေ လုပ်ပါတယ်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)အကြို ပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေ။

အခုထိ အားလုံး ကောင်းနေတယ်။

**မေး။ အရင်အစိုးရလက်ထက်မှာ အားလုံးပါဝင်ရေး တောင်းဆိုချက်ကို တိုင်းရင်းသားတွေဘက်က တောင်းဆိုခဲ့ကြပေမယ့် မပေးနိုင်တာတွေရှိတယ်။ အဲဒီအတွက်ကော ပြင်ဆင်ထားပြီလား။**

ဖြေ။ အဆင့်တိုင်း အဆင့်တိုင်းပါဝင်ခွင့်ရှိတယ်။ အားလုံးပါဝင်ဖို့ကတော့ တတ်နိုင်သလောက် အများဆုံးပါဝင်အောင် ကြိုးစားနေတာဖြစ်တဲ့အတွက် ရှေ့လာမယ့် ရက်သတ္တပတ်မှာ အဖြေထွက်လာနိုင်မှာပါ။ ကျွန်တော်တို့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကို သွားရောက်ကမ်းလှမ်းခဲ့တဲ့အတွက် ပြည်တွင်းကို လာရောက်မယ်၊ ဆွေးနွေးမယ်ဆိုတာတွေတော့ရှိပါတယ်။ ကောင်းတော့ကောင်းပါတယ်။

**မေး။ MNDAA၊ AA၊ TNLA တို့နဲ့ပတ်သက်ပြီး တပ်မတော်ရဲ့ သဘောထားအမြင်ကို ပြောပြပေးနိုင်မလား။**

ဖြေ။ လက်ရှိသုံးဖွဲ့ကတော့ တပ်မတော်က စဉ်းစားချက်တွေရှိတယ်။ အစိုးရရဲ့ ချဉ်းကပ်မှုတွေရှိတယ်။ ဒါတွေကို ကျွန်တော်တို့ ရှင်းပြရမယ်။ ရှင်းပြပြီးတော့ ဒီရှင်းပြချက်တွေထဲကပဲ သူတို့အနေနဲ့ နည်းလမ်းတွေ ရှာနိုင်မလား။ ဒီသုံးဖွဲ့ကတော့ အခြားအဖွဲ့တွေနဲ့ မတူတဲ့အတွက် သဘောတူနိုင်မလားဆိုတဲ့ အချက်နှစ်ချက်ကို နဂိုကတည်းက ပြောထားတော့ အဲဒီကြားထဲကပဲ နည်းလမ်းရှာနိုင်ဖို့ မျှော်လင့်ပါတယ်။ အခုညီလာခံကျင်းပမှာနဲ့ ခုနက ကိစ္စတွေကို ရှင်းပြ၊ ရှင်းပြပြီးရင် ရှင်းပြတဲ့အထဲက သုံးဖွဲ့အနေနဲ့ နည်းလမ်းတွေရှာ၊ ကြိုတင်ဆောင်ရွက်ရမယ့် အချက်နှစ်ချက်ကို သူတို့အနေနဲ့ စဉ်းစားနိုင်ရင်တော့ ပါဝင်ခွင့်ရမှာပါ။ ဒါတွေက ဆက်တော့ဆွေးနွေးရမယ်။ ကျွန်တော်တို့က ရှင်းပြတဲ့အပိုင်းပဲ လုပ်လို့ရတယ်။ အဲဒါကို သူတို့အနေနဲ့ ပြန်စဉ်းစားပြီး တုံ့ပြန်ဖို့ပဲရှိတယ်။

**မေး။ အရင်အစိုးရလက်ထက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို တက်ရောက်ဖို့ဖိတ်ခေါ်ခဲ့ပေမယ့် တက်ရောက်နိုင်ခြင်းမရှိတာ တွေ့ရတယ်။ အခုအကြိမ်မှာကော တက်ရောက်နိုင်ပါ့မလား။**

ဖြေ။ တက်ရောက်ဖို့ရှိတယ်လို့ ကျွန်တော်ထင်တယ်။ သူတို့တွေအနေနဲ့ ပြည်တွင်းမှာ လာရောက်ဆွေးနွေးပါမယ်။ အဲဒီအရာတွေနဲ့လည်း ဆက်စပ်နေပါလိမ့်မယ်။ တက်ရောက်နိုင်မယ်ပဲထင်တယ်။

**မေး။ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက တက်ရောက်ခွင့်ရခဲ့ရင်ကော နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ခွင့်ရှိမလားဆိုတာလေး သိချင်ပါတယ်။**

ဖြေ။ နိုင်ငံရေးဆွေးနွေးခွင့်တွေရနိုင်ဖို့အတွက် မူဘောင်သုံးသပ်တဲ့နေရာမှာ ကျွန်တော်တို့ကဖိတ်နေတာ။ မူဘောင်သုံးသပ်တာတွေပြီးရင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ)ကို တက်ရောက်ဖို့ နောက်ထပ်အဆင့်တွေလေး၊ ငါးဆင့်ရှိနေသေးတယ်။ သူတို့ကိုယ်တိုင်ကလည်း ညီလာခံကို တက်ရောက်မယ်ဆိုရင် ဒီအဆင့်၊ ဒီအဆင့်တွေကို ဆောင်ရွက်ဖို့ ရည်ရွယ်ထားတယ်။ ဒါကိုတက်ရောက်နိုင်ဖို့အတွက် လိုက်ပါဆောင်ရွက်မယ်ဆိုတာမျိုးတော့ လိုတာပေါ့။ ဒါမှလည်း ရှေ့ကလက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားတွေနဲ့ တန်းတူတက်ရောက်ခွင့်ရမှာပေါ့။

**မေး။ ကျေးဇူးတင်ပါတယ်။ ဒီနေ့ NCA လက်မှတ်ထိုးထားတဲ့ ALP မတက်ဘူးနော်ဆရာ။**

ဖြေ။ သူတို့က ခရီးလွန်နေလို့ ခွင့်တိုင်ထားတာပါ။

# NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအားလုံး ၂၁ ရာစု ပင်လုံညီလာခံတွင် ပါဝင်နိုင်မည့်နည်းလမ်း စဉ်းစားထား

**ရန်ကုန် ဇွန် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)၏ တတိယနေ့ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲတွင် ဆက်လက်ပြုလုပ်သည်။

တတိယနေ့ဆွေးနွေးပွဲသည် လာမည့်အနာဂတ်တွင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)တွင် ချမှတ်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (ramework) အတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ ရရှိဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆပ်ကော်မတီ(၂)၏ အတွင်းရေးမှူး ဦးလှမောင်ရွှေက “ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်ချက်တွေထုတ်ခဲ့တာမဟုတ်ဘူး။ အရင်အစိုးရက Framework ဆွဲတဲ့ အချိန်မှာ ရွေးကောက်ပွဲကပြီးနေပြီ။ ဒီတော့ အရင်အစိုးရက နောက်အစိုးရ လုပ်သာကိုင်သာရှိဖို့အတွက် ပြန်လည်ပြင်ဆင်လို့ရအောင် လွယ်လွယ်ကူကူလုပ်ပေးခဲ့တာပဲရှိတယ်။ အခုလာမယ့် ၂၁ ရာစုပင်လုံညီလာခံမှာတော့ ဆုံးဖြတ်ချက်တွေ ထုတ်မယ်။ ကျွန်တော်တို့ ဆွေးနွေးနေတာက ဆုံးဖြတ်ချက်ချလုပ်ဆောင်ရမယ့် အရာတွေကို စဉ်းစားချက်တွေအနေနဲ့ စဉ်းစားတာ။ Brainstorm လုပ်တာ။ ဘယ်အရာကိုတော့ ဘယ်လိုကဏ္ဍအောက်ကို ထည့်မယ်ဆိုတာမျိုးတော့ အသေးစိတ်တော့မရှိသေးဘူး။ ဒီလိုစဉ်းစားထားခြင်းအားဖြင့် NCA လက်မှတ်မထိုးရသေးတဲ့သူတွေ ပါဝင်လာတဲ့အခါ အသုံးတည့်မယ်။ အသေးစိတ်တွေကတော့ လက်မှတ်မထိုးရသေးတဲ့သူတွေလာတော့ ထပ်ညှိရမယ်။ အချိန်ကာလကို လျှော့ချနိုင်မယ်ဆိုပြီး ဆွေးနွေးတာပါ”ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် တတိယနေ့ဆွေးနွေးပွဲတွင် တပ်မတော်ဘက်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)တို့ကလည်း တိုင်းရင်းသားလက်နက်ကိုင်များအတွက် ၎င်းတို့၏ စဉ်းစားချက်များ ထည့်သွင်းပြောဆိုခဲ့ကြောင်း NRPC မှ သိရသည်။

အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA) လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လာမည့်ညီလာခံတွင် ပါဝင်လာနိုင်မည့် နည်းလမ်းများ စဉ်းစားထားပြီး ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့က “ဝ”၊ မိုင်းလား လက်နက်ကိုင်အဖွဲ့များနှင့် ဇွန်လတတိယပတ်မတိုင်ခင် သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှသိရသည်။




ဦးလှမောင်ရွှေက “အခုကျွန်တော်တို့ လက်မှတ်မထိုးရသေးတဲ့ UNFC ဘက်က လူတွေအားလုံးကို ပြည်တွင်းမှာတွေ့ဆုံဖို့ဖိတ်ထားတယ်။ “ဝ”နဲ့ မိုင်းလားကတော့ ရှေ့လာမယ့်အပတ်ထဲမှာတွေ့မယ်။ ဆက်သွယ်လို့ မရသေးတာကတော့ နာဂတစ်ဖွဲ့ပဲရှိတယ်။ ဆယ်သွယ်နေဆဲပဲ။ MNDAA၊ AA နဲ့ TNLA သုံးဖွဲ့ကတော့ တပ်မတော်ဘက်က ပြောထားတဲ့ ကြိုတင်စည်းကမ်းချက် နှစ်ချက်ရှိတယ်။ ကျွန်တော်တို့ပြောတာနဲ့ မီဒီယာမှာ ဖော်ပြတာလွဲသွားမှာစိုးလို့။ ကျွန်တော်တို့ ဒါကိုရှင်းကိုရှင်းပြဖို့တာဝန်ရှိတယ်။ ရှင်းပြတဲ့အခါမှာလည်း တပ်မတော်ရဲ့ စဉ်းစားချက်လည်း ရှင်းပြရမယ်။ နည်းလမ်းတွေ့နိုင်မလားမေးရင် တွေ့နိုင်ပါတယ်လို့ ပြောရမှာပဲ။ ဘယ်လိုဖြစ်ဖြစ် ဒီတာဝန်တွေကိုတော့ ကျွန်တော်တို့ ယူရကြရမှာပဲ။ ဘယ်အရာက ညီလာခံကို တက်ရောက်ဖို့ ညှိနှိုင်းနိုင်မလဲဆိုတာတွေကတော့ ဆက်လုပ်မှသိမယ်”ဟု ဆပ်ကော်မတီ (၂) ဆက်လက်လုပ်ဆောင်သွားမည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပြောသည်။

ယနေ့ပြုလုပ်သည့် တတိယနေ့ဆွေးနွေးပွဲသို့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ခုနစ်ဦးနှင့် အလုပ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ အစိုးရကိုယ်စားလှယ်အနေဖြင့် ဆပ်ကော်မတီ (၁)မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်၍ ကိုယ်စားလှယ် (၈) ဦး တက်ရောက်ခဲ့ကြပြီး စတုတ္ထနေ့ဆွေးနွေးမှုအဖြစ် ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် NRPC ရန်ကုန်ရုံးခွဲ၌ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

**(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃)တွင်ဖော်ပြထားသော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၈) ကြိမ်မြောက် လွတ်လပ်ရေးနေ့ပုံစာတွင် “နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မှန်” ဟုပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**



## ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား အလုပ်သမားရှစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရပြီး ၃၀ ကျော် ပျောက်ဆုံး

**ဘိုဂိုတာ ဇွန် ၁၁**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇွန် ၉ ရက် ညပိုင်းက မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ အလုပ်သမားရှစ်ဦးထက်မနည်း သေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိကာ လူ ၃၀၀ ကျော် ပျောက်ဆုံးနေသည်ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ရုံးက ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံအနောက်မြောက်ပိုင်း ချိုကိုပြည်နယ်ရှိ မီဒယ်လင်း-ကွစ်ဒိုအဝေးပြေးလမ်းတွင် လမ်းတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်နေစဉ် ယင်းမြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် မကြာသေးမီရက်များအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇွန် ၁၀ ရက် အစောပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ပြီး မြေပြိုမှုကြောင့် သေဆုံးသွားသည့် အလုပ်သမားရှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းမြေပြိုမှုကြောင့် အလုပ်သမားရှစ်ဦး သေဆုံးကာ လေးဦးဒဏ်ရာရ၍ စက်ယန္တရားသုံးစီးပျက်စီးပြီး လမ်းတစ်လမ်းမှာလည်း မြေပြိုမှုဒဏ် သက်ရောက်ခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့ခွဲရေးအဖွဲ့က ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းအပြင် အလုပ်သမား ၃၀ ကျော် ပျောက်ဆုံးနေကြောင်းကိုလည်း အတည်ပြုပြောကြားခဲ့သည်။ **ဆင်ဟွာ။**

## တိုင်ဖုန်းမုန်တိုင်းများကို လေယာဉ်အသုံးပြုပြီး ခန့်မှန်းနိုင်ရန် ဂျပန်သုတေသီများ စမ်းသပ်မည်

**တိုကျို ဇွန် ၁၁**

တိုင်ဖုန်းမုန်တိုင်းများကို လေယာဉ်အသုံးပြုပြီး ကြိုတင်ခန့်မှန်းနိုင်ရန် ဂျပန်သုတေသီများက စမ်းသပ်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

လေယာဉ်အသုံးပြုပြီး မုန်တိုင်းခန့်မှန်းခြင်းသည် နှစ်(၃၀)အတွင်း ပထမဆုံးအကြိမ်တီထွင်စမ်းသပ်ခြင်းဖြစ်သည်။ နာဂိုရာတက္ကသိုလ်၊ ရာရူကျူစ်တက္ကသိုလ်နှင့် မိုးလေဝသနှင့် ဇလဗေဒသုတေသန အင်စတီကျုတို့မှ သုတေသီများက အဆိုပါလက်တွေ့စမ်းသပ်မှုကို ဆောင်ရွက်မည်ဖြစ်သည်။

ယခုအချိန်တွင် တိုင်ဖုန်းမုန်တိုင်းဖြစ်ပေါ်နိုင်သော လေတိုက်နှုန်းနှင့် ကမ္ဘာ့လေထုဖိအားများကို တိုင်းတာရာတွင် မိုးလေဝသဂြိုဟ်တုများကို အသုံးပြုပြီး တိမ်များ၏ အရွယ်အစားနှင့် တိမ်များ၏ပုံသဏ္ဌာန်များစသည့် အချက်အလက်များကို စုဆောင်းရသည်။

သို့သော် အားပြင်းသောတိုင်ဖုန်းမုန်တိုင်းများအတွက် ကြိုတင်မှန်းဆရာတွင် အခက်အခဲများစွာရှိသည်။ ယခုကဲ့သို့ လေယာဉ်အသုံးပြုပြီး မုန်တိုင်းခန့်မှန်းသည့်စနစ်သည် တိုင်ဖုန်းမုန်တိုင်းဖြစ်ပေါ်နိုင်ချေကို ယခင်ကထက် အချက်အလက်များပိုမိုစုဆောင်းပေးနိုင်သည်။ သုတေသနပြုမည့်လေယာဉ်တွင် လေတိုက်လမ်းကြောင်း၊ လေတိုက်နှုန်း၊ အပူချိန်နှင့် တိုင်ဖုန်းမုန်တိုင်းတစ်ခု စတင်ဖြစ်ပေါ်လာသည့် လမ်းကြောင်းတွင် ပင်လယ်ပြင်အထက် စိုထိုင်းမှုပမာဏကို ဖော်ပြပေးနိုင်သော ကိရိယာတစ်ခုတပ်ဆင်ထားမည်ဖြစ်သည်။

ယင်းအချက်အလက်များရယူကာ တိုင်ဖုန်းမုန်တိုင်း တိုက်ရိုက်တိုက်ခတ်နိုင်သည့်လမ်းကြောင်း၊ ပြင်းအားနှင့် ဆက်လက်ဖြစ်ပွားနိုင်သောအခြေအနေများကို ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်(တိုင်ပေ)များတွင် တိုင်ဖုန်းမုန်တိုင်းခန့်မှန်းရန် လေယာဉ်များအသုံးပြုကြသည်။

တိုင်ဖုန်းမုန်တိုင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်အတိအကျရရှိမှုသည် လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်ပေးနိုင်သည်ဟု နာဂိုရာတက္ကသိုလ် သုတေသီအဖွဲ့ခေါင်းဆောင် ပါမောက္ခ ကာဇူဟီဆာ ဆူဘိုကီက ဆိုသည်။

ယင်းလေ့လာစမ်းသပ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေမည့်အရာများကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



## တာလီဘန်အဖွဲ့ခေါင်းဆောင်သစ်ကို သစ္စာခံမည်ဟု အယ်လ်ခိုင်ဒါခေါင်းဆောင် ဇာဝါဟီရီပြောကြား

**ကိုင်ရို ဇွန် ၁၁**

အယ်လ်ခိုင်ဒါခေါင်းဆောင် အေမန်အယ်လ်ဇာဝါဟီရီက အမေရိကန်ဒရုန်းလေယာဉ်တိုက်ခိုက်မှုတွင် တာလီဘန်ခေါင်းဆောင်ဟောင်း မန်ဆူသေဆုံးခဲ့ပြီးနောက် ပြီးခဲ့သည့်လက ရွေးချယ်တင်မြှောက်ခြင်းခံရသော အာဖဂန်တာလီဘန်ခေါင်းဆောင်သစ် မော်လာဝီဟိုင်ဘာတူလအာခွန်ဇာဒါကို သစ္စာခံမည်ဟု အွန်လိုင်းပေါ်လွှင့်တင်ထားသည့်အသံသွင်း မက်ဆေ့ချ်တစ်ရပ်တွင် ကတိကဝတ်ပြုထားကြောင်း ယနေ့ထုတ် ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ဝါရင့်အစ္စလာမ္မစ်စစ်သွေးကြွတစ်ဦးဖြစ်သူ အေမန်ဇာဝါဟီရီသည် အမေရိကန်အထူးတပ်ဖွဲ့က ပါကစ္စတန်နိုင်ငံတွင် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကို ၂၀၁၁ ခုနှစ်က သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့ပြီး ယခုအခါ ၁၉၉၀ ပြည့်လွန်နှစ်များနှောင်းပိုင်းကတည်းက ၎င်းတို့အခြေချခဲ့ရာ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်ဒေသတွင် ပုန်းခိုလျက်ရှိမည်ဟု ယူဆရသည်။

အယ်လ်ခိုင်ဒါအုပ်စု၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် တာလီဘန်အဖွဲ့ကို သစ္စာခံရန် မိမိကတိပြုထားကြောင်း ဇာဝါဟီရီက ၁၄ မိနစ်ကြာ အသံသွင်းထားသည့် တိတ်ခွေထဲတွင် ပြောကြားသည်။ တာလီဘန်အုပ်စုသည် ၎င်းတို့အာဏာရရှိခဲ့ချိန် ၁၉၉၆မှ ၂၀၀၁ ခုနှစ်ကာလက အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အစ္စလာမ္မစ်ပြည်ထောင်စုအဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့ကြောင်းသိရသည်။ **ရိုက်တာ။**

## ဒမတ်စကတ်မြို့တော်တောင်ပိုင်း ရှီးယိုက်များနေထိုင်ရာဒေသတွင် ဗုံးအမြှာပေါက်ကွဲ၍ လူ ၁၂ ဦးထက် မနည်းသေဆုံး

**ဒမတ်စကတ် ဇွန် ၁၁**

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ် တောင်ပိုင်းရှိ ရှီးယိုက်မွတ်စလင်များ နေထိုင်ရာဒေသတွင် ဇွန် ၁၁ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးထက် မနည်းသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားစစ်ဘက်သတင်းရင်းမြစ်တစ်ခုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မြို့တော်ဒမတ်စကတ်တောင်ဘက် လူနေဒေသဖြစ်သည့် ဆေရီဒက်ရှ်ဇေနက်ဗ်တွင် ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ပထမဗုံးပေါက်ကွဲမှုမှာ ကားဗုံးဖြစ်ပြီး အယ်တင်လမ်းတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှု ဖြစ်ပွားစဉ်တွင်ပင် အသေခံဗုံးခွဲသမားတစ်ဦးက လုံခြုံရေးစစ်ဆေးသည့် စခန်းတစ်ခုအနီးတွင် ၎င်းကိုယ်၎င်း ဖောက်ခွဲပစ်လိုက်ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ ပထမပေါက်ကွဲမှုဖြစ်ပွားသော နေရာနှင့် ၁၀ မီတာ ကွာခြားကြောင်း အမည်ဖော်ပြခြင်းမရှိသည့် သတင်းပေးတစ်ဦးက ပြောကြားသည်။ ဆေရီဒက်ရှ်ဇေနက်ဗ်ဒေသသည် လအနည်းငယ်အတွင်းတွင် လူအသေအပျောက်များသော ဖြစ်ရပ်များဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်များကြောင့် သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရသူ ဦးရေမှာ ၁၀၀ ကျော် ရှိပြီဖြစ်သည်။ **ဆင်ဟွာ။**




## ၂၀၁၆ ခုနှစ် ယူရိုဖလား ဘောလုံးပြိုင်ပွဲကာလအတွင်း လုံခြုံရေးတင်းကျပ်

**ပါရီ ဇွန် ၁၁**

၂၀၁၆ ခုနှစ် ယူရိုဖလားဘောလုံးပြိုင်ပွဲကို ပြင်သစ်နိုင်ငံတွင် လုံခြုံရေးတင်းကျပ်စွာ ဖွင့်လှစ်ကျင်းပလိုက်ပြီဖြစ်ကြောင်း သိရသည်။ ယူရိုဖလားဘောလုံးပြိုင်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပသည့်အပြင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဥရောပ၏နာမည်အကြီးဆုံး အားကစားပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

၂၀၁၆ ခုနှစ်ယူရိုဖလားဘောလုံးပြိုင်ပွဲကို ကနဦးအဖွင့်ပွဲအနေဖြင့် ပြင်သစ်နှင့် ရိုမေးနီးယားအသင်းတို့ ဇွန် ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။ လွန်ခဲ့သောနိုဝင်ဘာလက လူပေါင်းများစွာသေဆုံးခဲ့ရသော ပါရီအကြမ်းဖက်မှုတွင် ပစ်မှတ်တစ်ခုအဖြစ်ပါဝင်ခဲ့သည့် အားကစားကွင်း၌ အဆိုပါပွဲကို ကျင်းပခဲ့သည်။

အဆိုပါဘောလုံးပွဲကျင်းပနေစဉ် လက်နက်ကိုင် လုံခြုံရေးအရာရှိများက အားကစားကွင်းပတ်ပတ်လည်တွင် ကင်းလှည့်နေခဲ့ကြပြီး လုံခြုံရေးဂိတ်များတွင် တင်းကျပ်စွာ အဝင်၊ အထွက် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ကြသည်။ လုံခြုံရေးတင်းကျပ်စွာချထားမှုကြောင့် ဘောလုံးပရိသတ်များ ဘေးကင်းစွာပွဲကြည့်နိုင်ခဲ့ကြောင်း ပြင်သစ်ပြည်သူတစ်ဦးက ဆိုသည်။

ပါရီမြို့လယ်ခေါင်ရှိ ဘောလုံးပရိသတ်ဇုန်တွင် လုံခြုံရေးကင်မရာ ၄၆ လုံးကို တပ်ဆင်ထားပြီး လုံခြုံရေးအရာရှိများက ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။ ဘောလုံးပြိုင်ပွဲကာလတစ်လျှောက် ဇူလိုင် ၁၀ ရက်ထိတိုင် ဘောလုံးပရိသတ် ၂ ဒသမ ၅ သန်းလာရောက်ကြည့်ရှုနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။ ၎င်းတို့အနက် ပရိသတ် ၈ သန်းသည် ဘောလုံးပရိသတ်ဇုန်များတွင် စုဝေးနေထိုင်ဖွယ်ရှိသည်။

ပြင်သစ်အစိုးရက စစ်သားတစ်သိန်းကျော်အပါအဝင် လုံခြုံရေးရဲအရာရှိများကို နိုင်ငံအနှံ့အပြားတွင် တပ်ဖြန့်ကာ ဇူလိုင်လကုန်ထိ လုံခြုံရေးတင်းကျပ်ထားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များကို ပထမအကြိမ်အဖြစ် ယာယီလိုင်စင်စတင်ထုတ်ပေး

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးရှိ ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များကို ပထမဆုံးအကြိမ်အဖြစ် ယာယီလိုင်စင်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် စတင်ထုတ်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သော်က ပြောသည်။

"ယာယီလိုင်စင်ထုတ်ပေးတယ်ဆိုတာက စနစ်တကျနဲ့ စည်းကမ်းရှိဖို့အတွက်ပါ။ ယာယီလိုင်စင်ရဲ့ သက်တမ်းက ၂၀၁၆ ဒီဇင်ဘာ ၃၁ ရက်အထိပါ။ အခုထုတ်ပေးတဲ့လိုင်စင်က ပိုက်ဆံပေးစရာမလိုပါဘူး။ အောက်တိုဘာ၊ နိုဝင်ဘာလောက်မှာ ကျွန်တော်တို့စနစ်တကျဖြစ်အောင် ကွင်းဆင်းပြီးစစ်မယ်။ စည်းကမ်းချက်နဲ့ကိုက်ညီမယ်ဆိုရင်တော့ လိုင်စင်ကိုထုတ်ပေးသွားမှာဖြစ်ပြီး အဲဒီအခါ လိုင်စင်ကြေးပေးရမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ရေနံဓာတ်ငွေ့ရည်မှာ သန့်ရှင်းသည့်ဓာတ်ငွေ့ဖြစ်သောကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့အထွက်နည်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သဖြင့် ယင်းဓာတ်ငွေ့အား ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေချင်သောကြောင့် ယခုကဲ့သို့ ယာယီလိုင်စင်ထုတ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ရေနံဓာတ်ငွေ့ရည်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး လိုင်စင်နှစ်မျိုးသာထုတ်ပေးခဲ့ရာမှ ယခုအခါ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုင်စင်ငါးခု ပြောင်းလဲတိုးချဲ့ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အရင် (က)နဲ့ (ခ)ဆိုတဲ့ လိုင်စင်ကိုပဲထုတ်ပေးတာပါ။ (က)နဲ့ (ခ)ကတော့ Import လုပ်လို့ရတယ်။ ကျန်တဲ့ (ဂ၊ ဃ၊ င) ကတော့ Import လုပ်လို့မရပါဘူး။ အခုတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရေနံဓာတ်ငွေ့ကို ပိုပြီးအသုံးပြုနိုင်ရေးရယ်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက်ရယ် ရည်ရွယ်ပြီး အရင်လိုင်စင်နှစ်ခုထုတ်ပေးရာကနေ အခု လိုင်စင်ငါးခုကို တိုးချဲ့ထုတ်ပေးတာဖြစ်ပါတယ်" ဟု ဦးမောင်မောင်သော်က ထပ်မံပြောသည်။

ယာယီလိုင်စင်ထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများတင်သွင်းရေး၊ သိုလှောင်ဝယ်ယူဖြန့်ဖြူးရေးဆပ်ကော်မတီမှ တိုင်းဒေသကြီးအစိုးရထံတင်ပြခဲ့ပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို လိုင်စင်ထုတ်ပေးပြီး စနစ်တကျလုပ်ပေးမယ်ဆိုရင် လုပ်ငန်းအသေးစားတွေအတွက် ဝမ်းသာရပါတယ်။ အရင်က လုပ်ငန်းလိုင်စင်ဖြစ်တဲ့စည်ပင်မှာပဲ လျှောက်ရတာပါ။ ရောင်းရတာလည်း တရားမဝင်ဘူး။ အခုလို တရားဝင်ရောင်းလို့ရအောင် သတ်မှတ်တော့ လွတ်လွတ်လပ်လပ်ရောင်းလို့ရမယ်။ ပြည်သူအတွက်လည်း အဆင်ပြေ၊ နိုင်ငံတော်အတွက်လည်း အခွန်တိုးပါတယ်" ဟု ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်တစ်ဆိုင်မှ ဦးအောင်နိုင်သန်းက ပြောသည်။

လိုင်စင်ထုတ်ပေးခြင်းကို တစ်နှစ်သက်တမ်းပေးထားကာ သက်တမ်းတိုးရက်ကျော်ပါက ရက်လွန်ကြေးအဖြစ် တစ်ရက်လျှင် လိုင်စင်ကြေး၏ တစ်ရာခိုင်နှုန်းဆောင်ရမည်ဖြစ်သည်။ ထုတ်ပေးထားသည့်လိုင်စင်ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်ပြန်လည်ရယူလိုပါက လိုင်စင်ကြေး၏ ၃၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သကဲ့သို့ လုပ်ငန်းလိုင်စင်ပြောင်းပါက ပိုင်ရှင်လွှဲပြောင်းကြေးအဖြစ် ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**(ရဲဝင်း)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကိုရီးယားစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာသို့ အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီလွှဲပြောင်းပေးထား

**စစ်ကိုင်း ဇွန် ၁၁**

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအဖွဲ့၏ ဆယ်မားအူးလ်အွန်ဒုန် (SAEMAUL UNDONE) စီမံကိန်းပထမနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် မေ ၂၃ ရက်မှစ၍ကျေးရွာတစ်ရွာလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီနှင့်ညီမျှသော မြန်မာကျပ်ငွေကို စီမံကိန်းဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကျေးရွာ ၁၀ ရွာသို့ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းဆောင်ရွက်မယ့် မြောင်၊ မြင်းမူ၊ ချောင်းဦးနဲ့ မင်းကင်းမြို့နယ်တွေမှာ ဖွင့်လှစ်ထားတဲ့ ဘဏ်စာရင်းကနေတစ်ဆင့် လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါတယ်။ စီမံကိန်းပထမနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ စီမံကိန်းကချမှတ်ထားတဲ့စည်းကမ်းတွေနဲ့အညီ စတင်ဆောင်ရွက်ရမယ့်နည်းလမ်းတွေ၊ ငွေသွင်းငွေထုတ်ပြုလုပ်ရမယ့်နည်းလမ်းတွေ ဆောင်ရွက်တတ်အောင် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ဦးခင်မောင်ညွန့်က ပြောပြသည်။

ဆယ်မားအူးလ်အွန်ဒုန် စံပြကျေးရွာတည်ထောင်ခြင်း စီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာပေါင်း ၁၀၀ ရွေးချယ်အတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မှ ဆူးလေကုန်းရွာ၊ ရွှေဒါးကျရွာ၊ ယာကြီးတောရွာ၊ ဘူတာရွာ၊ အင်းမရွာ၊ မြောင်မြို့နယ်မှ ကျားအိုရွာ၊ ကူးတို့ကုန်းရွာ၊ တမဆေးကန်ရွာ၊ မြင်းမူမြို့နယ်မှ ကံပြားရွာနှင့် မင်းကင်းမြို့နယ်မှ ကျောင်းအိုကျေးရွာတို့ကို ရွေးချယ်ထားကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများတိုးတက်စေရန်နှင့် မြို့ပြနှင့်ကျေးလက်အကြား ကွာဟချက်လျော့ကျစေရန် ရည်ရွယ်၍ စီမံကိန်းကို ၂၀၁၄ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်း၏အသေးစိတ်အကောင်အထည်ဖော်မှုအတွက် စီမံချက်ရေးဆွဲထားသလို ကွင်းဆင်း၍လည်း စစ်တမ်းများကောက်ယူ၍လေ့ကျင့်ပညာပေးခြင်းများကို တိုင်းဒေသကြီးအဆင့် စီမံကိန်းကော်မတီဝင်များ၊ မြို့နယ်အဆင့်စီမံကိန်းကော်မတီဝင်များအနေဖြင့် ကျေးရွာလူထု၏စနစ်တကျပူးပေါင်းပါဝင်မှုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆယ်မားအူးလ်အွန်ဒုန် စံပြကျေးရွာရွေးချယ်ရာတွင် ရွေးချယ်ထားသောကျေးရွာများသည် အနာဂတ်ကာလတွင် စိုက်ပျိုးမြေနှင့်စိုက်ပျိုးရေလုံလောက်စွာရရှိသည့် အလားအလာကောင်းရှိရမည်ဖြစ်သလို ကျေးရွာအုပ်စုကို မရွေးချယ်ဘဲ ကျေးရွာကိုသာရွေးချယ်သောစီမံကိန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျေးရွာ၏တည်နေရာသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့တော်များ၏အနီးဝန်းကျင်တွင်ရှိရမည်ဖြစ်သလို ကျေးရွာသည် အနည်းဆုံးအိမ်ထောင်စု ၁၀၀ မှ ၂၀၀ အတွင်း ရှိရန်ဖြစ်ပြီး အိမ်ထောင်စုအရေအတွက် အများဆုံး ၃၀၀ရှိသောရွာကို ရွေးချယ်ခြင်းဖြစ်ကာ အဓိကမှာ ရွေးချယ်မည့်ကျေးရွာ ဒေသခံများသည် စီမံကိန်းတွင်တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်သူများရှိသည့်ကျေးရွာကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဂျပန်နိုင်ငံအကူအညီဖြင့် စိုက်ပျိုးရေးထွက်ကုန် ရှစ်မျိုး တန်ဖိုးမြှင့်တင်ခြင်းရှေ့ပြေးဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၁**

ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် မြန်မာ့စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန် ရှစ်မျိုးကို သီးနှံတန်ဖိုးကွင်းဆက်အတွက် ရှေ့ပြေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ပြည်ပတင်ပို့နိုင်ရန် အလားအလာရှိသော ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် စက်မှုကုန်ကြမ်းသီးနှံ၊ ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်းစသည့် အမျိုးအစားရှစ်ခုကို သီးနှံတန်ဖိုးမြှင့်ကွင်းဆက် (value chain) အဖြစ် ရှေ့ပြေးဆောင်ရွက်ရန် ဂျပန်နိုင်ငံနှင့် သဘောတူညီထားခြင်းဖြစ်သည်။

"ဒီရှေ့ပြေးစီမံချက်ရေးဆွဲပြီးရင် ဆွဲထားတဲ့ လုပ်ငန်းစဉ်ဦးစားပေးအလိုက် အကောင်အထည်ဖော်သွားမှာပါ"ဟု လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောသည်။

လက်ရှိတွင် သီးနှံတန်ဖိုးမြှင့်တင်ရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့်ပတ်သက်သော နည်းပညာသင်တန်းကျောင်းတစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီး ထုံးဘိုမြို့နယ်၌ တည်ဆောက်ထားပြီး ရိတ်သိမ်းချိန်လွန်နည်းပညာနှင့်ပတ်သက်ပြီး သုတေသနဌာန ပြုလုပ်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာနှင့်ပတ်သက်ပြီး တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ဟမ်းဆီးမြို့နယ်မှ တောင်သူ ကိုစိုးမြင့်က "ကျွန်တော်တို့ဘက်မှာ ပဲပုပ်ဆိုရင် မိုးပဲပုပ်၊နွေပဲပုပ်ရှိတယ်။ မိုးပဲပုပ်က ရိတ်တဲ့အချိန်ဆို ရေစိုတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြောက်ခံတဲ့နည်းပညာတွေလည်းလိုတယ်"ဟု ပြောသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာတွင် သီးနှံအခြောက်ခံခြင်း၊ ထုပ်ပိုးခြင်းအဆင့်တို့ပါဝင်ပြီး သီးနှံတန်ဖိုးမြှင့်တင်ခြင်းနှင့် ဆက်စပ်နေကြောင်း သိရသည်။

**ကေဖူး(AMIA)**

# တိုက်ပွဲရှောင်(၅)နှစ်ပြည့် ဝတ်ပြုဆုတောင်း

**မြစ်ကြီးနား ဇွန် ၁၁**

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများ၏ (၅)နှစ်ပြည့် ဝတ်ပြုဆုတောင်းပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း၌ ကျင်းပခဲ့သည်။

ဆုတောင်းပွဲကို အောင်နန်းစိန့်ကိုလံဘန်ဘုရားကျောင်းမှ သိက္ခာတော်ရ ပီတာခါးအောင်တူးက အဖွင့်ဆုတောင်းပေးကာ နှစ်မိနစ်ခန့် ငြိမ်သက်၍ ဆုတောင်းခဲ့ကြသည်။ တက်ရောက်လာကြသည့် တိုက်ပွဲရှောင်မိသားစုဝင်များကိုယ်စား သင်းထောက်ဆရာ လဘန်ဂမ်အောင်က တိုက်ပွဲရှောင်မိသားစုဝင်များ၏ ခံစားချက်များပြောကြားရာ တက်ရောက်လာကြသည့် တိုက်ပွဲရှောင်မိသားစုဝင်များက ၎င်းတို့ကိုင်ဆောင်ထားသည့် ဆိုင်းဘုတ်များပေါ်တွင် ရေးသားထားသော "အိမ်ပြန်ချင်ပြီ၊ စစ်ပွဲတွေအမြန်ရပ်ပေးပါ၊ မိုင်းတွေကြောက်တယ်၊ ငြိမ်းချမ်းချင်ပြီ" စာသားများကို သုံးကြိမ်ကြွေးကြော်သည်။



ယင်းနောက် ကချင်နှစ်ခြင်းအသင်းတော်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွမ်က တရားဒေသနာဟောကြားပြီး ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ'ဘာကြောင့်စစ်ဖြစ်လို့ ခံစားကြတာလဲ' တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဟူးမန်းရိုက် အင်စတီကျူတာဝန်ခံ ဦးအင်ဝက်မုန်ဒန်နှင့် ထွယ်ဖောင်ဒေးရှင်းမှ ဒေါ်နန်ဘူတို့အဖွဲ့က တိုက်ပွဲရှောင်ပြည်သူများအတွက် ဥပဒေစကားဝိုင်းဖွဲ့ဖြင့် တင်ဆက်ကြသည်။

ထို့နောက် တေးသံရှင် အဘားဒီးနှင့် ဝါသနာရှင် ကချင်အဆိုတော်များ၊ တိုက်ပွဲရှောင်မိသားစုဝင်များမှ တေးသီချင်းများဖြင့် တေးသရုပ်ဖော်ကပြကြကာ ဝိုင်းမော်နှစ်ခြင်းကျောင်းမှ သိက္ခာတော်ရ ဂျပ်ဇာန်ဂရုန်းခေါန်က အပိတ်ဆုတောင်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**



# မြန်မာနိုင်ငံ၏ စီးပွားရေးအရှိန်မြှင့်တင်နိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ

**ကျော်စိုးလင်း**

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနဲ့ မြန်မာနိုင်ငံ ပြန်လည်ချိတ်ဆက်နိုင်ခြင်းက အထင်ကရအခွင့်အလမ်းတစ်ခုကို ပေါ်ပေါက်လာစေပါတယ်။ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချနိုင်ပြီး တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ပြည်သူပြည်သားတွေအားလုံး အတူတကွ မျှဝေခံစားနိုင်ပြီး လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အရှိန်အဟုန်ကို မြှင့်တင်ပေးရာမှာ အထောက်အကူဖြစ်စေနိုင်မယ့် ပြည်တွင်းပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။

တစ်ချိန်က အားကောင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးစွန့်ဦးတီထွင်ဆန်းသစ်မှုနဲ့ ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတစ်လျှောက်မှာတော့ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနဲ့ အဆက်ပြတ်သွားတာတွေ၊ စီးပွားရေးလုပ်ငန်းတွေအပေါ် ကန့်သတ်ချုပ်ချယ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး နောက်ကျ ကျန်နေခဲ့ရတယ်။ ထို့အပြင် ဥပမာအားဖြင့် တိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကို ထုတ်ယူရောင်းချတဲ့ လုပ်ငန်းတွေလိုမျိုး ဈေးကွက်နဲ့ကုန်ပစ္စည်းတွေအချို့ ခြယ်လှယ်လုပ်ပိုင်ခွင့်ကို အစိုးရနဲ့နီးစပ်သူ လူတစ်စုသာလျှင် အသာစီးရရှိနေတဲ့ ခရိုနီဈေးကွက်စီးပွားရေးကို အားပေးတဲ့စနစ်တွေကြောင့် အခြေအနေပိုမိုဆိုးရွားခဲ့ရတယ်။ အဆိုပါ အမွေဆိုးတွေရဲ့ အကျိုးဆက်ကြောင့် ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဟာ အစိုးရရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ရှုပ်ထွေးများပြားတာတွေ၊ လုပ်ငန်းလည်ပတ်မှု စရိတ်စကကြီးမြင့်မှု စတာတွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် အခြားပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းမှာ နောက်ကောက်ကျနေပြီး လုပ်ငန်းတိုးတက်အောင်မြင်ဖို့ အလားအလာကို ကန့်သတ်ထားသလို ဖြစ်နေရပါတယ်။

၂၀၁၁ ခုနှစ်ကစပြီး မြန်မာနိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာဈေးကွက်နဲ့ ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပါတယ်။ စီးပွားရေးအရ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှု အချို့လည်း ရုပ်သိမ်းသွားခဲ့တာကြောင့် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် တိုင်းပြည်ရဲ့စီးပွားရေးက အရှိန်အဟုန်နဲ့ လမ်းပွင့်လာခဲ့ပါတယ်။ ၂၀၁၁ နှင့် ၂၀၁၄ ခုနှစ်အတွင်းမှာ သွင်းကုန်၊ထုတ်ကုန်လုပ်ငန်းတွေက နှစ်စဉ် ၁၁ ရာခိုင်နှုန်း တိုးတက်လာသလို ခွင့်ပြုပေးခဲ့တဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကလည်း နှစ်စဉ် ၉၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ဒီကဏ္ဍနှစ်ခုစလုံးဟာ အလွန်နည်းပါးတဲ့ အောက်ခြေအဆင့်ကနေ စတက်လာခြင်းဖြစ်ပါတယ်။ ကမ္ဘာအနှံ့အပြားက အဝတ်အထည်လုပ်ငန်းတွေကလည်း မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းကနေ ပစ္စည်းတွေကို ပိုမိုဝယ်ယူလာကြတဲ့အတွက် လုပ်သားအင်အား အမြောက်အမြားလိုအပ်တဲ့ အထည်ချုပ်လုပ်ငန်းတွေ တိုးတက်ချဲ့ထွင်နိုင်ဖို့ အခွင့်အလမ်းတွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ ထို့အပြင် တယ်လီဖုန်း ဆက်သွယ်ရေးဈေးကွက် ဖြေလျှော့မှုပေးရာမှာ အောင်မြင်မှုတွေရရှိခဲ့ပြီး သာမန်ပြည်သူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ဖုန်းပြောဆိုခြင်း၊ စာပေးပို့ဆက်သွယ်ခြင်းနဲ့ အင်တာနက် အသုံးပြုခြင်းအတွက် အဖိုးအခတွေ သိသိသာသာကျဆင်းစေခဲ့ပါတယ်။

နှစ်ပေါင်းများစွာ ခက်ခဲတင်းကျပ်တဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက်မှာတော့ ယခုအခါ ပေါ်ပေါက်လာနေတဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကနေ မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေဟာ စိတ်ဓာတ်ခွန်အားတွေရယူပြီး အနာဂတ်အတွက် မျှော်လင့်ချက်တွေ ရှိနေကြပါတယ်။ အခက်အခဲတွေလို့ ဆိုနိုင်တဲ့ ရှုပ်ထွေးခက်ခဲတဲ့ ဌာနဆိုင်ရာရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းတွေ၊ နည်းပညာအားနည်းချက်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ စိတ်အားထက်သန်နေကြပါတယ်။

“ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေပါပြီ။ လုပ်ငန်းတွေ ချောမွေ့မြန်ဆန်လာဖို့တော့ လိုနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ မျှော်လင့်ချက်တွေ ရှိနေပါတယ်” လို့ ၂၀၁၂ ခုနှစ်မှာ စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ခဲ့တဲ့ ရန်ကုန်မြို့နေ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။

အကောက်ခွန်ဌာနမှာ နည်းပညာ စက်ကိရိယာတွေ ခေတ်မမီတာကြောင့် သွင်းကုန်လိုင်စင် လုပ်ရာမှာ ကြန့်ကြာစေတာတွေ၊ ရှုပ်ထွေးတဲ့စနစ်တွေ ပါဝင်တဲ့ ငွေပေး၊ ငွေချေ ဆောင်ရွက်မှုတွေကြောင့် ကုန်ပစ္စည်းတွေ သင်္ဘောတင်ပို့ရာမှာ အခက်အခဲဖြစ်စေတာတွေ စတဲ့ နေ့စဉ်လိုလို ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို အဆိုပါ လုပ်ငန်းရှင်က ပြောပြပါတယ်။ သူကတော့ အရှုံးမပေးသေးပါ။ ဒီအရာတွေအားလုံး ပြောင်းလဲတိုးတက်တဲ့နေ့ရောက်တဲ့အထိ သူအလုပ်ဆက်လုပ်နေဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ သူ့လုပ်ငန်းတွေ အလားအလာကောင်းလာမယ်လို့ သူယုံကြည်နေလို့ ဖြစ်ပါတယ်။

**ဘာတွေပိုပြီးလုပ်ပေးနိုင်မလဲ။**

**ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တွက်ဆနိုင်စေရန် ဆောင်ရွက်ခြင်း။**

စီးပွားရေးလုပ်ငန်းတွေအားလုံး မျှမျှတတယှဉ်ပြိုင်လုပ်ကိုင်နိုင်တဲ့ အခြေအနေတစ်ရပ် ပေါ်ပေါက်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အရှိန်ရစ ပုဂ္ဂလိကကဏ္ဍဟာ ပေါ်ထွက်လာတဲ့ အခွင့်အရေးတွေကို ရယူအသုံးချနိုင်မှာဖြစ်တယ်။ သက်ဆိုင်သူတွေဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍက လုပ်ငန်းရှင်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ အစိုးရတို့ အနီးကပ် ဆွေးနွေးတိုင်ပင်ပြင်ဆင်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့တယ်။ ထိုအချက်က ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုတွေကို တည်ဆောက်နိုင်ဖို့ အထောက်အကူပြုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် အကာအကွယ်ပေးထားတာတွေနဲ့ အစိုးရကကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်မယ့် အပိုင်းတွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ထားနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေကို အတည်ပြုနိုင်ခဲ့တဲ့အတွက်လည်း စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေရဲ့ ကိစ္စတွေကို စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းနဲ့ စာရင်းစစ်ခြင်းဆိုင်ရာ လိုအပ်ချက်တွေ၊ အရင်းအနှီးတွေ မျှဝေခြင်းနဲ့ အရင်းအနှီးတိုးပွားအောင် ဆောင်ရွက်ခြင်း၊ ဒါရိုက်တာတွေရဲ့ တာဝန်တွေနဲ့ သက်ဆိုင်တဲ့ အဓိကဥပဒေတွေကို စမ်းသပ်စစ်ဆေးပြီး ခေတ်မီနည်းလမ်းတွေကို အသုံးပြု ဖြေရှင်းဆောင်ရွက်နိုင်ဖို့ အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

**တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ။**

တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍကို ဖြေလျှော့မှုပေးခဲ့တဲ့အတွက် နောက်ထပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပေးနိုင်ခဲ့ပါတယ်။ အင်တာနက်ကို လူတိုင်းလွယ်လွယ်ကူကူ အသုံးပြုလာနိုင်ပြီး လူပုဂ္ဂိုလ်နဲ့ စီးပွားရေးလုပ်ငန်းတွေ အချင်းချင်းအကြား ပိုမိုဆက်သွယ်နိုင်စေခဲ့ပါတယ်။ သုံးစွဲသူတွေအတွက် ရွေးချယ်စရာတွေ တိုးလာပြီး ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အပြောင်းအလဲအတွက် လူမှုအသိုင်းအဝိုင်းစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်လာပါတယ်။ နောက်အဆင့်တွေမှာ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ Master Plan၊ အီလက်ထရွန်နစ်အစိုးရ Master Plan များကို ရေးဆွဲအကောင်အထည်ဖော်သွားဖို့နဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာနိုင်ငံအနေနဲ့ ခုန်ပျံကျော်လွှားပြီး တိုးတက်သွားစေဖို့အတွက် ကြီးကြပ်ကွပ်ကဲမှုဆောင်ရွက်တဲ့ ဌာနအနေနဲ့ အမှီအခိုကင်းပြီး လွတ်လပ်မှုရှိတဲ့ဌာနတစ်ခု ဖြစ်လာဖို့ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြည်ပနဲ့ကုန်ပစ္စည်းတွေ ကူးသန်းရောင်းဝယ်ရာမှာ ရှင်းလင်းဆောင်ရွက်မှုတွေ မြန်ဆန်လာအောင် ကုန်သွယ်ရေးနဲ့ ဆက်စပ်တဲ့ အစိုးရဌာနတွေမှာ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာတွေကို အသုံးပြုလာနိုင်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ကမ္ဘာ့ဘဏ်အုပ်စုရဲ့ လေ့လာချက်တစ်ရပ်အရ အဆိုပါ လုပ်ဆောင်ချက်တွေက ကုန်ပစ္စည်းတန်ဖိုးမှာ ကုန်သွယ်မှုကုန်ကျစရိတ်ကို သုည ဒသမ ၆ ရာခိုင်နှုန်းကနေ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မယ်လို့ ဆိုထားပါတယ်။

**ဆိပ်ကမ်းတွေမှာ ကုန်စည်စီးဆင်းမှုနဲ့ ကုန်သွယ်မှုတွေ တိုးတက်ကောင်းမွန်ပြီး လွယ်ကူမြန်ဆန်လာဖို့ ရင်းနှီးမြှုပ်နှံခြင်း။**

မြန်မာနိုင်ငံဟာ ၎င်းရဲ့အိမ်နီးချင်း နိုင်ငံတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး ပထဝီအနေအထားအရ အဓိကကျတဲ့ နေရာဒေသမှာ ရှိနေခြင်းနဲ့ ကိုယ့်ရဲ့အားသာချက်တွေကို အသုံးချပြီး တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိအနေအထားမှာ မြန်မာနိုင်ငံဟာ ကုန်စည်စီးဆင်းရေး ဆောင်ရွက်ချက်အညွှန်းကိန်းမှာ အာဆီယံနိုင်ငံတွေအနက် နောက်ဆုံးနေရာမှာ ရှိနေပါတယ်။ ရန်ကုန်မြို့က ဆိပ်ကမ်းတွေဟာ နေရာကျဉ်းမြောင်းခြင်း၊ ကုန်ပစ္စည်းများ ရှင်းလင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တွေ အချိန်ကြာမြင့်ခြင်း၊ ဆိပ်ကမ်းမှာ ကုန်သေတ္တာတွေ အချိန်ကြာကြာထားနိုင်အောင် ကုန်သည်တွေကို အားပေးတဲ့ စည်းမျဉ်းတွေရှိနေခြင်းစတာတွေကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မြစ်အတွင်း ဒီရေအတက်အကျကို ခန့်မှန်းနိုင်တဲ့ စနစ်နဲ့ ညအချိန်အတွက် မြစ်ကြောင်းသွားလာရေး အချက်ပြစနစ်တွေ အားမကောင်းတာကြောင့် ကုန်သင်္ဘောတွေ မြစ်အတွင်းသွားလာဖို့ အခက်အခဲကြုံနေရပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးတိုးတက်နှုန်း အမြင့်ဆုံးနဲ့ ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်းကျော်ရဲ့ ဈေးကွက်တွေရှိနေတဲ့ နိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်။ ကုန်စည်စီးဆင်းရေးမှာ အကန့်အသတ် အတားအဆီးဖြစ်နေတဲ့ အချက်တွေကိုဖယ်ရှားနိုင်ပြီး ဆိပ်ကမ်းတွေ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ပေးမယ်ဆိုရင် ပုဂ္ဂလိကကဏ္ဍရဲ့တိုးတက်မယ့် အလားအလာတွေကို ဖော်ဆောင်နိုင်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာပါလိမ့်မယ်။

**စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတူတကွ ပူးပေါင်းဆွေးနွေးတိုင်ပင်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း။**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အစီအမံတွေမှာ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဆီမှ အကြံဉာဏ်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းဖြင့် အစိုးရရဲ့ခိုင်မာတဲ့ ကတိကဝတ်ကို ပြသနိုင်ပါတယ်။ အဲဒီ ကတိကဝတ်ကတော့ အစိုးရက စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ဖို့ ဥပဒေကြီးကြပ်ကွပ်ကဲမှုတွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ မြန်မာစီးပွားရေးဖိုရမ် (Myanmar Business Forum) ကဲ့သို့ အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍအကြား မူဝါဒတွေစတင်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်အကြား ယုံကြည်မှုရလာအောင် ကူညီပေးနိုင်ပါတယ်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံရဲ့ ဒွိုင်မွိုင် စီးပွားရေးပြုပြင်ပြောင်းလဲရေးမူဝါဒဟာ ထိပ်ပိုင်းအစိုးရခေါင်းဆောင်များနဲ့ ပုဂ္ဂလိကကဏ္ဍကို အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွေကို ဖြစ်ပေါ်လာဖို့ အစိုးရနဲ့ပုဂ္ဂလိကဆွေးနွေးပွဲတစ်ခုဖြစ်သည့် ဗီယက်နမ်စီးပွားရေးဖိုရမ် (Vietnam Business Forum) မှာ ဆွေးနွေးကြပါတယ်။ အလားတူ မလေးရှားနိုင်ငံက စီးပွားရေးပြောင်းလဲမှုတွေကို ဆက်လက်လုပ်ဆောင်နိုင်ဖို့နဲ့ ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအတွက် ထိပ်ပိုင်းအစိုးရဝန်ကြီးတွေပါဝင်တဲ့ PEMUDAH အဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။

စိန်ခေါ်မှုတွေ အများကြီးရှိနေပေမယ့်လည်း မြန်မာနိုင်ငံဟာ ၎င်းနဲ့ အလားတူ တိုင်းပြည်တွေလိုပဲ အသွင်ပြောင်းလဲခြင်း ဆောင်ရွက်ခြင်းမှာ အောင်မြင်နိုင်ပါတယ်။ တိုင်းပြည်ရဲ့အားကောင်းတဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေ၊ ပထဝီအနေအထားအရ အားသာချက်ရှိခြင်းနဲ့ တိုင်းသူပြည်သားတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကနေ အသုံးချပြီး တိုးတက်ပြောင်းလဲအောင်ဆောင်ရွက်နိုင်မှာအသေအချာပါပဲ။

မြန်မာနိုင်ငံဟာ ပဋိပက္ခတွေဖြစ်ပွားခဲ့တဲ့ သမိုင်းကြောင်းရှိနေတာကြောင့် ပုဂ္ဂလိကကဏ္ဍကို အောင်အောင်မြင်မြင် ချဲ့ထွင်နိုင်ဖို့နဲ့ စီးပွားရေးလမ်းကြောင်းတွေကို ဒီထက် ဖွင့်လှစ်ဖို့ဆိုရင် ဒေသခံပြည်သူတွေ၊ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားခဲ့တဲ့ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ ဒေသခံတွေနဲ့ တိုင်ပင်ဆွေးနွေးမှုတွေ၊ အကြံဉာဏ်ရယူတာတွေလုပ်ဖို့ လိုအပ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေရဲ့ ပူးပေါင်းမှု၊ ပါဝင်မှုတွေကို ထည့်သွင်းနိုင်မှသာလျှင် စီးပွားရေးအသွင်ပြောင်းမှုတွေက လက်ရှိသွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

အထက်မှာ ဆွေးနွေးခဲ့တာတွေ အားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ဆိုတာကတော့ အလွန်များပြားလှပါတယ်။ ဒါပေမယ့် ခိုင်မာတဲ့ ခေါင်းဆောင်မှု၊ အစိုးရ၊ ပုဂ္ဂလိကအကြား ဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် လုပ်ဆောင်နိုင်ပါလိမ့်မယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ အောင်မြင်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍဟာ အားကောင်းလာမှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ မြင့်မားလာမယ်၊ ဆင်းရဲနွမ်းပါးမှုတွေလည်း လျော့ကျသွားမယ်။ ဒါဆိုရင် မြန်မာနိုင်ငံဟာ ငြိမ်းချမ်း၊ ကြွယ်ဝပြီး အလုံးစုံ ဖွံ့ဖြိုးရေးကိုရှေးရှုတဲ့ တိုင်းပြည်တစ်ခုဖြစ်လာပါလိမ့်မယ်။ ။

**တစ်ချိန်က အားကောင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးစွန့်ဦးတီထွင်ဆန်းသစ်မှုနဲ့ ပြည်တွင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလ တစ်လျှောက်မှာတော့ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနဲ့ အဆက်ပြတ်သွားတာတွေ၊ စီးပွားရေး လုပ်ငန်းတွေအပေါ် ကန့်သတ်ချုပ်ချယ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး နောက်ကျကျန်နေခဲ့ရတယ်။ ထို့အပြင် ဥပမာအားဖြင့် တိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကို ထုတ်ယူရောင်းချတဲ့ လုပ်ငန်းတွေလိုမျိုး ဈေးကွက်နဲ့ကုန်ပစ္စည်းတွေအချို့ ခြယ်လှယ်လုပ်ပိုင်ခွင့်ကို အစိုးရနဲ့နီးစပ်သူ လူတစ်စုသာလျှင် အသာစီးရရှိနေတဲ့ ခရိုနီဈေးကွက်စီးပွားရေးကို အားပေးတဲ့စနစ်တွေကြောင့် အခြေအနေပိုမိုဆိုးရွားခဲ့ရတယ်။**

*(Sjamsu Rahardja နှင့် Charles Schneider တို့၏ ရေးသားချက်များကို သင့်လျော်သလိုဘာသာပြန်ဆိုဖော်ပြထားခြင်း ဖြစ်ပါသည်။ Sjamsu Rahardja သည် ကမ္ဘာ့ဘဏ်၏ အကြီးတန်းစီးပွားရေးပညာရှင်ဖြစ်ပြီး Charles Schneider မှာ International Finance Corporation ၏ အကြီးတန်းအော်ပရေးရှင်းအရာရှိတစ်ဦးဖြစ်သည်။)*

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကျောင်းသားများမှ ဆရာ ဆရာမများအပေါ် အကဲဖြတ်ခြင်းမှသည်

**မေရု**

လတ်တလောကာလတွင် ကျောင်းသားများက ဆရာ ဆရာမများအပေါ် အကဲဖြတ်မှုအပေါ် ဝေဖန်သံများ ကျယ်လောင်စွာထွက်ပေါ်လျက်ရှိပါသည်။ သဘောတူ လက်ခံခြင်း၊ လက်မခံခြင်းများရှိသည်။ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် မိမိအနေဖြင့် သဘောတူလက်ခံပါသည်။ သို့သော် ထိုသို့အကဲဖြတ်ရာတွင် စနစ်ကျဖို့လိုပါသည်။ ကျောင်းသားက ဆရာကိုပြန်အကဲဖြတ်ရမည်ဟုဆိုရာတွင် ရုတ်တရက်စဉ်းစားလျှင် တစ်မျိုးဖြစ်သော်လည်း အမှန်တကယ် စနစ်တကျလုပ်မည်ဆိုပါက အမှန်တကယ်ကောင်းမွန်လှပါသည်။

၁။ အကဲဖြတ်မည့်ကျောင်းသား ကျောင်းသူများကိုယ်တိုင် မိမိကိုယ်ကို အကဲဖြတ်သောစနစ်ဖြင့် အကျွမ်းတဝင်ဖြစ်ရမည်။ စာသင်ချိန်တစ်ချိန်ပြီးတိုင်း (ငယ်စဉ်ကပင်) ထိုစာသင်ခန်းစာနှင့်ပတ်သက်၍ ကိုယ်တိုင်နားလည်မှုရှိ၊မရှိ မိမိကိုယ်တိုင် ဝေဖန်သုံးသပ်နိုင်စွမ်းရှိရပါမည်။ စာသင်ချိန် အချိန်တိုင်း ကိုယ့်ကိုယ်ကိုယ်ပြန်လည်သုံးသပ်ရမည်ဖြစ်သကဲ့သို့ သင်လိုက်သော ဆရာ ဆရာမ၏ သင်ကြားခြင်းကို နားလည်မှု ရှိ၊ မရှိ သုံးသပ်ရပါမည်။ တစ်ပတ်ကို စာသင်ချိန်လေးချိန်ရှိလျှင် တစ်လလျှင် စာသင်ချိန် ၁၆ ချိန်အတွင်း သင်လိုက်သော သင်ခန်းစာများအပေါ် မည်မျှနားလည်လိုက်သည်၊ နားမလည်လိုက်သည်ကို စာရင်းမှတ်ထားရှိခြင်းအားဖြင့် နှစ်ဝက်ဆုံးတွင်လည်းကောင်း၊ နှစ်တစ်နှစ်အဆုံးတွင်လည်းကောင်း သင်ခန်းစာအပေါ် ဆရာ ဆရာမ၏ သင်ကြားခြင်းအရ မည်မျှနားလည်သွားသည်ကို သုံးသပ်အကဲဖြတ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်အကဲဖြတ်မည့် ကျောင်းသား ကျောင်းသူများသည် အတန်းမှန်မှန်တက်ရမည်ဖြစ်သည်။ သို့မှသာ သူတို့အား သင်ကြားပြသသောဆရာ ဆရာမ၏ သင်ကြားမှုအပေါ် ပြန်လည်သုံးသပ်အကဲဖြတ်နိုင်မည်ဖြစ်ပါသည်။

၂။ သင်ကြားသော ဆရာ ဆရာမများအနေဖြင့် သူတို့၏ သင်ကြားခြင်းကို ဂရုစိုက်ပြင်ဆင်ရမည်ဖြစ်သဖြင့် စာသင်ချိန်အားနေချိန်အတွင်း အပိုအလုပ်ကိစ္စများ မလုပ်နိုင်တော့ပေ။ ကလေးများနားလည်သဘောပေါက်စေရန် သင်ကြားနည်းစနစ်ကို သေချာပြင်ဆင်သင်ကြားရမည်ဖြစ်သဖြင့် လိုအပ်သော Teaching Aids များကို အစိုးရက ကူညီထောက်ပံ့ပေးရပါမည်။ စာသင်ချိန်တစ်ချိန်အတွက် ပြင်ဆင်လျှင် အသက်သာဆုံးစာရွက်စာတမ်းများနှင့်ပင်ဆိုလျှင် အနည်းဆုံးကုန်ကျစရိတ် ငါးထောင်ကျပ်ခန့် ရှိပါသည်။ ဘာသာရပ်အရ အကောင်းဆုံးဖြစ်စေဖို့ သင်ကြားမည်ဆိုလျှင် သောင်းဂဏန်းအထိရှိပါသည်။ ပရိုဂျက်တာ၊ ကွန်ပျူတာများအသုံးပြု၍ သင်ကြားခွင့်ရမည်ဆိုပါက ပိုမိုထိရောက်စွာသင်ကြားနိုင်မည်ဖြစ်ပါသည်။

ထိုသို့ကုန်ကျစရိတ်များအပေါ် အစိုးရမှတာဝန်ယူဆောင်ရွက်ပေးရပါမည်။

၃။ စာသင်ကြားရာတွင် ကျောင်းသား ၅၀၊ ၁၀၀ နီးပါးကို ဆရာမတစ်ယောက်တည်းသင်ရသည်မှာလည်း မလွယ်ကူလှပေ။ စာသင်ခန်းတစ်ခန်းအတွင်း ကလေး ၃၀ လောက်သာလျှင် ထိရောက်သော သင်ကြားမှုပုံစံ ဖြစ်နိုင်ပါသည်။ ထို့အပြင် စာသင်ခန်းသည်လည်း အလင်းရောင်ကောင်းမွန်စွာရ၍ သပ်ရပ်သန့်ရှင်းနေသော စာသင်ခန်းပုံစံဖြစ်နေရပါမည်။ ပူလောင်အိုက်စပ်နေသော အခန်းကျဉ်းအတွင်း ကျောင်းသား ၅၀ ကို အော်ဟစ်သင်ကြားရသော ဆရာ ဆရာမများအနေဖြင့် မလွယ်လှသလို သင်ယူရသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မသက်သာလှပေ။ ထို့အပြင် အုပ်စုဖွဲ့သင်ကြားဆွေးနွေးရာတွင် ဆူညံသံများဖြစ်ပေါ်နိုင်ပါသည်။ ထိုအသံများသည် တစ်ဖက်စာသင်ခန်းကို အနှောင့်အယှက်ဖြစ်နိုင်သဖြင့် စာသင်ခန်းသည် အသံလုံအခန်းဖြစ်လျှင် ပို၍သင့်တော်ပါသည်။

ထိုသို့ စာသင်ခန်းများဖြစ်ပေါ်လာစေရန် ထောက်ပံ့ကူညီပံ့ပိုးမှုများလိုအပ်ပါသည်။

၄။ သင်ခန်းစာများကို တစ်ချိန်ချင်းအကဲဖြတ်မှုအရ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ကိုအမှန်တကယ်နားလည်စေရန် သင်ကြားရမည်ဖြစ်သလို စာမေးပွဲအောင်မြင်စေရန်အတွက်လည်း သင်ကြားပေးရမည် ဖြစ်ပါသည်။ လပိုင်းမာတိကာအရ ပြီးအောင်လည်းသင်၊ နားမလည်သည်ကိုလည်း ပြန်သင်ရမည်ဖြစ်သဖြင့် လပိုင်းမာတိကာအရ သင်ရိုးရေးဆွဲထားခြင်းသည်လည်း အခက်အခဲဖြစ်စေနိုင်ပါသည်။ ထို့အပြင် စာမေးပွဲအတွက် ဘာသာရပ်ကိုပြီးအောင် ဦးတည်သင်ကြားရသည်မှာလည်း သင်ခန်းစာအပေါ် အမှန်တကယ်တတ်မြောက်အောင် သင်ကြားရမှုအပေါ် များစွာအနှောင့်အယှက်ဖြစ်စေပါသည်။

၅။ စာသင်သော ဆရာ ဆရာမများတွင်သာမက သင်ယူသောကျောင်းသား ကျောင်းသူများအတွက် သင်ယူသော ပတ်ဝန်းကျင်သည် ပျော်ရွှင်စိတ်ချမ်းသာသော ပတ်ဝန်းကျင်ဖြစ်နေရပါမည်။ ထို့အတူ သင်ကြားသောဆရာ ဆရာမများအတွက် နောက်ကြောင်းအေးစေရန်မှာလည်း အရေးကြီးသဖြင့် အားလပ်ချိန် အပြင်တွင်ကျူရှင်ထွက်သင်စရာမလိုအောင် နောက်ကြောင်းအေးသော သင့်တင့်သောလစာလည်းဖြစ်ရပါမည်။ လက်ရှိလစာမှာ တစ်ဦးတစ်ယောက်အတွက်လုံလောက်သော်လည်း မိမိမိသားစုကိုပါ ထောက်ပံ့နေရသူများအတွက်မလွယ်ကူလှ။ ထို့အပြင် ဝန်ထမ်းအိမ်ရာမရသောဝန်ထမ်းများမှာမူ အိမ်လခ၊ ဖယ်ရီခစသည့် သွားလာရေးစရိတ်များထည့်တွက်လျှင် လက်ရှိလစာမှာ မည်သို့မှမလုံလောက်နိုင်ပေ။ ထိုသို့အခက်အခဲများကြုံတွေ့နေရသော ပညာရေးဝန်ထမ်းများ အများအပြားရှိပါသည်။ ဆရာ ဆရာမများ၏ အရည်အသွေးများ တိုးတက်စေရန်အတွက် သင်ကြားရေးအတွက် အမှန်တကယ်လိုအပ်သော သင်တန်းများဖွင့်လှစ်သင်ကြားပေးရပါမည်။ သို့မှသာ ဆရာ့စွမ်းရည်များတိုးတက်နေပြီး ဆရာများအတွက် သင်ကြားရေးတွင် အမှန်တကယ် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ထိုသို့စနစ်တကျ အကဲဖြတ်မှုများဖြင့် အကဲဖြတ်မည်ဆိုပါက မိမိတို့ဆရာ ဆရာမများအနေဖြင့် လက်ခံနိုင်ပါသည်။ သို့သော်လည်း စာသင်ချိန်ပင်လျှင် မှန်အောင်မတက်၊ စာသင်ရသည့်ပတ်ဝန်းကျင်အခြေအနေမှာ ခက်ခဲမှုများဖြင့်သင်ကြားနေရမည်ဆိုပါလျှင် ထိုအခြေအနေများဖြင့် မိမိတို့၏သင်ကြားရေးအပေါ် အကဲဖြတ်မည်ဆိုပါက လက်ခံနိုင်ရန်အခက်အခဲရှိပါသည်။

ထို့အပြင် ယခုအချိန်အခါတွင် ကျောင်းသားက ဆရာကို အကဲဖြတ်ဖို့ဆိုသည်မှာ စိန်ခေါ်မှုအများအပြားရှိနေသည်မှာ အသေအချာပင်ဖြစ်ပါသည်။ အဓိကအချက်မှာ ကျောင်းသား အများစုတွင် ဆရာကိုပြန်ပြီးအကဲဖြတ်နိုင်ဖို့ အရည်အချင်းရှိရဲ့လားဟူသည့် ကိစ္စပင်ဖြစ်သည်။ ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများပေါ်မှ ကျောင်းသားများက ဆရာ ဆရာမများအပေါ် ပြန်လှန်မေးခွန်းထုတ်နိုင်သည့်တိုင်အောင် ကျေးလက်ဒေသမှ ကျောင်းသားများအနေဖြင့် ဆရာကိုပြန်လှန်မေးခွန်းထုတ်နိုင်ဖို့ဆိုသည်မှာ များစွာအလှမ်းဝေးနေပါသေးသည်။ အကယ်၍ ယခုစနစ်ကို စတင်မည်ဆိုသည့်တိုင် စမ်းသပ်အဆင့်အနေဖြင့် မြို့ကြီးတချို့မှ ကျောင်းများတွင်သာ စမ်းသပ်နိုင်ပါလိမ့်မည်။ အမှန်တကယ်ပညာရေးကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲလိုသူများမှာ ပညာရေးဝန်ထမ်း ဆရာ ဆရာမများသာဖြစ်ပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများအပေါ် ဖန်တီးပေးနိုင်သောအခြေအနေရှိ၊ မရှိကိုလည်း တိုင်းပြည်၏ဝင်ငွေ၊ ပညာရေးအတွက်အသုံးပြုရမည့်ဘတ်ဂျက်အပေါ် အမှန်တကယ်ထိရောက်စွာ ခွဲဝေအသုံးပြုရန်လည်း အရေးကြီးပါသည်။

အချုပ်ဆိုရသော် အထက်ဖော်ပြပါအခြေအနေများကို သုံးသပ်၊ စနစ်ကျသောအကဲဖြတ်မှုများအပေါ် ပညာရေးဝန်ထမ်း ဆရာ ဆရာမများက မိမိကဲ့သို့ပင် လက်ခံနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကျောင်းသားက ဆရာကို အကဲဖြတ်ဖို့ဆိုသည်မှာ စိန်ခေါ်မှုအများအပြားရှိနေသည်မှာ အသေအချာပင်ဖြစ်ပါသည်။ အဓိကအချက်မှာ ကျောင်းသားအများစုတွင် ဆရာကိုပြန်ပြီး အကဲဖြတ်နိုင်ဖို့ အရည်အချင်းရှိရဲ့လားဟူသည့် ကိစ္စပင်ဖြစ်သည်။ ရန်ကုန်၊ မန္တလေးစသောမြို့ကြီးများပေါ်မှ ကျောင်းသားများက ဆရာ ဆရာမများအပေါ် ပြန်လှန်မေးခွန်းထုတ်နိုင်သည့်တိုင်အောင် ကျေးလက်ဒေသမှ ကျောင်းသားများအနေဖြင့် ဆရာကိုပြန်လှန်မေးခွန်းထုတ်နိုင်ဖို့ဆိုသည်မှာ များစွာအလှမ်းဝေးနေပါသေးသည်။**

## ဆွေးမြည့်သစ်သားတိုင်များအစား ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

**ပေါင်းတလည် ဇွန် ၁၁**

ရက် ၁၀၀ စီမံချက်ဖြင့် မိုးဦးကာလကျရောက်လာပြီဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပေါင်းတလည်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင် သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို မြို့လျှပ်စစ်မှူး ဦးမြင့်ဝေ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

## တစ်အိမ်ထောင်လျှင် သစ်မျိုးပင် သုံးပင်နှုန်းစီ အခမဲ့ဖြန့်ဝေပေး

**သရက်ချောင်း ဇွန် ၁၁**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မော်ရှည်ကုန်းရပ်ကွက်နေ ဒေသခံပြည်သူများသို့ မြို့နယ်သစ်တောဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်သန့်ဦးဆောင်ကာ တစ်အိမ်ထောင်လျှင် သစ်မျိုးပင်သုံးပင်နှုန်းစီကို ယနေ့နံနက်ပိုင်းက ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါ အခမဲ့ဖြန့်ဝေပေးသော သစ်ပင်များသည် မိမိတို့၏ ဥယျာဉ်ခြံမြေများအတွင်း စိုက်ပျိုးနိုင်ရန်အတွက် ပေးခြင်းဖြစ်ကြောင်း၊ ပေးအပ်သည့်သစ်ပင်များမှာ ပျဉ်းကတိုးနှင့် မဟော်ဂနီပင်များဖြစ်ပြီး အပင်ပေါင်း ၇၅၀ ဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**



# နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံဂိတ်ဝရှိ စည်းကမ်းပျက်စျေးသည်များကြောင့် လမ်းအန္တရာယ်ရှိ



**နေပြည်တော် ဇွန် ၁၁**
နေပြည်တော်၏ အထင်ကရ ဆေးရုံကြီးတစ်ခုဖြစ်သော နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးရှိ စျေးသည်များသည် ဆေးရုံကြီး၏အဝင်အဝ လမ်းတစ်ဖက်တစ်ချက်တွင် ဘယ်ညာလမ်းမပေါ်သို့ ကျူးကျော်၍ ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ယာဉ်သွား၊ ယာဉ်လာ ကျဉ်းမြောင်းပြီး ယာဉ်တိုက်မှုကို လက်ယပ်ခေါ်နေသည့် မြင်ကွင်းသည် ရုပ်ဆိုးအကျည်းတန်လှပေသည်။

သက်ဆိုင်ရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ စျေးရောင်းချရန်နေရာ သတ်မှတ်ပေးထားသော်လည်း အဆိုပါ သတ်မှတ်ထားသည့် ဧရိယာတွင် ရောင်းချခြင်းမပြုဘဲ လမ်းမြေနေရာသို့ ကျူးကျော်ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ "ကျွန်တော်က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်မှာ နေပါတယ်။ မိခင်ဖြစ်သူဆေးရုံ တက်ရောက်နေတဲ့အတွက် ထမင်းလာပို့ရာ ကျဉ်းမြောင်းတဲ့လမ်းပေါ် ဘေးတစ်ဖက်တစ်ချက်စီ မျက်နှာချင်းဆိုင်လမ်းမပေါ်ကို ကျူးကျော်ဆိုင်တွေ ဖွင့်လှစ်ရောင်းချနေတဲ့အတွက် ဝဲ၊ ယာ ရပ်တန့်ထားတဲ့ ကားတွေကို ရှောင်ကွင်းရာက မျက်နှာချင်းဆိုင်ကလာတဲ့ ဆိုင်ကယ်နဲ့တိုက်မိတာ ဒီဆေးရုံအဝင်အဝမှာဖြစ်ပေါ်ခဲ့ပါတယ်။ ဆေးရုံတက်ရောက်နေတဲ့ လူနာစောင့်တွေလည်း အဲဒီအတိုင်း မကြာခဏ ဖြစ်ပေါ်နေပါတယ်"ဟု ဆေးရုံသို့ ထမင်းလာပို့သူတစ်ဦး၏ ပြောပြချက်အရသိရသည်။

သို့ပါ၍ စည်းမဲ့ကမ်းမဲ့ ဆေးရုံအဝင်အဝတွင် လမ်းမပေါ်သို့ ကျူးကျော်စျေးရောင်းချသူများအား သက်ဆိုင်ရာမှ ဖယ်ရှားပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

❖ **စီးပွားရေးပိတ်ဆို့မှုမှ**
မော်တော်ယာဉ်ထုတ်လုပ်ရေး၊ စက်မှုနှင့် စက်ရုံလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးများတွင် အသုံးပြုလျက်ရှိပြီး စျေးကွက်ဝေစု အများဆုံးရရှိထားသော နည်းပညာမြင့် စက်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးလျက်ရှိရာတွင် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး စီးပွားရေးပိတ်ဆို့မှု အလုံးစုံဖြေလျှော့ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများကိုလည်း မျှော်လင့်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်အများစုကလည်း လက်ရှိပိတ်ဆို့မှုများအလုံးစုံပယ်ရှားခြင်းမပြုသေးသရွေ့ အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုမှာ အသင့်အတင့်အခြေအနေတွင်သာရှိနေမည်ဟုလည်း သုံးသပ်မှုများရှိနေသည်။ ယင်းကြောင့် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု ပုံမှန်ဖြစ်တည်လာစေရန် နှစ်နိုင်ငံလုံးက ရည်ရွယ်ဆောင်ရွက်နေသည်ဟု ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇ သန်းနှင့် မြန်မာနိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၄ သန်း ရှိခဲ့ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

# မြန်မာနိုင်ငံတရားစီရင်ရေး (၂၀၁၁-၂၀၁၅)နှင့် မဟာဗျူဟာပထမနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် ဇွန် ၁၁**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံတရားစီရင်ရေး (၂၀၁၁-၂၀၁၅)နှင့် မဟာဗျူဟာပထမနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ စာအုပ်ကိုထုတ်ပြန်လိုက်သည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံတရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တရားရုံး၏ တန်ဖိုးများ၊ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်မှစတင်၍ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် တရားရုံးများနှင့် စီရင်ပိုင်ခွင့်များ၊ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံတို့ကို ဖော်ပြထားသည်။ ထို့အပြင် မဟာဗျူဟာပထမနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အပါအဝင် တရားစီရင်ရေးကဏ္ဍ၏ ငါးနှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည့် ဆန်းသစ်မှုနှင့်ထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများကို အလေးပေးဖော်ပြထားသည်။

မဟာဗျူဟာ ပထမနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာတွင် ၂၀၁၅ ခုနှစ်တွင် ထိပ်တန်းအဆင့်ဦးစားပေးလုပ်ငန်းအစီအစဉ်များအားလုံးကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ တရားရုံးမိတ်ဖက်အဖွဲ့အစည်းများနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်မှုများကို လည်းကောင်း၊ လုပ်ငန်း အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု အသေးစိတ်အခြေအနေကို နောက်ဆက်တွဲဇယားဖြင့်လည်းကောင်း ဖော်ပြထားသည်။

မဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကတင်ပြသည့် မဟာဗျူဟာပထမနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာသည် "တရားမျှတရေး အတူတကွမြှင့်တင်ပေး"ဖော်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်အပေါ် အများပြည်သူများ ပိုမိုနားလည်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။ မဟာဗျူဟာပထမနှစ် လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်(ဘ်)ဆိုက် http://www.unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

■

# ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး ဖျာပုံခရိုင်အတွင်း၌ စီမံချက်အတိုင်း အထူးကြပ်မတ်

**ဖျာပုံ ဇွန် ၁၁**
ဖျာပုံခရိုင်အတွင်း၌ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက ဇွန် ၁ ရက်မှစတင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာ နိုင်ငံတစ်ဝန်းလုံး ယာဉ်မတော်တဆမှုတွေက နေ့စဉ်လိုလို ကြုံနေကြရတယ်။ အဲဒီလိုဖြစ်တဲ့အတွက် မလိုအပ်ဘဲ တိုင်းပြည်ရဲ့အရင်းအမြစ်တွေဆုံးရှုံးကြရတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ခရိုင်မှာလည်း ယာဉ်အန္တရာယ်တွေကြုံနေကြရတယ်။ နယ်မြို့ဖြစ်လို့ ဆိုင်ကယ်တွေ အဓိကထားသုံးကြတယ်။ အထူးသဖြင့် ခရိုင်မြို့ဖြစ်တဲ့ ဖျာပုံက လေးမြို့နယ်မှ ခရီးသွားတွေဆုံကြတဲ့မြို့ဖြစ်တယ်။ ရန်ကုန်နဲ့လည်းနီးတဲ့အခါကျတော့ ခရိုင်အတွင်းက ကျေးရွာတွေက ပြည်သူတွေဖြတ်သန်းသွားလာကြရတယ်။ ခရီးသွားအားလုံး ယာဉ်အန္တရာယ်လျှော့ချနိုင်ဖို့အတွက် ယခု ဇွန် ၁ ရက်မှစပြီး ပညာပေးကာလ သတ်မှတ်ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

ဖျာပုံမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပညာပေးအစီအစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုကိုမေးမြန်းခဲ့ရာ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက "အရင်ဆုံး ဇွန် ၁ ရက်မှ ၃၀ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ပြည်သူတွေ သိထားရမယ့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်၊ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေ သိရှိအောင် အသိပေးဆိုင်းဘုတ်ထောင်ကြေညာခြင်း၊ သတ်မှတ်ထားတဲ့ စီမံချက်ဧရိယာအတွင်း ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်း၊ လိုအပ်ပါက ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များပြုလုပ်ကြရန် အသိပေးခြင်း၊ နောက် ယာဉ်ရပ်နားခြင်းစတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်းတွေ လုပ်ပါမယ်။ သတ်မှတ်ပညာပေးကာလပြီးနောက် ဇွန် ၃၀ ရက်ကျော်မှသာ စည်းကမ်းဖောက်ဖျက်သူတွေကို တည်ဆဲမော်တော်ယာဉ်ဥပဒေနဲ့ ထိန်းသိမ်းဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။ ဒါကလည်း ပြည်သူတွေ အန္တရာယ်ကင်းစေဖို့ ကြိုတင်ကာကွယ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးဆိုင်းဘုတ်များစိုက်ထူပြီးနောက်ပိုင်းတွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များကိုလည်း နေ့စဉ် ပြုလုပ်နေကြကြောင်း ခရိုင်ကညနရုံးမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်တွေကို နေ့စဉ်ပြုလုပ်ပေးနေပါတယ်။ မြို့ပေါ်မှာ အသိပညာပေးခြင်းလုပ်ငန်းတွေ လုပ်ဆောင်ပြီးနောက်ပိုင်းမှာ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း၊ အသစ်လျှောက်ခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းစတာတွေ ပိုပြီးလုပ်လာကြပါတယ်။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာမှာတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းသင်တန်းကို မဖြစ်မနေတက်ကြရပါမယ်။ ကား၊ ဆိုင်ကယ်မောင်းသူတွေကလည်း သတ်မှတ်စည်းကမ်းနဲ့အညီ ကိုယ်တိုင်မောင်းပြ စစ်ဆေးခြင်း ခံယူအောင်မြင်ပြီးမှသာ လိုင်စင်ထုတ်ပေးနေပါတယ်"ဟု ခရိုင်ကညနရုံးမှ ဦးစီးအရာရှိ ဦးအောင်ဝင်းက ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**



# ရက်သားသာရှိသေးသည့် သင်းကွဲဆင်ပေါက်ငယ်တစ်ကောင်တွေ့ရှိ

**ငရုတ်ကောင်း ဇွန် ၁၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းနယ်မြေရဲစခန်းအပိုင် ငရုတ်ကောင်းတောင်ကားလမ်းမိုင်တိုင်အမှတ်(၇/၁) အနီး ဒေသအခေါ် ရေပေါက်နေရာတွင် ရက်သားဆင်ပေါက်ကလေးတစ်ကောင်ကို တွေ့ရှိခဲ့သည်။

ဆင်ပေါက်ကလေးမှာ အမဖြစ်ပြီး အမြင့် ၃၃ လက်မ၊ နှာမောင်းအရှည် ၁၅ လက်မ၊ နှာမောင်းမှအမြီးထိ ၅၇ လက်မ၊ လုံးပတ် ၄ ပေ ၁ လက်မရှိပြီး အရောင်မှာ နာနတ်ခွန်ရောင်ဖြစ်သည်။ ယင်းဆင်ပေါက်လေးကို တင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင်ထားရှိပြီး ပုသိမ်မြို့နယ်သစ်တောဦးစီးဌာန သစ်ထုတ်လုပ်ရေးစခန်းသို့ လွှဲပြောင်းပေးအပ်မည်ဟု သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အင်းစိန် အကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆို တစ်နှစ်ထက်တစ်နှစ်အောင်ချက်မြင့်မား၊ တစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးထွက်ပေါ်

သတင်း – ဇော်ကြီး၊ဓာတ်ပုံ – ဖေဇော်

**ရန်ကုန် ဇွန် ၁၁**

၂၀၁၆ ခုနှစ် မတ်လအတွင်း ဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့နံနက်ပိုင်းက ထုတ်ပြန်ခဲ့ရာ အင်းစိန်အကျဉ်းထောင်မှ ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၁ ဦးအောင်မြင်ခဲ့သည်။

ထိုသို့ အောင်မြင်သူများအနက် တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး ပါဝင်ခဲ့သည့်အပြင် အဆိုပါ အကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမှုများအနက် ယခုနှစ်သည် အောင်ချက် အမြင့်မားဆုံးနှစ်ဖြစ်လာကြောင်းသိရသည်။

အင်းစိန်ဗဟို အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော ကျောင်းနေအရွယ်နှင့် ကျောင်းနေဆဲ လူငယ် အကျဉ်းသား၊ အချုပ်သားများ ပညာရေးကို မျက်ခြည်မပြတ် ဆက်လက်သင်ကြားနိုင်စေရေးအတွက် ၂၀၀၅-၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် အကျဉ်းဦးစီးဌာန၏ အစီအစဉ်ဖြင့် မူလတန်းအဆင့်ရှိ စာသင်ဆောင်ကို အကျဉ်းထောင်ဝင်းအတွင်း၌ ဖွင့်လှစ်၍ ပညာသင်ကြားပေးခဲ့သည်။

ထိုမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် အတန်းအလိုက် ပညာသင်ကြားမှုများကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်းခွဲ အင်းစိန်ဗဟိုအကျဉ်းထောင်အဖြစ် တိုးချဲ့ဖွင့်လှစ်၍ အကျဉ်းသား၊ အချုပ်သားများကို ပညာသင်ကြားပေးနိုင်ခဲ့သည်။

ယခုအခါ အဆိုပါကျောင်းတွင် အင်းစိန်မြို့နယ်ရှိ အထက (၁)နှင့် အလက(၁၃)ကျောင်းတို့မှ ဆရာ ဆရာမ များက အချိန်ပိုဝင်ရောက် ကူညီသင်ကြားပေးမှုနှင့်အတူ အကျဉ်းသား ဆရာ ၁၂ ဦးတို့က သူငယ်တန်းမှ ဒသမတန်း အပါအဝင် အကျဉ်းသား၊ အချုပ်သား ကျောင်းသား ၇၈ ဦးကို ပညာသင်ကြားပေးလျက်ရှိပြီး ယင်းတို့အနက် ဒသမတန်း ကျောင်းသား ၂၀ ပါဝင်ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ပညာသင်ကြားနေသူ အကျဉ်းသား၊ အချုပ်သားများ အနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်စဉ် ဝင်ရောက်ဖြေဆိုခဲ့ရာ ယင်းနှစ်တွင် ဝင်ရောက်ဖြေဆိုသူ လေးဦးတွင် အောင်မြင်သူမရှိခဲ့သော်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဖြေဆိုသူ ခုနစ်ဦးအနက် နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဖြေဆိုသူ ၁၇ ဦးအနက် ခုနစ်ဦး၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဖြေဆိုသူ ၁၉ ဦးအနက် ၁၁ ဦးအထိ တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှုတိုးတက်လာသည့် အပေါ် သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့် ဆရာ ဆရာမများ၊ ကျောင်းသားများ၏ ဆောင်ရွက်ခဲ့မှုနှင့် ဝမ်းသာပီတိစကားများကို ဖော်ပြလိုက်ပါသည်။


ဦးမျိုးဦး


ဦးကိုဇော်


ဦးဇေယျာလင်းမြင့်


မောင်သန်းထိုက်အောင်


မောင်သင်းနိုင်ဖြိုး


မောင်ကျော်ဇေယျာဝင်း

**ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးဦး အင်းစိန် ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ**

အင်းစိန်ဗဟို အကျဉ်းထောင်ဝင်း အတွင်းမှာရှိတဲ့အလယ်တန်းကျောင်းကို အင်းစိန်မြို့နယ် အလက(၃) ကျောင်း(ခွဲ) အဖြစ်ပညာရေးဝန်ကြီးဌာနနဲ့ချိတ်ဆက်ပြီး ပညာသင်ကြားပေးနေပါတယ်။ လက်ရှိမှာတော့ တက္ကသိုလ်ဝင်စာမေးပွဲကို ၁၉ ယောက်ဖြေဆိုတာ ၁၁ ယောက်အောင်တယ်။ ပြီးခဲ့တဲ့နှစ်က ၁၇ ယောက်ဖြေဆိုတာ ခုနစ်ယောက် အောင်မြင်ခဲ့တယ်။ အဲဒီထဲမှာ ခြောက်ယောက်ကတော့ လွတ်မြောက်သွားပါပြီ။ ကျန်တဲ့ တစ်ယောက်ကို အနောက်ပိုင်း တက္ကသိုလ်နဲ့ ချိတ်ဆက်ပြီး ပထမနှစ် သင်ကြားနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အခုအောင်မြင်ခဲ့တဲ့ ၁၁ ယောက်ကိုလည်း အဲဒီအတိုင်းပဲ ဆောင်ရွက်ပေးသွားဖို့ ပညာရေးဝန်ကြီးဌာနနဲ့ချိတ်ဆက်စီစဉ်နေပါတယ်။

သူတို့ရဲ့ ပညာသင်ကြားမှုအပိုင်း အတွက် လိုအပ်တဲ့ထောက်ပံ့မှုတွေကို အကျဉ်းဦးစီးကပဲ စီစဉ်ဆောင်ရွက်ပေးသွားမှာပါ။ အကျဉ်းထောင်ထဲကို အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိလာတဲ့ လူငယ်တွေရဲ့ ကျောင်းထွက်လက်မှတ်ကိုကြည့်ပြီး အတန်းအလိုက် စာဆက်လက်သင်ကြားနိုင်ဖို့ အတွက် ပညာရေးဝန်ကြီးဌာနကို တင်ပြပြီး သင်ကြားပေးနေပါတယ်။ သင်ကြားပေးမှုအနေနဲ့လည်း အစိုးရကျောင်းက ကျောင်းဆရာ ဆရာမတွေအပြင် ပြင်ပက ကျောင်းဆရာတွေလည်း လာရောက်ကူညီ သင်ကြားပေးမှုတွေ လုပ်နေပါတယ်။ ဒီလိုဆောင်ရွက်မှုတွေကြောင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆို အောင်မြင်မှုအပိုင်းမှာ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာတာပါ။

**မောင်ကျော်ဇေယျာဝင်း ကျောင်းသား**

ကျွန်တော် အပြင်မှာဆိုရင် အောင်မှာမဟုတ်ပါဘူး။ ဒီထဲကို ရောက်နေတဲ့အချိန်မှာ အချိန်ကို အကျိုးရှိရှိ အသုံးချခဲ့လို့ အခုလို အောင်မြင်ခဲ့တာပါ။ ကျွန်တော်တို့က နည်းနည်းဆိုးတော့ အပြင်မှာ စာသင်ကြားရင် လွတ်လွတ်လပ်လပ်နေလို့ရတော့ အောင်မြင်ဖို့ခက်ခဲပါလိမ့်မယ်။ ထောင်ထဲမှာတော့ အပြင်မှာလို မဟုတ်ဘဲ စည်းကမ်းနဲ့နေရတဲ့ အတွက် ဒီမှာတော့ စာသင်ကြားရတာ အလုပ်တစ်ခုလိုပါပဲ။ ထောင်ကလွတ်ဖို့ ၁၀ နှစ်လောက် ကျန်နေပါသေးတယ်။ ဒီထဲမှာ အဝေးသင် ဆက်တက်နေရင်းနဲ့ မလွတ်သေးရင် ထောင်တွင်းမှာရှိတဲ့ စာသင်ကျောင်းလေးမှာပဲ ကျောင်းဆရာအဖြစ်နဲ့ စာဆက်သင်ပေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ထောင်ကနေထွက်ရင်လည်း မိဘတွေကို ကူလုပ်ရင်းနဲ့ အေးအေးချမ်းချမ်းပဲ နေထိုင်သွားချင်တယ်။ ကျွန်တော်က မေမေတို့အပေါ်မှာ အမြဲတမ်းဆိုးခဲ့ပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ဝမ်းသာအောင်လုပ်နိုင်လို့ကျေနပ်ပါတယ်။

**ဦးဇေယျာလင်းမြင့် အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အင်းစိန် ဗဟို အကျဉ်းထောင် ကျောင်းအုပ်ကြီး**

အခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမှု အပိုင်းအနေနဲ့ ဒီနှစ်မှာတော့ ၅၈ ရာခိုင်နှုန်းလောက် အောင်မြင်မှုရရှိခဲ့ပါတယ်။ စာသင်ချိန်အနေနဲ့တော့ အပြင်ကျောင်းတွေလိုပါပဲ။ စာသင်ချိန်၊ စာကျက်ချိန်တွေကိုအချိန်မှန်လေ့ကျင့်သင်ကြားပေးခဲ့တဲ့အပြင် စည်းကမ်းပိုင်းနဲ့ စိတ်ဓာတ်ပိုင်းရေးရာ ပြောင်းလဲမှုရှိလာအောင် တရားထိုင်တာတွေကို အလေ့အကျင့်တစ်ခုလို လုပ်ပေးခဲ့ပါတယ်။ ဒ့ါအပြင် တက္ကသိုလ်ဝင်ခွင့်ဖြေဆိုမယ့်သူတွေကို အနီးကပ်လေ့ကျင့်သင်ကြားမှုတွေလုပ်ပေးတယ်။ သူတို့အားနည်းနေတဲ့ ဘာသာရပ်တွေကိုလည်း ထပ်ပြီး အားဖြည့်လေ့ကျင့်ပေးခဲ့ပါတယ်။ ဒီလိုနည်းနဲ့သူတို့ကိုအောင်မြင်မှုရရှိအောင် လုပ်ပေးခဲ့ပါတယ်။ ပညာကို ဆက်လက်သင်ယူချင်တဲ့ စိတ်ကြောင့် သူတို့တွေ အောင်မြင်ခဲ့ကြတာပါ။

**မောင်သန်းထိုက်အောင် ရူပဗေဒ ဘာသာရပ် ဂုဏ်ထူးရှင်**

မနှစ်က ကျထားတော့ ဒီနှစ်မှာ တစ်နေ့စာကို တစ်နေ့ မှန်မှန်ကျက်ခဲ့တယ်။ ရူပဗေဒဘာသာရပ်နဲ့ကျခဲ့တော့ ပိုပြီးလေ့လာခဲ့ပါတယ်။ သိချင်တာတွေရှိရင်လည်း ဆရာကိုအမြဲတမ်း မေးလေ့ရှိတယ်။ ဒါကြောင့်အောင်တဲ့အပြင် ရူပဗေဒနဲ့ ဂုဏ်ထူးရခဲ့တာပါ။ လိုအပ်တဲ့အရာတွေကိုလည်း အကျဉ်းဦးစီးက ထောက်ပံ့ပေးတယ်။ သင်ကြားမှု အပိုင်းအနေနဲ့လည်း အကျဉ်းဦးစီးက ဆရာတွေအပြင် အစိုးရကျောင်းက ဆရာ ဆရာမတွေ လာရောက်သင်ကြားပေးတာမျိုးတွေလည်းရှိပါတယ်။ မိသားစုလို သဘောထားပြီး သင်ကြားပေးခဲ့တဲ့ ဆရာတွေကိုလည်း အလွန်ကျေးဇူးတင်တယ်။ အောင်တယ်ဆိုတဲ့အသံ ကြားလိုက်တော့ ဝမ်းသာလို့ငိုခဲ့ရတယ်။ ဒီသတင်းကို မိသားစုတွေ မသိကြသေးပါဘူး။ သူတို့ သိရင်လည်း ဝမ်းသာနေကြမှာပါ။

**မောင်သင်းနိုင်ဖြိုး ဘောဂဗေဒဘာသာရပ် ဂုဏ်ထူးရှင်**

ဒီကို ၂၀၁၃ ခုနှစ်မှာ ရောက်ပြီး အကျဉ်းဦးစီးမှာရှိတဲ့ ကျောင်းမှာ ကိုးတန်းကနေ စပြီးတက်ခဲ့တယ်။ ဒီကျောင်းမှာရှိတဲ့ ဆရာတွေရဲ့ သင်ကြားပေးမှုနဲ့ပဲ ၁၀ တန်းကို ဂုဏ်ထူးတစ်ဘာသာနဲ့ နှစ်ချင်းပေါက် အောင်မြင်ခဲ့တာပါ။ ဒီထဲမှာနေပြီး စာသင်ကြားမှုပဲလုပ်နေရတော့ ပညာရေးအပြင် ဘာမှစိတ်မဝင်စားမိခဲ့ပါဘူး။ တခြားကိစ္စတွေလည်း လုပ်စရာမလိုတော့ စာကို တစိုက်မတ်မတ် လုပ်ခွင့်ရခဲ့ပါတယ်။ ဒီလိုကြောင့်လည်း နှစ်ချင်းပေါက်အောင်မြင်ခဲ့တာလို့ထင်ပါတယ်။ လွတ်ဖို့ကတော့ သုံးနှစ်လောက်လိုပါသေးတယ်။ အခုလိုမလွတ်မြောက်သေးတဲ့ အချိန်မှာ အကျဉ်းသား ဘဝကနေ ပညာတတ်ဖြစ်အောင်ထပ်ပြီး ကြိုးစားသွားမယ်။ အပြင်ရောက်ရင် စီပွားရေးပညာရှင် တစ်ယောက်ဖြစ်အောင်လုပ်သွားချင်ပါတယ်။

**ဆရာ ဦးကိုဇော် အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အင်းစိန်ဗဟို အကျဉ်းထောင် (ရူပဗေဒ ၊ အင်္ဂလိပ် ဘာသာရပ်သင်ကြားသူ)**

ကျွန်တော် ဒီကျောင်းကို ၂၀၁၄ ခုနှစ်မှာ စတင်ရောက်ရှိခဲ့ပါတယ်။ အဲဒီနှစ်မှာ ဖြေတဲ့သူတွေ အများစုက ရူပဗေဒနဲ့ဓာတုဗေဒ ဘာသာရပ်တွေကြောင့် ကျတာများခဲ့တယ်။ အဲဒါကြောင့် နောက်နှစ်မှာ အားနည်းနေတဲ့ဘာသာရပ်တွေကို ရွေးပြီး အဓိကအားပြုသင်ပေးခဲ့တာကြောင့် ဂုဏ်ထူးထွက်တဲ့သူတွေတောင်ရှိလာပါတယ်။ ကျွန်တော်တို့က ကလေးတွေနဲ့ အနီးကပ်နေတော့ သာမန်စာသင်ချိန်ထက်ပိုပြီး သင်ကြားပေးနိုင်ခဲ့တယ်။ ညဘက်ရောက်ရင်လည်းသူတို့ကို အချိန်မှန် စာလုပ်ခိုင်းတယ်။ မသိတာတွေရှိရင်လည်း အချိန်မရွေးမေးနိုင်အောင် အနီးမှာစောင့်ကြပ်မှုတွေ လုပ်ပြီး သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော် စရောက်တဲ့အချိန်က ဒီကလေးတွေကို ဆိုးမယ်လို့ထင်ထားခဲ့တာ လက်တွေ့မှာတော့ အဲဒီလို မဟုတ်ပါဘူး။ ပြောလို့ဆိုလို့ကောင်းတဲ့အပြင် သင်ကြားပေးမှုတွေကိုလည်း စနစ်တကျလိုက်လုပ်တာ တွေ့ရပါတယ်။ပြင်ပမှာလို အပျော်အပါးတွေ မရှိဘူး။ စာပဲလုပ်နေရတဲ့ အတွက် ပိုအဆင်ပြေတယ် ။အခုလို အောင်မြင်မှုတွေရခဲ့တဲ့အတွက်ကိုလည်း သူတို့နဲ့ထပ်တူ ဝမ်းသာပီတိ ဖြစ်မိပါတယ်။

---

**❑ ရှေ့ဖုံးမှ**

ယခုနှစ်တွင် မွန်ပြည်နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ ၁၉၆၈၁ ဦးတွင် အောင်မြင်သူ ၇၇၄၉ ဦး၊ အောင်မြင်မှုရာခိုင်နှုန်း ၃၉ ဒသမ ၃၇ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် မွန်ပြည်နယ်က ပထမနေရာ ပြန်လည် ရရှိသွားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၌ ဖြေဆိုသူ ၉၁၆၈၈ ဦးတွင် အောင်မြင်သူ ၃၂၅၅၁ ဦး၊ အောင်မြင်မှု ရာခိုင်နှုန်း ၃၅ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၌ ဖြေဆိုသူ ၁၀၁၇၆၇ ဦးတွင် အောင်မြင်သူ ၃၃၈၀၀၊ အောင်မြင်မှု ရာခိုင်နှုန်း ၃၃ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိသည်။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ယခင်က ငါးနှစ်ဆက်တိုက် အောင်မြင်မှုရာခိုင်နှုန်း အမြင့်ဆုံးရရှိခဲ့သည့် မွန်ပြည်နယ်သည် ၂၀၁၅ ခုနှစ်တွင် ဒုတိယ အဆင့်သို့ ရောက်ရှိသွားခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြင့် ပထမနေရာကို ပြန်လည်ရယူသွားကြောင်း သိရသည်။

**သတင်း - သန်းဦး(လေးမျက်နှာ)** ❑

---

# လှိုင်သာယာမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆောက်အအုံသစ် ဆောက်လုပ်မည့် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၈) ရပ်ကွက် (စုပေါင်းရုံး) မကွေးလမ်း မြေကွက် အမှတ် (၄၁) ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

**(ကြေးမုံ)** ■

# မြို့နယ်အသီးသီးတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

**သန်လျင်**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာတစ်နိုင်ငံလုံး၌ ယနေ့ (ဇွန် ၁၁ ရက်) နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာရာ သန်လျင်မြို့နယ်အတွင်းရှိ စာစစ်ဌာနအသီးသီး၌ အောင်စာရင်းများထုတ်ပြန်ကြေညာထားသည်။

ယခုနှစ် သန်လျင်မြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၃၃၉၉ ဦးရှိပြီး အောင်မြင်သူ ၉၃၃ ဦးရှိကြောင်းသိရသည်။ ယခုနှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာဂုဏ်ထူးရှင် ၂၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦးတို့ဖြစ်ပြီး တစ်မြို့နယ်လုံး၏ အောင်ချက်ရာခိုင်နှုန်းမှာ ၂၇ ဒသမ ၄၅ ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သန်းဝင်း (သန်လျင်)**

**မလှိုင်**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မလှိုင်မြို့နယ်ရှိ စာဖြေဌာနခုနစ်ခုမှ ကျောင်းသား ကျောင်းသူ ၃၅၈၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၇၆၂ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့အနက် ဘာသာစုံဂုဏ်ထူးရရှိသူ ၈၂ ဦး၊ ငါးဘာသာ ၉၆ ဦး၊ လေးဘာသာ ၁၀၈ ဦး၊ သုံးဘာသာ ၉၀၊ နှစ်ဘာသာ ၈၅ ဦး၊ တစ်ဘာသာ ၂၉၈ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၇၅၉ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၄၉ ဒသမ ၁၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကိုယ်ပိုင်အထက်တန်းကျောင်းလေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းလေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ငါးကျောင်းတွင် ကျောင်းသား ၈၀၇ ဦး၊ ကျောင်းသူ ၉၂၈ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ရာ ကျောင်းသား ၃၀၇ ဦးနှင့် ကျောင်းသူ ၃၇၃ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၄၀ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။**တင်တင်ထွေး(စဉ့်ကိုင်)**

**ချောက်**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း၌ ယနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာရာစာရင်းရှိ ကျောင်းသား ၁၆၁၈ဦး၊ ကျောင်းသူ ၁၉၀၈ ဦးအနက် ကျောင်းသား ၁၅၃၁ ဦး၊ ကျောင်းသူ ၁၈၆၃ ဦး စုစုပေါင်း ၃၃၉၄ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ ကျောင်းသား ၃၈၂ဦး၊ ကျောင်းသူ ၄၈၅ဦး စုစုပေါင်း၈၆၇ဦးတို့အောင်မြင်ခဲ့ပြီး ဂုဏ်ထူးရရှိသူများမှာ ခြောက်ဘာသာတစ်ဦး၊ ငါးဘာသာနှစ်ဦး၊ လေးဘာသာနှစ်ဦး၊ သုံးဘာသာခုနစ်ဦး၊ နှစ်ဘာသာ ၁၆ ဦးနှင့် တစ်ဘာသာ ၅၃ ဦးတို့ဖြစ်ကြောင်း၊ အောင်ချက်မှာ ၂၅ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

**ဖျာပုံ**

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(ကျုံကဒွန်း)၊ အထက(ကျုံကျိုက်) အထက(သမိန်ထော)၊ အထက(အမာ)၊ အထက(ဒေါငြိမ်း)၊ အထက(တမံ)၊ အထက(ကျုံတာ)၊ ထ(ခွဲ)အလက(၁)၊ ထ(ခွဲ)ကနိ၊ ထ(ခွဲ)ကျုံက္ကဘာ၊ ထ(ခွဲ)ကြက်ဖမွေးဇောင်း၊ ထ(ခွဲ)သကံရှမ်းကွင်း၊ ထ(ခွဲ)နောက်မီး၊ ထ(ခွဲ) ချောင်းဝ၊ ထ(ခွဲ)ဆိပ်မ၊ အထက(ခွဲ)ရွှေထီး၊ အထက(ခွဲ)သဲအိမ်ကျောင်းစု(၁)၊ အထက(ခွဲ)တယ်ပင်ဆိပ်၊ အထက(ခွဲ)အရှေ့ဖျားနဲ့ TTA အပါ(အတွင်းဖြေ၊ အလွတ်ဖြေ)ဟူ၍ရှိရာ မြို့နယ်ချုပ်စာရင်းအနေနှင့် ဖြေဆိုသူဦးရေ ၃၄၈၃ ဦးရှိခဲ့ပြီး အောင်မြင်သူဦးရေ ၅၆၅ ဦးဖြစ်ကြောင်း၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၈၄ ဦး ဖြစ်ကြောင်း၊ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် အတွင်းဖြေ ၁၇ ဒသမ ၃၂ ရာခိုင်နှုန်း၊ အလွတ်ဖြေ ၁၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း TTA ၃၃ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် စုစုပေါင်း ဖျာပုံမြို့နယ်ချုပ်အောင် ချက်ရာခိုင်နှုန်း ၁၆ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး(ဖျာပုံ)မှ သိရသည်။

"သမီးက အတွဲ(၇) သိပ္ပံဘာသာတွဲကို ဆလတ(၄၃)နဲ့ နှစ်ချင်းပေါက်အောင်မြင်ခဲ့တာပါ။ သုံးဘာသာဂုဏ်ထူးရပါတယ်။ အောင်မြင်ခဲ့တဲ့အတွက်အလွန်ပျော်ပါတယ်။ သူငယ်တန်းက စတုတ္ထတန်းအထိဖျာပုံ တောင်ပိုင်းကျောင်း၊ အမှတ်(၇)မူလတန်းကျောင်း၊ ပဉ္စမတန်းကနေ နဝမတန်းအထိက အထက(၁) ဖျာပုံမှာတက်ခဲ့တာပါ။ ခုတက္ကသိုလ်ဝင်တန်းရောက်မှ အထက(၁) လမ်းမတော်မှာ ဝင်ရောက်ဖြေဆိုတာပါ။ ဒုတိယတန်းကနေ နဝမတန်းအထိ နှစ်စဉ်ပညာရည်ချွန်ဆုတွေရရှိခဲ့ပြီး စာစီစာကုံးအပါအဝင် အခြားဆုခုနစ်ဆုလည်း ထပ်မံရရှိခဲ့ပါတယ်။ အခုလိုအောင်မြင်ခဲ့တဲ့အတွက် သင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမအားလုံးနဲ့ သမီးနေခဲ့တဲ့ နန်းသီတာဦး ဘော်ဒါဆောင် (ရန်ကုန်)က ဆရာမကြီး ဒေါ်မြင့်မြင့်သန်းကိုအလွန်ကျေးဇူးတင်ပါတယ်။ သမီးအဖေ ဦးအောင်မျိုးဝင်းက ကွယ်လွန်ခဲ့တဲ့အတွက်သမီးအခု အမှတ်(၃၂)၊ ၃ လမ်း၊ ၆ ရပ်ကွက်၊ ဖျာပုံမြို့မှာ မေမေ ဒေါ်ဝင်းယုနွယ်စိုး၊ မောင်လေး မင်းဟိန်းမြတ်တို့နဲ့ပျော်ရွှင်စွာနေထိုင်လျက်ရှိပါတယ်ရှင်"ဟု ဖျာပုံမြို့မှ သုံးဘာသာဂုဏ်ထူးရှင် မမြမှူးနွယ်"က ပြောသည်။

**သပြေထွန်း**

**မြန်အောင်**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ယနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာရာ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၄ ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၂၈၈ ဦးရှိကြောင်း သိရသည်။

မြို့နယ်လုံးကျွတ် အောင်ချက်ရာခိုင်နှုန်းမှာ ၂၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်သည်ဟု မြို့နယ်ပညာရေးမှူးက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

# ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်ချက်ဇယားနှိုင်းယှဉ်ချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ | | |
|---|---|---|---|---|---|---|---|
| | | ဖြေဆိုသူ ဦးရေ | အောင်မြင်သူ | | ဖြေဆိုသူ ဦးရေ | အောင်မြင်သူ | |
| | | | ဦးရေ | ရာခိုင်နှုန်း | | ဦးရေ | ရာခိုင်နှုန်း |
| ၁။ | ကချင်ပြည်နယ် | ၂၅၇၈၈ | ၈၁၃၈ | ၃၁. ၅၆% | ၂၇၁၉၁ | ၈၀၈၈ | ၂၉. ၇၅% |
| ၂။ | ကယားပြည်နယ် | ၄၂၈၀ | ၁၃၇၂ | ၃၂. ၀၆% | ၄၆၃၂ | ၁၁၆၆ | ၂၅. ၁၇% |
| ၃။ | ကရင်ပြည်နယ် | ၁၂၀၈၄ | ၃၅၇၀ | ၂၉. ၅၄% | ၁၃၆၃၉ | ၃၇၀၃ | ၂၇. ၁၅% |
| ၄။ | ချင်းပြည်နယ် | ၉၆၃၈ | ၁၇၂၀ | ၁၇. ၈၅% | ၉၈၄၆ | ၁၄၁၄ | ၁၄. ၃၆% |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၆၆၇၁ | ၃၀၀၅၂ | ၃၉. ၂၀% | ၈၁၈၀၈ | ၂၇၀၅၀ | ၃၃. ၀၇% |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၁၂၉၄၄ | ၄၅၁၆ | ၃၄. ၈၉% | ၁၅၇၆၇ | ၄၆၀၅ | ၂၉. ၂၀% |
| ၇။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၉၉၅၆ | ၁၀၄၄၀ | ၃၄. ၈၅% | ၃၂၁၄၄ | ၉၆၄၁ | ၂၉. ၉၉% |
| ၈။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၈၇၇၃ | ၇၃၀၃ | ၃၈. ၉၀% | ၁၉၅၀၄ | ၆၄၃၉ | ၃၃. ၀၁% |
| ၉။ | မွန်ပြည်နယ် | ၁၈၁၇၀ | ၇၈၈၆ | ၄၃. ၄၀% | ၁၉၆၈၁ | ၇၇၄၉ | ၃၉. ၃၇% |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၅၆၈၇၂ | ၂၃၂၃၉ | ၄၀. ၈၆% | ၆၀၄၃၇ | ၁၈၅၀၃ | ၃၀. ၆၂% |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၈၇၂၀၁ | ၃၃၆၅၃ | ၃၈. ၅၉% | ၉၁၆၈၈ | ၃၂၅၅၁ | ၃၅. ၅၀% |
| ၁၂။ | နေပြည်တော် | ၁၆၃၅၉ | ၅၀၀၄ | ၃၀. ၅၉% | ၁၇၄၈၉ | ၅၂၂၃ | ၂၉. ၈၆% |
| ၁၃။ | ရခိုင်ပြည်နယ် | ၂၉၄၈၀ | ၆၈၁၉ | ၂၃. ၁၃% | ၃၄၈၂၂ | ၇၃၈၀ | ၂၁. ၁၉% |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၉၉၀၅၃ | ၃၅၆၆၃ | ၃၆. ၀၀% | ၁၀၁၇၆၇ | ၃၃၈၀၀ | ၃၃. ၂၀% |
| ၁၅။ | ရှမ်းပြည်နယ်(တောင်) | ၂၀၉၆၅ | ၇၅၇၈ | ၃၆. ၁၅% | ၂၂၉၆၂ | ၆၅၆၉ | ၂၈. ၆၁% |
| ၁၆။ | ရှမ်းပြည်နယ်(မြောက်) | ၁၄၁၁၂ | ၄၈၅၇ | ၃၄. ၄၂% | ၁၄၄၈၉ | ၄၂၅၄ | ၂၉. ၃၆% |
| ၁၇။ | ရှမ်းပြည်နယ်(အရှေ့) | ၃၆၅၀ | ၉၂၃ | ၂၅. ၂၉% | ၃၈၈၃ | ၈၂၅ | ၂၁. ၂၅% |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၆၁၈၅၁ | ၃၂၀၂၆ | ၅၁. ၇၈% | ၆၄၃၉၈ | ၁၁၃၄၅ | ၁၇. ၆၂% |
| ၁၉။ | နိုင်ငံခြား | ၉၉ | ၈၈ | ၈၈. ၈၉% | ၉၀ | ၈၃ | ၉၂. ၂၂% |
| | စုစုပေါင်း | ၅၉၇၉၄၆ | ၂၂၄၈၄၇ | ၃၇. ၆၀% | ၆၃၆၂၃၇ | ၁၉၀၃၈၈ | ၂၉. ၉၂% |



# ကျေးလက်ကျောင်းများတွင်လည်း KG သင်ကြားရေး အဆင်ပြေလျက်ရှိ

**ညောင်လေးပင် ဇွန် ၁၁**

ကလေးများအတွက် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် ခြောက်ခုဖြင့်ဖွဲ့စည်းထားပြီး မိမိကိုယ်မိမိ ယုံကြည်အားကိုးတတ်သူများဖြစ်လာစေရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများ ဖြစ်လာစေရန်၊ စာရေး၊စာဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကိုစိတ်အားထက်သန်စွာ လေ့လာသင်ယူသူများဖြစ်လာစေရန်၊ မိမိပတ်ဝန်းကျင်အကျိုးကိုဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်လေးခုဖြင့် နိုင်ငံတစ်ဝန်း KGကျောင်းသားများကို စတင်သင်ကြားလျက်ရှိရာ ကျေးလက်ကျောင်းများတွင်လည်း KG သင်ကြားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

KG သင်ကြားရေးစနစ်သစ်နှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ချောင်းရင်းကျေးရွာအုပ်စု ချောင်းရင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ KG ဆရာမဒေါ်ဇင်ဇင်မာက "ဒီမှာ KG တက်နေတဲ့ကလေး ၃၈ ဦး ရှိပါတယ်။ သင်ကြားရတဲ့ ဆရာတွေအနေနဲ့တော့ အားစိုက်ရတယ်။ ဒါပေမယ့် ကလေးတွေအတွက်တော့ ကောင်းတယ်။ အရင်နှစ်တွေကဆို ကျောင်းမပျော်တဲ့ ကလေးတွေရှိတယ်။ အခုကလေးတွေကျောင်းနေပျော်လာတယ်။ ကျွန်မတို့လက်ခံတာက ငါးနှစ်ဆိုပေမယ့် သုံးနှစ်အရွယ်ကလေးထားချင်လို့ လာအပ်ရင်လည်း လက်ခံပေးတယ်။ ကျောင်းဝင်စာရင်းထဲတော့မထည့်ဘူး။ သင်ကြားရေးအနေနဲ့ ကဗျာလေးတွေ၊ ကစားနည်းလေးတွေ၊ ပုံပြင်ပြောတာ ပြီးတော့သရုပ်ဆောင်ခိုင်းတာလေးတွေ သင်ကြားပေးနေပါတယ်"ဟု ပြောသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

❑

# “အော်ဒါများသောစားသောက်ဆိုင်” ခေတ်ပြိုင်အကနှင့်ပြဇာတ် တင်ဆက်မည်

“အော်ဒါများသောစားသောက်ဆိုင်” ပြဇာတ်ဖျော်ဖြေပွဲကို မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့က ကြီးမှူးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်တို့နှင့်ပူးပေါင်းစီစဉ်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

“အော်ဒါများသောစားသောက်ဆိုင်”သည် Kenji Miyazawa ၏အထင်ရှားဆုံး ဇာတ်လမ်းများထဲမှ တစ်ခုကိုအခြေခံကာ နာမည်ကြီး ပြဇာတ်ဒါရိုက်တာ Mr. Hiroshi Koike က အကနှင့် ပြဇာတ်အသစ် ဖန်တီးထားခြင်းဖြစ်သည်။ နိုင်ငံတကာသုခုမအနုပညာကုမ္ပဏီဖြစ်သည့် “Pappa TARAHUMARA” ကို ဖျက်သိမ်းပြီး Mr. Hiroshi Koike ထုတ်လုပ်ခဲ့သော ပထမဆုံး ပြဇာတ်ဖြစ်သည်။

ပျော်ရွှင်စရာနှင့်ဝမ်းနည်းစရာတို့ကို တစ်လှည့်စီ ခံစားနိုင်ရန် အကနှင့် ပြဇာတ်တို့ကို သဟဇာတဖြစ်အောင် ဖန်တီးထားခြင်းဖြစ်သည်။

**ဇာတ်လမ်းအကျဉ်းမှာ** ညဏ်ရည်ညဏ်သွေးထက်မြက်သော လူငယ်သုံးဦးသည် အမဲလိုက်ရန်အတွက် တောင်ပေါ်သို့ထွက်လာခဲ့သည်။ ၎င်းတို့က တိရစ္ဆာန်များအား သားကောင်အဖြစ်သာ မြင်ကြသည်။ မှုန်တိုင်းဝင်ပြီး ရာသီဥတုဆိုးလာရာ ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်အတွက် နေရာတစ်နေရာ ကြိုးစားရှာခဲ့ကြသည်။ သို့သော်မတွေ့ခဲ့ကြပါ။ ထို့နောက် ရုတ်တရက် တောင်ကြောင်တည်းခိုခန်းနှင့် စားသောက်ဆိုင် ပေါ်လာခဲ့သည်။ စားသောက်ဆိုင်ထဲသို့ဝင်ပြီးနောက် သူတို့သည် ညွှန်ကြားချက်များစွာဖြင့်. . . . ။

အဆိုပါပြဇာတ်ကို ဇွန် ၂၃ရက် (ကြာသပတေးနေ့) ညနေ ၆နာရီခွဲတွင် ရန်ကုန် အမျိုးသားကဇာတ်ရုံ၌ ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဝင်ကြေးမှာ အခမဲ့ဖြစ်ကြောင်းသိရသည်။

**Mr. Hiroshi Koike** မှာ ဂျပန်နိုင်ငံ Ibaraki ခရိုင် Hitachi မြို့တွင် မွေးဖွားကြီးပြင်းသည်။ ရုပ်မြင်သံကြား ဒါရိုက်တာအဖြစ် လုပ်ကိုင်ပြီးနောက် ၁၉၈၂ ခုနှစ်တွင် “Pappa TARAHUMARA” သုခုမအနုပညာကုမ္ပဏီတွင် စတင်လုပ်ကိုင်ခဲ့သည်။ ဇာတ်လမ်းတွဲ ၅၅ တွဲကိုစီစဉ်ရိုက်ကူးခဲ့ပြီး ကမ္ဘာအရပ်ရပ်မှ အနုပညာရှင်များနှင့် အလုပ်အတူတွဲလုပ်ပြီး ကမ္ဘာတစ်ဝန်းတွင် ထင်ပေါ်ကျော်စောသူဖြစ်သည်။

ကော်မတီအမျိုးမျိုးတွင် အရေးကြီးသော ရာထူးများဖြစ်သည့် အနုပညာအရည်အသွေးကိုပြသော ဒါရိုက်တာအဖြစ် Tsukuba Cultural Foundation (၁၉၉၇-၂၀၀၅ ခုနှစ်)၊ Aomori ယဉ်ကျေးမှုမြှင့်တင်ရေး ကော်မတီအဖွဲ့ဝင်အဖြစ် Culture Promotion Committee of Aomori (၁၉၉၉ ခုနှစ်)၊ အိုကီနာဝါတွင် အာရှသုခုမအနုပညာ ဆွေးနွေးပွဲ ဒုတိယဥက္ကဋ္ဌအဖြစ် Chair of the Asian Performing Artists’ Forum in Okinawa (၂၀၀၀-၂၀၀၅ ခုနှစ်)၊ Japan Foundation (၂၀၀၄-၂၀၁၁ ခုနှစ်)၏ အဖွဲ့ဝင်အဖြစ် အထူးခန့်အပ်ခြင်းခံရသူဖြစ်သည်။

**စာနယ်ဇင်းသမားများအတွက် သီးသန့်ဖျော်ဖြေတင်ဆက်မှု**

အဆိုပါ ပြဇာတ်ဖျော်ဖြေတင်ဆက်နေစဉ်အတွင်း စာနယ်ဇင်းဆရာများကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးမှု ခွင့်ပြုမည်မဟုတ်ကြောင်း၊ သို့သော် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ရန်အတွက် သီးသန့်ဖျော်ဖြေတင်ဆက်မှုတွင် စီစဉ်ပေးမည်ဖြစ်ကြောင်း ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်မည့် ထိုရိုက်ကူးတင်ဆက်မှုကို စိတ်ဝင်စားသူများအနေဖြင့် ဂျပန်သံရုံးသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ပြဇာတ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသူများအနေဖြင့်** ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး အမှတ်(၁၀၀)၊ နတ်မောက်လမ်း ဗဟန်းမြို့နယ် ဖုန်း ၀၁ ၅၄၉၆၄၄ ~8 Info.cul@yn.mofa.go.jp သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**









## နိုင်ငံတကာ ကေပေါ့ပ်တေးသီချင်းဗီဒီယိုဈေးကွက်တွင် လူကြည့်အများဆုံးသော ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ ဖြစ်လာခဲ့သည့် BTS

အမျိုးသားကေပေါ့ပ်အဖွဲ့ BTS အနေဖြင့် မေလတစ်လလုံးတွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာ ကေပေါ့ပ်တေးသီချင်းဗီဒီယိုဈေးကွက်တွင် လူကြည့်အများဆုံးသော ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် လူကြည့်အများဆုံးသော တောင်ကိုရီးယားအနုပညာရှင်များ၏ ပေါ့ပ်သီချင်းများ စာရင်းတွင် ထိပ်တန်း ၁၀ ဦး၌ ပါဝင်ခဲ့ကာ မေလအတွက် ဘေလ်ဘုတ်မှ ထုတ်ပြန်ခဲ့သော လစဉ်စာရင်းဇယားများအရ သိရသည်။

BTS အဖွဲ့၏ တေးသီချင်းဗီဒီယိုများသည် မေလအတွင်းက ထုတ်ပြန်ခဲ့သည့် တေးသီချင်းဗီဒီယိုစာရင်းအတော်များများတွင် ပထမနှင့် ဒုတိယနေရာများတွင် ရပ်တည်ခဲ့သည်။

လက်ရှိတွင် BTS အဖွဲ့သည် အာရှဒေသရှိ နိုင်ငံများ၌ ကျင်းပမည့် ဂီတဖျော်ဖြေပွဲများအတွက် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။



BTS အဖွဲ့သည် မေလအတွင်းက The Most Beautiful Moment in Life: Young Forever အယ်လ်ဘမ် ထွက်ရှိခဲ့ပြီး ယင်းအယ်လ်ဘမ်ဖြင့် ပရိသတ်များ၏ တစ်ခဲနက် ထောက်ခံအားပေးမှုရရှိခဲ့သည့် ဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းသည်



## ကေပေါ့ပ်လောက၏ရေပန်းအစားဆုံးအဖွဲ့အဖြစ် Girls’ Generation အဖွဲ့အားဂုဏ်ပြု

ကေပေါ့ပ်ဂီတလမ်းကြောင်းပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် ဝင်ရောက်ခဲ့ပြီး တစ်ရှိန်ထိုး အောင်မြင်မှုရရှိနေသည့် Girls’ Generation အား ကေပေါ့ပ်ဂီတလောက၏ ရေပန်းအစားဆုံးအဖွဲ့အဖြစ် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

Girls’ Generation အဖွဲ့နှင့်အတူ ကေပေါ့ပ်လောက၏ ဒုတိယမျိုးဆက်ဟုတင်စားခေါ်ဝေါ်ကြသည့် 2NE1နှင့် KARA အဖွဲ့တို့ကိုလည်း ယင်းကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုခဲ့သည်။

Girls’ Generation ၏ ဂီတလှုပ်ရှားမှုအနေဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက Lion Heart အယ်လ်ဘမ်ထွက်ရှိခဲ့ပြီး ယင်းအယ်လ်ဘမ်သည် အချပ်ရေပေါင်း ၃၉၀၀၀၀ ကျော်ရောင်းချခဲ့ရသည့် အတွက် တောင်ကိုရီးယား၏အအောင်မြင်ဆုံး အမျိုးသမီးပေါ့ပ်အဖွဲ့တစ်ဖွဲ့အဖြစ် Gaon Music Chart မှ ဂုဏ်ပြုပေးခဲ့ကြောင်းလည်းသိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂ - ၆ - ၂၀၁၆ (တနင်္ဂနွေနေ့)]

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ “သတိပဋ္ဌာန်ကျင့်စဉ်ဖြင့် တစ်ဦးချင်းနှင့် စုပေါင်းစိတ်ခံစားမှုကိုစောင့်ရှောက်ခြင်း” တရားတော်(ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိ(အောက်စ်ဖို့ဒ် ဆရာတော်)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၉၀)
၇:၃၀ MRTV-4 သတင်း
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာရွှေတိုင်းဘဏ်နှင့် ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီ VM Ware တို့ ပူးပေါင်းဆောင်ရွက်မှုသဘောတူလက်မှတ်ရေးထိုးပွဲ)
၉:၀၀ Weekly Sports Diary
၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း ၁၇)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၀ Star တို့လက်ရာ
၁၁:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၉၅+၉၆)
၂:၂၀ World of Knowledge (Ultmate Air port Dubai)
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၉၁)
၅:၃၅ Food & Decor
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၉၁)
၇:၄၅ Myanmar's Got Talent
၈:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၁၈)
၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၉၇+၉၈)
၁၀:၅၅ MRTV-4 Stage

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ Business News
၈:၃၅ တရားမဝင်ဆေးဝါးများနှင့် ဆေးအတုများလုံးဝကင်းစင် ပပျောက်ရေးတာဝန်ရှိအဖွဲ့အစည်းများနှင့်တွေ့ဆုံမေးမြန်းခြင်း(အပိုင်း-၂)
၉:၃၅ ပြည်သူတို့ရဲ့စကားသံများ
၉:၅၀ ကဗျာရိပ်မြုံ“တောက်တဲ့ဗေဒင်”
၁၀:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁:၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၁၂:၅၀ ဖြူ/မည်းရုပ်ရှင် “စက်ဘီးကလေး” (သိန်းဇော်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ဝင်းဖေ)
၂:၄၅ “မီးမီးရဲ့ဆုံးဖြတ်ချက်”
၃:၁၅ OoredooMNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ရတနာပုံ ယူနိုက်တက် FC အသင်း)
၅:၂၅ “သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ”
၅:၃၅ “သက်ဝင်လှုပ်ရှားကမ္ဘာကျော်ဖားကန့်ရတနာမြေပုံရိပ်များ” (အပိုင်း-၁)
၆:၃၀ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၁၅ “ရင်တွင်းရေးပြဿနာ” (အပိုင်း-၁၅) (ဇာတ်သိမ်း) (နိုင်းနိုင်း၊သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ- ဟိန်းစိုး)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း “မိုးနတ်သူဇာအငြိမ့်” -“အိပ်မက်ထဲကအတိုင်း”

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆:၃၀ -ဝါတွင်းဆွမ်းလောင်းပွဲ
၆:၄၀ -နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၇:၀၀ -မြန်မာဗီဒီယိုဇာတ်လမ်း “ကောင်းကင်နှစ်စင်းရဲ့လမင်း”
၉:၁၀ MRTV Entertainment Music
၉:၃၀ -မြန်မာရုပ်ရှင်“၃၉ ဗိုက်ပူ”
၁၂:၀၀ -အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

# ပြင်သစ်က ရိုမေးနီးယားကို အနိုင်ရခဲ့သည့် ယူရိုအဖွင့်ပွဲစဉ်တွင် အနိုင်ဂိုးသွင်းယူပြီး မျက်ရည်ကျရခြင်းအကြောင်းကို ရှင်းပြခဲ့တဲ့ပါယက်

ပြင်သစ်အသင်းက ရိုမေးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ယူရို-၂၀၁၆ အဖွင့်ပွဲစဉ်မှာ အနိုင်ဂိုးသွင်းယူခဲ့သူပါယက်က သူ ဘာကြောင့် မျက်ရည်ကျရသလဲဆိုတာ ရှင်းပြပါတယ်။ ပါယက်ဟာ အသက် (၂၉)နှစ်အရွယ်ရောက်မှ ပြင်သစ်လက်ရွေးစင်အသင်းအတွက် ခေါ်ယူခံခဲ့ရတာဖြစ်ပြီး ဒီလမ်းကြောင်းကို ဝေဖန်မှုတွေ၊ အတိုက်အခိုက်တွေ များစွာကိုဖြတ်သန်းပြီးမှ ရောက်လာရတာဖြစ်တဲ့အတွက် ဖွင့်ပွဲအနိုင်ဂိုးရှင်ဖြစ်ခွင့်ရခြင်းအပေါ် စိတ်ခံစားချက်မထိန်းနိုင်ဘဲ မျက်ရည်ကျခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

"ရာသီအစမှာ နည်းပြက ကျွန်တော့်ကို လက်ရွေးစင်အသင်းအတွက် ခေါ်ယူခဲ့လို့ အားလုံးက ယုံကြည်ဖို့ခက်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော် အခု ဒီနေရာ၊ ဒီအချိန်မှာ ပြင်သစ်အသင်းအတွက် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သူဖြစ်လာတော့ ခံစားချက်ကို မထိန်းနိုင်ခဲ့ဘူး။ ပရိသတ်ရဲ့ အားပေးသံရယ်၊ အရင်ကခံစားခဲ့ရတဲ့ ဝေဖန်မှုအသံတွေရယ်ကြား ပြင်းထန်တဲ့ ခံစားချက်ရှိလာခဲ့လို့ ကျွန်တော် မျက်ရည်ကျရတာပါ"လို့ ပါယက်ကပြောပါတယ်။



ပြင်သစ်အသင်းဟာ ဒီနေ့ပွဲမှာ ရိုမေးနီးယားထက် ခြေစွမ်းသာခဲ့ပေမယ့် နောက်တန်းခံစစ်ကျစ်လျစ်လွန်းတဲ့ ရိုမေးနီးယားခံစစ်ကြောင်းကြောင့် အနိုင်ရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ပါယက်ရဲ့ ကိုက်၃၀အကွာက သွင်းယူခဲ့တဲ့ အနိုင်ဂိုးဟာ အိမ်ရှင်အသင်းအတွက် အသက်ရှူချောင်စေခဲ့ပါတယ်။ ပါယက်ဟာ ပွဲချိန် ၅၈ မိနစ် တိုက်စစ်မှူး ဂီရော့ဒ်သွင်းယူခဲ့တဲ့ အဖွင့်ဂိုးကိုလည်း ဖန်တီးပေးခဲ့ပါသေးတယ်။ ယခုပြင်သစ်-ရိုမေးနီးယား ပွဲစဉ်ရဲ့ အကောင်းဆုံး ကစားသမားဆုကိုလည်း ပါယက်ကပဲ ရရှိခဲ့ပါတယ်။ **(မေလှဲ့သင်း)**



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့ယှဉ်ပြိုင်နေစဉ်။

**○ နာမည်ကြီးမှ**

ရလဒ်ကောင်းများဆက်တိုက် ရယူလာနိုင်ခဲ့ပြီး ဂူစတာဗို၏ ပထမပိုင်းတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာ နှစ်ပွဲဆက်အနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားအလယ်သို့ တက်လှမ်းလာနိုင်ခဲ့ပြီး ထိပ်ပိုင်းမှအသင်းများနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်ခဲ့သည်။ ရခိုင်အသင်းမှာ ဒုတိယအကျော့တွင် နှစ်ပွဲဆက်ရှုံးခဲ့သောကြောင့် တန်းဆင်းဇုန်အတွက် ဖိအားဝင်သွားခဲ့ရသည်။

ရှမ်းအသင်းမှာ ဝင်းမင်းထွန်း၊ သီဟစည်သူ၊ မက်ဆီဗင်၊ ရန်နိုင်ဦး၊ ဂူစတာဗို စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းမှာလည်း နိုင်ငံခြားသားသုံးဦးအပါအဝင် အတော့်တင်းဆုံးလူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းက အခွင့်အရေးပိုရခဲ့သည်။ ၃၈ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ဂူစတာဗိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းလာသော်လည်း ရှမ်းခံစစ်ပိုင်း အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။ ရှမ်းအသင်းမှာ ဇင်မင်းထွန်းအစား စိုးမင်းဦးကို ထည့်သွင်းကစားပြီး နောက်ပိုင်းမှ တိုက်စစ်ကစားပုံ ပြန်ကောင်းလာပြီး ရခိုင်အသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ အိမ်ကွင်းတွင်နိုင်ပွဲရယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းမှာ ပထမအကျော့က ရခိုင်အသင်းကိုအဝေးကွင်း၌ သရေသာကစားနိုင်ခဲ့ခြင်းကို အဆုံးသတ်ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ရှမ်းအသင်းမှာစိုးရိမ်စိတ်များနေ၍ ဟံသာဝတီနှင့်ပွဲကဲ့သို့ ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ပေ။

တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ယခုပွဲမှာ ဟံသာဝတီအသင်း၏ အိမ်ကွင်း ပထမဆုံးပွဲစဉ်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ အိမ်ကွင်းတွင် ကစားကွက် တည်မရဖြစ်နေသည့် ဟံသာဝတီအသင်းကို မကွေးအသင်းက အခွင့်ကောင်းယူသွားခဲ့ပြီး ၁၄ မိနစ်တွင် နန္ဒကျော်၊ ၄၂ မိနစ်တွင် ကိုကိုနိုင်၊ ၆၄ မိနစ်တွင် ဆယ်လာ၊ ၇၁ မိနစ်တွင် ထူးထူးအောင် တို့က သွင်းယူခဲ့သည်။ ၇၇ မိနစ်တွင် မောင်မောင်လွင်က ဟံသာဝတီအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။

**ယနေ့ပွဲ**

**(YUSCကွင်း)**

ရန်ကုန် - ရတနာပုံ

**(ကျောက်တိုင်ကွင်း)**

ဧရာဝတီ - ဇွဲကပင်

**(မုံရွာကွင်း)**

ဇေယျာရွှေမြေ - ချင်းယူနိုက်တက်

**(သုဝဏ္ဏကွင်း)**

Southern - Horizon

**(သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်)**

# တိုက်စစ်မှူးလီယွန်နယ်မက်ဆီ ၁၉ မိနစ်အတွင်း သုံးဂိုးသွင်းယူ ပနားမားကို အနိုင်ရပြီးနောက် အာဂျင်တီးနား ကွာတားတက်

ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များအနက်မှ အုပ်စု(D)ပွဲစဉ်များကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင် ကစားခဲ့ရာ ချီလီအသင်းနှင့် ဘိုလီဗီးယားအသင်းတို့၏ ပွဲစဉ်တွင် ချီလီအသင်းက လည်းကောင်း၊ အာဂျင်တီးနားအသင်းနှင့် ပနားမားအသင်းတို့၏ပွဲစဉ်တွင် အာဂျင်တီးနားအသင်းကလည်းကောင်း အသီးသီး နိုင်ပွဲများရရှိခဲ့ကြသည်။



ချီလီအသင်းနှင့် ဘိုလီဗီးယားအသင်းတို့၏ ပွဲစဉ်တွင် ချီလီအသင်းက ဘိုလီဗီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချီလီအသင်းအတွက်သွင်းဂိုး နှစ်ဂိုးကို ဗီဒယ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘိုလီဗီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ကမ်ပို့စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချီလီအသင်းသည် အဆိုပါပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စု(D)တွင် နှစ်ပွဲကစား၊ တစ်ပွဲနိုင်ရလဒ်ဖြင့် ရမှတ်သုံးမှတ်ရရှိထားသည်။ ချီလီအသင်းသည် အုပ်စု(D)၏ အဖွင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စု(D)၏ အခြားပွဲ စဉ်တစ်ပွဲဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ပနားမားအသင်းတို့၏ ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို အဂူရိုက တစ်ဂိုး၊ အော့တမန်ဒီက တစ်ဂိုးနှင့် မက်ဆီက သုံးဂိုးစသည်ဖြင့် အသီးသီး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးများသွင်းယူပေးခဲ့သည့် ကစားသမားသုံးဦးအနက် တိုက်စစ်မှူးမက်ဆီသည် ၁၉ မိနစ်အတွင်း သုံးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၆၈ မိနစ်၊ ၇၈ မိနစ်နှင့် ၈၇ မိနစ်တို့တွင် သုံးဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ယင်းပွဲစဉ်အနိုင်ရရှိခဲ့ ခြင်းကြောင့် အုပ်စု(D)တွင် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်ရလဒ်ဖြင့် ရမှတ်ခြောက်မှတ်အထိရရှိကာ ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အုပ်စု(D)တွင် အာဂျင်တီးနားအသင်းသည် ကွာတားဖိုင်နယ်တက်လှမ်းရန်သေချာသွားပြီဖြစ်သော်လည်း ချီလီအသင်းနှင့် ပနားမားအသင်းတို့မှာ ရမှတ်သုံးမှတ်စီ ရရှိထားပြီး ဘိုလီဗီးယားအသင်းမှာမူ ရမှတ်တစ်မှတ်မျှ ရရှိထားခြင်းမရှိသေးပေ။

**(ငွေကြယ်)**

■



# စပိန်အသင်းလူစာရင်းမှ နုတ်ထွက်မည်မဟုတ်ကြောင်း ဒီဂီယာတုံ့ပြန်

စပိန်ဂိုးသမား ဒီဂီယာက ၎င်းမှာ လိင်အကြမ်းဖက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသော်လည်း ယင်းဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ခြင်းမရှိသဖြင့် စပိန်အသင်းလူစာရင်းမှ နုတ်ထွက်မည်မဟုတ်ကြောင်း တုံ့ပြန်လိုက်သည်။ ဒီဂီယာက "ဒီသတင်းထွက်လာတာ ကျွန်တော့်ထက်ပိုပြီး ဘယ်သူကမှ အံ့ဩမှာမဟုတ်ဘူး။ ကျွန်တော် ဘာတစ်ခုမှ မမှားခဲ့လို့ စပိန်အသင်းလူစာရင်းကနေ ထွက်ခွာစရာအကြောင်းလည်း မရှိပါဘူး" ဟု ဆိုလိုက်သည်။

ပြီးခဲ့သည့် ဧပြီလက တော်ဘီဟု လူသိများသည့် အယ်လန်ဟာနန် ဒက်ဇ်မှာ လူကုန်ကူးမှု၊ လိင်အမြတ်စေခိုင်းမှု၊ အသက်မပြည့်သေးသည့် ကလေးများအား လိင်ကျွန်ပြုမှု စသည့် စွပ်စွဲချက်များကြောင့် ဖမ်းဆီးခံခဲ့ရပြီး သက်သေများက ၎င်းမှာ ဒီဂီယာနှင့် အဆက်အသွယ်ရှိသည်ဟု ထွက်ဆိုချက်အပြီး ဒီဂီယာမှာ အလိုမတူသည့်ပြည့်တန်ဆာ တစ်ဦးနှင့် ပျော်ပါးခဲ့သည်ဟု စပိန်မီဒီယာများက ခေါင်းစီးသတင်းအဖြစ် အကျယ်တဝင့်ဖော်ပြခဲ့ကြသည်။

၂၀၁၂ခုနှစ်တွင် ဒီဂီယာ၊ ဘီဘာ အိုတိုက်စစ်မှူး မော်နီယန်နှင့်အခြား စပိန်ယူ-၂၁ အသင်းမှ ကစားသမားတစ်ဦးတို့သည် တော်ဘီအပါအဝင် အသက်မပြည့်သေးသည့် ပြည့်တန်ဆာတစ်ဦးနှင့် ပျော်ပါးခဲ့ကြခြင်းဖြစ်သည်ဟု Eldiario သတင်းဌာနက ဖော်ပြသည်။ ၎င်းတို့သည် TP3 ဟိုတယ်တွင် တည်းခိုခဲ့ကြပြီး တော်ဘီက ဆန္ဒမရှိသည့် အမျိုးသမီးငယ်အား ခိုင်းစေခဲ့ခြင်းဖြစ်ကာ ဒီဂီယာတို့ထံမှ ငွေကြေးမြောက်မြားစွာ ရယူခဲ့ကြောင်း သိရသည်။

**(မေလှဲ့သင်း)**

# သီးနှံနှင့်သစ်တော ရောနှောစိုက်ပျိုးသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ပေးနေ



**မုံရွာ၊ ဇွန် ၁၁**

သစ်တောပိုင်မြေများအတွင်း ဝင်ရောက်ထွန်ယက်စိုက်ပျိုးလျက်ရှိသော ယာမြေများကို စစ်တမ်းများကောက်ယူ၍ သီးနှံနှင့်သစ်တော ရောနှောစိုက်ပျိုးသည့် နည်းစနစ်အား အခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လုပ်ကိုင်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှုကြီးမှူးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးဌာနတို့ ပူးပေါင်းပါဝင်သည့် အဖွဲ့များဖြင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း ဝင်ရောက်လုပ်ကိုင်လျက်ရှိသော ယာမြေများကို စစ်တမ်းကောက်ယူခဲ့ရာ ဧက ၅၃၅၃၀ ဒသမ ၁၈ ဧကရှိသဖြင့် အဆိုပါယာမြေများကို သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို ဘဏ္ဍာနှစ်အလိုက် တည်ထောင်ပေးလျက်ရှိကြောင်း သိရသည်။

"သစ်တောကြိုးဝိုင်းအတွင်းမှာ လုပ်ကိုင်နေတဲ့ ယာမြေတွေကို နှစ်သုံးဆယ်ဂရန်နဲ့ လုပ်ကိုင်ခွင့်ပေးတယ်။ ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်တွေပေးလိုက်တယ်။ လုပ်တဲ့နည်းစနစ်ကတော့ သူတို့ကလဲ သီးနှံပင်တွေလည်းစိုက်တယ်။ ဌာနက အခမဲ့ဖြန့်ဝေပေးတဲ့ သစ်ပင်ပျိုးပင်တွေကို စိုက်ပျိုးမယ့် သီးနှံသစ်တောရောနှောစိုက်ခြင်းပေ့ါ။ အဲဒီယာမြေတွေကို နှစ်သုံးဆယ်လုပ်ပိုင်ခွင့်ပေးပြီး သစ်တောတည်ထောင်ခွင့်လက်မှတ်ကိုလည်း ထုတ်ပေးလိုက်တယ် တစ်ခုသတိထားရမှာက ၂၀၁၃ ခုနှစ်က စာရင်းကောက်ယူတုန်းက သစ်တောနယ်မြေတွေမှာ အမှန်တကယ်ထွန်ယက်စိုက်ပျိုးနေတဲ့ သူတွေဖြစ်ရပါမယ်။ ၂၀၁၄ ခုနှစ် နောက်ပိုင်းမှာ ဝင်ရောက်လုပ်ကိုင်တဲ့သူတွေကိုတော့ ကျူးကျော်တဲ့သူတွေအဖြစ် သတ်မှတ်ပြီး သစ်တောဥပဒေအရ အရေးယူခြင်းခံရပါမယ်။ ယာမြေတွေလုပ်ကိုင်တဲ့ မြေတွေမှာ တစ်ဧကကို သစ်ပင် ၁၇၀ စိုက်ပျိုးရပါမယ်။ ထွက်ရှိလာတဲ့ သစ်တွေကို ကျေးရွာအတွက်သုံးမယ်။ ကိုယ်ပိုင်အနေနဲ့ အသုံးပြုမယ်ဆိုရင်တော့ ဘာမှအခွန်ဆောင်စရာမလိုပါဘူး။ မျှောတွေ၊ တိုင်တွေ သစ်အဆင့်တွေရလာပြီး ပိုလျှံလို့ တခြားဒေသကို ရောင်းဝယ်ဖောက်ကားမယ်ဆိုရင်တော့ သက်မှတ်တဲ့ အခွန်အခကို နိုင်ငံတော်ကိုပေးသွင်းပြီး တရားဝင်လုပ်ကိုင်နိုင်ပါတယ်။ မြန်မာနိုင်ငံက သစ်တောတွေကို သစ်တောဦးစီးဌာနတစ်ခုတည်းကပဲ ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် မဖြစ်နိုင်တဲ့အတွက် သူတို့ရဲ့အားကိုလည်း ယူတဲ့သဘောပါပဲ။ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေကို ကျူးကျော်တဲ့နေရာတွေကနေပြီးတော့ တဖြည်းဖြည်းနဲ့ စပြီးကျင့်သုံးတာပါ။ ဧကအကျယ်အဝန်းကများတော့ ဘဏ္ဍာငွေအခြေအနေအရနှစ်အလိုက် တည်ထောင်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောကြိုးဝိုင်းတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသော ယာမြေဧက ၅၃၅၃၀ ဒသမ ၁၈ ဧကရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧက ၅၀ အားလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၆၃၃ ဒသမ ၈၆ ဧကအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၄၃၄၁ ဒသမ ၂၅ ဧကအားလည်းကောင်း ဘဏ္ဍာနှစ်အလိုက် သီးနှံသစ်တောရောနှောသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ပေးလျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ၈၄၉၄ ဒသမ ၅၆ ဧကကို တည်ထောင်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောယာမြေများကိုလည်း ဘဏ္ဍာနှစ်အလိုက် တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ပန်ဒါကုမ္ပဏီပိုင်ရှင်အား အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက တရားစွဲဆို

**စဥ့်ကိုင် ဇွန် ၁၁**

ပလိပ်ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ ပန်ဒါကုမ္ပဏီတွင် အလုပ်သမားများ ထိုင်သပိတ်ပြုလုပ်ကာ ဆန္ဒပြတောင်းဆိုနေမှုနှင့်ပတ်သက်၍ အစိုးရတာဝန်ရှိသူများက အလုပ်ရှင်နှင့် အလုပ်သမားများကို ခေါ်ယူတွေ့ဆုံကာ အကြိမ်ကြိမ်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသည့်အတွက် အဆိုပါဖြစ်စဥ်နှင့်ပတ်သက်၍ ပလိပ်ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ ပန်ဒါကုမ္ပဏီပိုင်ရှင်အား မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၃၉ အရ တရားစွဲဆိုခဲ့ရာ စဥ့်ကိုင်မြို့နယ်တရားရုံးတွင် အမှုအမှတ် ၃၃၂/၂၀၁၆ ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပလိပ်ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံတွင် အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများသည် EC စာချုပ်အရ အလုပ်သမားများအပေါ်တွင် လစာဖြတ်တောက်မှုနှင့်ပတ်သက်၍ ပန်ဒါကုမ္ပဏီစက်ရုံဝင်းအတွင်း၌ ဇွန် ၃ ရက်မှစ၍ ထိုင်သပိတ်ပြုလုပ်နေရာ အလုပ်ရှင်နှင့် အလုပ်သမားများ ပြေလည်မှုရရှိစေရန်အတွက် စဥ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အလုပ်ရှင်၊ အလုပ်သမားနှင့် တာဝန်ရှိသူများတွေ့ဆုံ၍ ညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

ယင်းသို့ညှိနှိုင်းမှုများပြုလုပ်ရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပန်ဒါကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆန္ဒပြအလုပ်သမားအဖွဲ့မှ အလုပ်သမားခေါင်းဆောင်သမဂ္ဂဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွန် ၄ ရက်မှ ဇွန် ၈ ရက်ထိ ငါးကြိမ်တိုင်တွေ့ဆုံ၍ အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများပြေလည်မှုရရှိစေရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရှိသဖြင့် ဆန္ဒပြအလုပ်သမားများသည် ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် ထိုင်သပိတ်ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# လင်းကယ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အခမဲ့ ကွင်းဆင်းဆေးကုသမှုပြုလုပ်

**အထက်မင်းလှ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် လင်းကယ်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် မေ ၈ ရက်၌ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းဦးဆောင်၍ မင်းလှမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းဝင်းပါ ကျန်းမာရေးဝန်ထမ်း ၁၂ ဦးနှင့် လင်းကယ်တိုက်နယ်အတွင်းရှိ ကျန်းမာရေးဆရာမ ၁၆ ဦးတို့သည် လင်းကယ်တိုက်နယ်အတွင်းရှိ ပြည်သူများအားကွင်းဆင်း၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးခဲ့ရာတွင် လင်းကယ်တိုက်နယ်အတွင်းရှိ ကျေးရွာများမှ အထွေထွေရောဂါဝေဒနာရှင် အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၁၇၄ ဦးနှင့် အသေးစားခွဲစိတ်မှုလူနာ အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ခုနစ်ဦးတို့အား နံနက် ၁၁ မှ ညနေ ၆ နာရီခွဲထိ အခမဲ့ ဆေးကုသမှု ဆောင်ရွက်ခဲ့သည်။

ဆေးကုသမှုခံယူသည့်လူနာများတွင် အဖြစ်အများဆုံးတွေ့ရှိရသည့်ရောဂါမှာ သွေးတိုးရောဂါဖြစ်ကြောင်း ကျန်းမာရေးဦးစီးမှူးထံမှ သိရသည်။ ဆေးကုသသည့် လူနာတစ်ဦးက "ယခုလို ကျေးရွာအရောက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးတဲ့အတွက် အလွန်ဝမ်းသာကြောင်း၊ မြို့အရောက် သွားရောက်ကုသပါက ကုန်ကျစရိတ်များပြားပြီး ယခုကဲ့သို့ မိုးရာသီတွင် သွားလာရသည့် အခက်အခဲရှိကြောင်း ပြောကြားခဲ့သည်။

**ကိုသက်(အထက်မင်းလှ)**



# EXIM BANK ချေးငွေများ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ချောင်းဦး ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများအား စိုက်ပျိုးစရိတ် ချေးငွေအဖြစ်ထုတ်ချေးထားသည့် EXIM BANK ချေးငွေများ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိဇင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကံငွေးက ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေး အသင်းစုမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးပြီး အသင်းသားများက ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မည့် အနေအထားများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ချောင်းဦးမြို့နယ်အနေဖြင့် EXIM BANK ချေးငွေများကို အသင်း ၈၅ သင်းမှ အသင်းသား ၁၁၆၀၈ ဦးသို့ ငွေကျပ် ၁၉၇၁ ဒသမ ၀၇ သန်းကို အတိုးနှုန်း တစ်ကျပ်ခွဲဖြင့် ထုတ်ချေးထားခဲ့ရာ ၂၀၁၆ ခုနှစ်ဇွန် ၂၈ ရက်တွင် အပြေအကျေ ပေးဆပ်နိုင်ရေးအတွက် ယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့မြို့နယ်အနေဖြင့် ရာခိုင်နှုန်းပြည့် ပြန်လည်ပေးဆပ်နိုင်သည့် အနေအထားတွင်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်အိအိဇင်က ပြောသည်။

**မယု(ချောင်းဦး)**

# မိုင်းလားဒေသရှိ သားရဲတိရစ္ဆာန် ဈေးကွက်ကို ပိတ်ရန် စီစဥ်

**ရန်ကုန် ဇွန် ၁၁**

ရှမ်းပြည်နယ် (အရှေ့) မိုင်းလားဒေသရှိ တရားမဝင် သားရဲတိရစ္ဆာန်ရောင်းဝယ်သည့် ဈေးကွက်ကို အစိုးရက ပိတ်ရန်စီစဥ်နေမှုအား WWF (မြန်မာ)က ကြိုဆိုလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့်အပတ်က AFP သတင်းအရ မိုင်းလားတွင် တရားမဝင်သားရဲတိရစ္ဆာန်ဈေးကွက်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကြေညာထားကြောင်းညွှန်ကြားရေးမှူးဦးကျော်စန်းနိုင်ထံက သိရကြောင်း WWF-Myanmar Country Director Dr. Christy Williams က ပြောသည်။

ရွှေတြိဂံဒေသတွင် ထိုသို့ တရားမဝင် သားရဲတိရစ္ဆာန်ရောင်းဝယ်ခြင်းမှာ မသင့်လျော်သဖြင့် ပိတ်သိမ်းရန် မီးမောင်းထိုးပြလိုက်ပြီဖြစ်ကြောင်းနှင့် မျိုးသုဥ်းမည့်အန္တရာယ် စိုးရိမ်နေရသည့် တိရစ္ဆာန်မျိုးစိတ်များနှင့် ကျား၊ ကြံ့၊ ဆင်များနှင့် လုံးဝမျိုးသုဥ်းလုနီးပါး တိရစ္ဆာန်များကိုပါ ရောင်းဝယ်နေသည်မှာမဖြစ်သင့်တော့ကြောင်း၊ သားရဲတိရစ္ဆာန်ရောင်းဝယ်မှုသည် စီးပွားရေးနှင့် လုံခြုံရေးမတည်ငြိမ်မှုများကို



**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ ယာဥ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အမှတ် (၉၄) ယာဥ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ် (မတ္တရာ) မှ ကျောင်းတက်၊ ကျောင်းဆင်းအချိန်များတွင် အ.ထ.က (၁) ကျောင်းရှေ့တွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - စိုးကျော်သူထွေး (မတ္တရာ)

## ရွာသစ်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်များချထားပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**ပခုက္ကူ ဇွန် ၁၁**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရွာသစ်ကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သောကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းစီမံချက်အရ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်သည် ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်နှင့်အတူ မြို့နယ်လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ ဇွန် ၉ ရက် ညနေ ၃ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က မြို့နယ်လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်ကျေးရွာ ရပ်မိရပ်ဖများအား ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်၊ ခြံမြေကွက်များကို မြေငှားဂရန်ထုတ်ပေးနိုင်ရန်အတွက် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် မိမိတို့အဖွဲ့ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါကျေးရွာသည် ပခုက္ကူ-ရေစကြို - မုံရွာ ကားလမ်းမပေါ်တွင်တည်ရှိပြီး အိမ်ခြေ ၁၁၇ အိမ်၊ လူဦးရေ ၆၄၀ မှီတင်းနေထိုင်ကြောင်း သိရသည်။

ပခုက္ကူခရိုင်အတွင်းရှိ အခြားမြို့နယ်များဖြစ်သော ပခုက္ကူမြို့နယ်တွင် ကျွန်းအိုကျေးရွာ၊ မြိုင်မြို့နယ်တွင်ထန်းဘူးတောကျေးရွာ၊ ပေါက်မြို့နယ်တွင် အင်းတော(မ)ကျေးရွာနှင့် ဆိပ်ဖြူမြို့နယ်တွင် ရေလယ်ကျွန်းကျေးရွာတို့တွင်လည်း မြေငှားဂရန်ချထားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်ပြန်/ဆက်**

## သရက်အုပ်ကျေးရွာအဝင်လမ်း ကျောက်ခင်းလမ်းပြီးစီး၍ ဒေသခံများအဆင်ပြေ

**တပ်ကုန်း ဇွန် ၁၁**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် လမ်း၊ မီး၊ ရေနှင့် ကဏ္ဍမျိုးစုံအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးကုန်း ကျေးရွာအုပ်စု၊ သရက်အုပ်ကျေးရွာပြည်သူများ မြို့ပေါ်နှင့် အခြားကျေးရွာများသို့ သွားလာရေးလွယ်ကူချောမွေ့စေရန် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်ထောက်ပံ့ငွေဖြင့် ကျေးရွာအဝင် မြေသားလမ်းအဆင့် အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ ပေကို ဧပြီ ၁ ရက်မှစတင်၍ ကျောက်ခင်းလမ်း အဆင့်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မေ ၂၈ ရက်၌ လုပ်ငန်းအားလုံးပြီးစီး၍ ဒေသခံပြည်သူ ၄၀၀ ကျော် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါလမ်းသည် ယခင်က လယ်ကြားလမ်းဖြစ်၍ ညီညာပြန့်ပြူးမှုမရှိဘဲ ကျောင်းသား၊ ကျောင်း သူများနှင့်ဒေသခံပြည်သူများ မြို့ဈေးနှင့်အခြေခံပညာအထက်တန်းကျောင်း သွားလာရေးအတွက် အဆင်မပြေဖြစ်ခဲ့သည်။ ထိုကျောက်ခင်းရိုစာလမ်းပြီးစီး၍ ဒေသခံပြည်သူများ၏ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီးဆင်းမှုမြန်ဆန်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေးများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။ **တင်စိုးလွင်**

## နွားထိုးကြီးမြို့နယ်တွင်စာဖတ်ရိုန်မြှင့်တင်ရေးဆောင်ရွက်

**နွားထိုးကြီး ဇွန် ၁၁**
နွားထိုးကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းကျေးလက်နေပြည်သူများ အသိပညာတိုးပွားစေရန် ရက် ၁၀၀ စီမံချက်ဖြင့် စာဖတ်ရှိုန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ် ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက် နံနက် ၉ နာရီက နွားထိုးကြီးမြို့နယ် ခက်လန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက စာပေဖတ်ရှုခြင်းအားဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကိုအသိပညာပေး ဟောပြောခဲ့သည်။ ယင်းနောက်ခက်လန်းကျေးရွာအခြေခံပညာအလယ်ကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများက နံရံကပ်ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များကိုလေ့လာဖတ်ရှုခဲ့ကြောင်းသိရသည်။ **သန်းအောင်ဇော် (ပြန်/ဆက်)**

## တောင်ပြုန်းမင်းနှစ်ပါးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မတ္တရာ ဇွန် ၁၁**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ပြုန်းဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရား ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့် တောင်ပြုန်းမင်းနှစ်ပါးပွဲတော်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ ရက် နံနက်ပိုင်းက မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်မှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်းတို့က ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရားဂေါပကအဖွဲ့မှ ပွဲတော်ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီများနှင့် ဂေါပကအဖွဲ့ဝင်များက ပွဲတော်ကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

အကြံပြုဆွေးနွေးချက်များနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်ပြောကြားရာတွင် တက်ရောက်သူများ အကြံပြုချက်ကောင်းများကို ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ယခင်နှစ် အားနည်းချက်အားသာချက်များကို နမူနာယူ၍ အားလုံးအဆင်ပြေသည့် အနေအထားရောက်အောင် လုပ်ငန်းစီမံချက်ရေးမှာဖြစ်ကြောင်း၊ ယခင်နှစ်ဖြစ်ခဲ့သည့် အားနည်းချက်နှင့် အခက်အခဲများကို ယခုနှစ်မဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဘုရားဂေါပကအဖွဲ့ကို ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် မော်လိုက်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနရှေ့တွင် ကျင်းပ

**မော်လိုက် ဇွန် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၇ ရက် နံနက် ၈ နာရီ၌ မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့ ကွင်းပြင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ်သစ်တောဦးစီးမှူး ဦးကိုကိုထွန်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများထံသို့ ပျိုးပင်များအား ဖြန့်ဝေပေးခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အဝင်များက သတ်မှတ်နေရာများတွင် ပျိုးပင်များအား ပျော်ပျော်ပါးပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်များဖြစ်သည့် ကျွန်းပင် ၅၀၊ ပိတောက်ပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၅၀၊ ကံ့ကော်ပင် ၆၀ နှင့် ယူကလတ်ပင် ၅၀ စုစုပေါင်းပျိုးပင် ၃၁၀ ကို စိုက်ပျိုးခဲ့ကြပြီး နောက်ထပ် သစ်ပင်ပျိုးပင်များကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတစ်ဦးထံမှ သိရသည်။

**မော်လိုက်သားလေး**



## စဥ့်ကိုင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆောင်ရွက်

**စဥ့်ကိုင် ဇွန် ၁၁**
မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာစေရေးအသိပညာပေးခြင်းများကို စဥ့်ကိုင်မြို့ မြို့မရဲစခန်းမှဦးဆောင်၍ ဇွန် ၁၀ ရက် နံနက် ၈ နာရီကဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းများကို စဥ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းနှင့် မြို့မရဲစခန်းမှ စခန်းမှူးဦးထွန်းထွန်းနိုင်၊ ရဲတပ်ကြပ်သန်းဌေးနှင့်ရဲတပ်ဖွဲ့ဝင်များသည် စဥ့်ကိုင်မြို့အဝင်လမ်းဆုံ၊စံပြ-မုန်းပေါင်းလမ်းဆုံ၊ မြို့အထွက်လမ်းဆုံများတွင် ဆိုင်ကယ်စီးပါက ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ရေး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များကို စနစ်တကျ စစ်ဆေးခြင်းအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

## အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့်အခမဲ့ဆေးကုသခြင်းဆောင်ရွက်

**ဘီးလင်း ဇွန် ၁၁**
ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မွန်ပြည်နယ် တိုင်းရင်းဆေးကုဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်ခေါင်းဆောင်သောအဖွဲ့၊ တောင်စွန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝင်းထွန်းတို့နှင့်အတူ ဇွန် ၉ ရက် နံနက် ၁၀ နာရီကသော်က မြောင်မျိုးဆက်သစ်လူငယ်ပရဟိတဂေဟာ တောင်စွန်းသို့ သွားရောက်၍ ပြည်သူအသိပညာပေး ဟောပြောပွဲကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ဟောပြောပွဲ မွန်ပြည်နယ်တိုင်းရင်းဆေးကုဌာန ပြည်နယ်ဦးစီးမှူး၊ သထုံခရိုင်ဦးစီးမှူးနှင့် ခရိုင်တိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ်တို့က တိုင်းရင်းဆေး၏အသုံးဝင်ပုံနှင့် တိုင်းရင်းဆေးဆိုင်ရာ သိကောင်းစရာများကိုဟောပြောခဲ့ကြသည်။

ယင်းနောက် တောင်စွန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် ဝင်းထွန်းက မူးယစ်ဆေးဝါး အမျိုးအစားနှင့် မူးယစ်ဆေး၏ ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်များ၊ဓါတ်ပုံများနှင့်သုတ၊ ရသစာအုပ်များကို ဂေဟာမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍သထုံခရိုင်နှင့်ဘီးလင်းမြို့နယ်တိုင်းရင်းဆေးမှူးတို့က အထွေထွေလူနာ ၁၄၄ ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးဇူးမသိ လူ့ဒိဋ္ဌိ နီတိဘောင်လွတ် ငှက်တောင်ကျွတ်သို့

**ခ** ကိုရင်ညြ

ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းသုံး ကွန်ပျူတာများ၏ အင်တာနက်ဆက်ကြောင်းကို ဖြတ်တောက်ရန် စီစဉ်ရခြင်းမှာ အစိုးရအဖွဲ့၏ သတင်းအချက်အလက်များ လုံခြုံရေးအလို့ငှာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဇွန် ၉ ရက်က သတင်းထောက်များအား ပြောကြားလိုက်လေရာ အင်တာနက်နှင့် ဆက်နွှယ်နေသော သတင်းအချက်အလက် လုံခြုံရေးအကြောင်းကို ခေါက်တုံ့လူးလာ ပိုင်းခြားဝေဖန်ရန် ကျွန်ုပ်အတွေးကွန့်မြူးမိလေ၏။

စင်ကာပူနိုင်ငံ၌ အစိုးရဌာနများရှိ ပြည်သူ့ဝန်ထမ်းများ သုံးစွဲနေသော ကွန်ပျူတာစက်များ၏ သတင်းအချက်အလက် လုံခြုံရေးအတွက် အင်တာနက်ချိတ်ဆက်မှုကို ဖြတ်တောက်ရသည့် ရည်ရွယ်ချက်မှာ အစိုးရယန္တရား၏ အကဲစမ်းမခံသော သတင်းအချက်အလက်များ လုံခြုံမှုရှိရေးအလို့ငှာ လုပ်ဆောင်ချက်ဖြစ်သည်ဟု လီရှန်လုံးက တိတိပပ မြွက်ဟခဲ့လေသည်။

စင်ကာပူ၏ ပြည်သူ့ဝန်ဆောင်လုပ်ငန်းဌာနများ၌ လက်ရှိအသုံးပြုနေသော ကွန်ပျူတာစက် အလုံးပေါင်း ၁၀၀၀၀၀ စလုံးကို လာမည့်နှစ်မေလမှ အစပြု၍ အင်တာနက်ဖြတ်တောက်မှု ပြုလုပ်လိမ့်မည်ဟု စထရိတ်တိုင်းသတင်းစာကြီးက ဇွန် ၈ ရက်တွင် ရေးသားဖော်ပြခဲ့၏။

တရားဥပဒေစိုးမိုးမှုအရ ပြိုင်စံရှားနိုင်ငံ အဆင့်ရရှိထားသော နိုင်ငံသည်ကား စင်ကာပူနိုင်ငံပေတည်း။ နှီးကြောဖျာ သဖွယ် အထိန်းအကွပ်ကောင်းသော နိုင်ငံလေးအဖြစ်လည်း အကျော်အဇောရှိ၏။ ငြိမ်ဝပ် ပိပြားရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အစရှိသည်တို့၌ စံပြနိုင်ငံအဖြစ်လည်းထိန့်ထိန့်ကျော်၏။ မေတ္တာရှင်မွေးသမိခင် ကြက်မကြီးက ယင်း၏ ရင်သွေးကြက်ပေါက်ကလေးများကို ရင်အုပ်မကွာ စောင့်ရှောက်ဘိသကဲ့သို့ပင် မေတ္တာလွှမ်းခြုံသော အာဏာပိုင်အစိုးရအဖွဲ့က သူ၏ ပြည်သူများအား တရားဥပဒေဟူသော ထိန်းအုပ်မှုဖြင့် အခါမလပ် စောင့်ရှောက်သည့် နိုင်ငံဟူ၍လည်း ညီးညီးပြောင်ပြောင် ကျော်ဇောခြင်းလည်းရှိ၏။

### ခေါင်းနားပန်းကြီးနေရသည့်ဖြစ်အင်

အရှေ့တောင်အာရှ မလေးကျွန်းဆွယ်၏ တောင်ဘက်စွန်း၌ လှလှပပ ကြွကြွရွရွ တည်ရှိနေသော နိုင်ငံငယ်ကလေး စင်ကာပူသည် နိုင်ငံငယ်သော်ငြား 'ပထမကမ္ဘာ' (First World) တွင် ပါဝင်နေပြီဖြစ်လေရာ ပြည်သူ့ဝန်ဆောင်မှု အစိုးရဌာနများ၏ သတင်းအချက်အလက်များ ပေါက်ကြားကာ မသမာသူတို့၏ လက်ဝယ်သို့ ရောက်ရှိသွားမည့်အရေးအတွက် ခေါင်းနားပန်းကြီးနေရလေသည်။

ဖခင်ကြီး လီကွမ်ယု ဦးဆောင်သော ပြည်သူ့လုပ်ရှားမှုပါတီ (ပီအေပီ)က ၁၉၅၉ ခုနှစ်မှစ၍ အုပ်ချုပ်လာခဲ့ပြီးလျှင် ယနေ့ပစ္စက္ခကာလ၌ သားဖြစ်သူ လီရှန်လုံးက ဖခင်ကြီးတည်ဆောက်ခဲ့သော နိုင်ငံ၏ တိုးတက်အောင်မြင်မှုများ မေးမှိန် ငုပ်လျှိုး မသွားရလေအောင် ကိုယ်ဖိရင်ဖိ ကြိုးစားလျက်ရှိစဉ်တွင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ သတင်းအချက်အလက် လုံခြုံရေးအတွက် ရတက်မအေးဖြစ်နေရလေသည်။

သတင်းအချက်အလက် လုံခြုံရေး ခြိမ်းခြောက်ခံရမှုဆိုသည်ကား လုပ်ငန်းဌာနများ၏ အီး-မေးလ်(ဝါ) ကွန်ပျူတာစာပို့စနစ်၏ စာလွှာများ၊ အပြန်အလှန်မျှဝေသော စာလွှာစာတမ်းများပေါက်ကြားနိုင်ဖွယ်ရှိမှုပေတည်း။

အစိုးရယန္တရားကြီး၏ တစ်နံတစ်လျားဌာနများမှ ဝန်ထမ်းများသည် လုပ်ငန်းနှင့် ပတ်သက်နှီးနွှယ်နေသော သတင်းအချက်အလက်များကို တစ်ကိုယ်ရေသုံး အီး-မေးလ်များသို့ ပေးပို့ခြင်းမပြုရန် တားမြစ်အမိန့် ညွှန်ကြားလွှာ ထုတ်ပြန်တော့မည်ဆို၏။

အစိုးရဌာနများ၏ အင်တာနက်ချိတ်ဆက်မှုအား ဖြတ်တောက်ပစ်မည်ဆိုသော သတင်းစကားသည် လူထုအတွင်း တောမီးပမာ ချက်ချင်းလက်ငင်း ပျံ့နှံ့ခဲ့ပြီးလျှင် အများသူငါ အံ့သြဘနန်းဖြစ်ရလေ၏။

မြန်မာနိုင်ငံသား ကျွန်ုပ်အနေဖြင့်မူကား ယင်းသတင်းနှင့်ပတ်သက်၍ အံ့သြမှုဖြစ်ရခြင်းထက် အမြော်အမြင်ကြီးမားသော အစိုးရအဖွဲ့တစ်ရပ်၏ အပွေးမြင်အပင်သိ၊ အသွေးမြင်အသွင်သိ လုံခြုံရေး သတိရှိမှုအဖြစ် ရှုမြင်မိလေသည်။

စင်ကာပူနိုင်ငံကို 'အိုင်တီစီ နည်းပညာ' အပြည့်အဝ အသုံးချသည့် နိုင်ငံ (Smart Nation) အဖြစ်သို့ ထူထောင်မည်ဆိုသော အစိုးရအဖွဲ့၏ ရည်မှန်းချက်တစ်ရပ်ရှိနေပေရာ ဌာနကွန်ပျူတာများ အင်တာနက်ချိတ်ဆက်မှုဖြတ်တောက်ခံရမည်ဆို သောသတင်းသည် စင်ကာပူနိုင်ငံသားတို့အတွက်မူ အစိုးရ၏ ရှေ့နောက်မညီညွတ်သော လုပ်ဆောင်ချက်အဖြစ် ဝေဖန်မေးငေါ့စရာဖြစ်ရလေပြီ။

စင်ကာပူနိုင်ငံရှိ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ဥပဒေပြုအဖွဲ့အစည်းများ အားလုံးသို့ ရုံးတွင်းညွှန်ကြားလွှာတစ်စောင် ဖြန့်ဝေခဲ့ရာတွင် အင်တာနက်ချိတ်ဆက်မှု ဖြတ်တောက်ရန် လိုအပ်ပုံကို ဖော်ပြထားသည်ဆို၏။

### ဆိုင်ဘာဥပဒ်ဘေး သတိပေးပြီ

ဆိုင်ဘာတိုက်ခိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပြီးလျှင် ကွန်ပျူတာ အဖျက်အမှောင့်ပြုမှုများမှ ကင်းဝေးသော လုပ်ငန်းခွင်ကို ထူထောင်နိုင်ရန် Infocomm Development အာဏာပိုင်အဖွဲ့က ကြိုးပမ်းစွမ်းဆောင်လျက်ရှိ၏။

Infocomm Development Authority ဟူသည်ကား စင်ကာပူနိုင်ငံ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံသော လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အာဏာပိုင်အဖွဲ့ဖြစ်သည်။

ကျွန်ုပ်တို့၏ အိုင်တီကွန်ရက် ပိုမိုလုံခြုံစိတ်ချရမှုရှိစေရန် စင်ကာပူအစိုးရအဖွဲ့က ပုံမှန်သုံးသပ်လေ့လာနေကြောင်း ယင်းအဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်က ချန်နယ်နျူးအေးရှား သတင်းဌာနသို့ ပြောကြားခဲ့လေသည်။

ပြည်သူ့ဝန်ဆောင်ဌာနများရှိ လုပ်ငန်းခွင်သုံး ကွန်ပျူတာများ၏ အင်တာနက်ချိတ်ဆက်မှုကို ဖြတ်တောက်ခြင်းသည် လုံခြုံရေးစည်းကျိုးမှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်လာမှုကြောင့် အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြစ်ရလေသလောဟု ဆိုရှယ်မီဒီယာများ၏ မှန်သားပြင်ပေါ်တွင် မှတ်ချက်ပေးရေးသားမှုများ ပေါ်ထွက်ခဲ့သည်။ သက်ဆိုင်ရာတာဝန်ရှိသူများကမူ ဝေဖန်ပြောဆိုမှုမပြုကြချေ။

၂၀၁၃ ခုနှစ်တွင် ဝန်ကြီးချုပ်၏ တရားဝင်ဝက်ဘ်ဆိုက်ကို Anonymous အမည်ရှိ လက်သီးပုန်း အုပ်စုတစ်ခုက တိုက်ခိုက်ခဲ့သည်။

ဆိုင်ဘာတိုက်ခိုက်မှုဟူသည် ကွန်ပျူတာကွန်ရက်စနစ် ကမောက်ကမဖြစ်သွားအောင် တိုက်ခိုက်ခြင်းနှင့် ကွန်ပျူတာဖောက်ထွင်းရေး စောရများက သတင်းအချက်အလက်များ ခိုးယူခြင်းတို့ဖြစ်သည်။ ကွန်ပျူတာ စောရများ(ဝါ) ဟက်ကာများက တစ်ဖက်သားအပေါ် သနားစာနာထောက်ထားခြင်း မရှိ ရက်ရက်စက်စက် ပြုမူတတ်ကြလေသည်။

ယနေ့ကာလတွင် အိုင်တီလုံခြုံရေးအတွက် စနစ်သစ်များကို မည်သို့ပင် ဖော်ထုတ်လာနိုင်စေကာမူ စင်းလုံးချော လုံခြုံသောစနစ်ဟူ၍ ပေါ်ထွန်းခြင်းမရှိသေးပေ။ ကွန်ပျူတာကွန်ရက်စနစ်ကို တစ်ခဏချင်း အနှောင့်အယှက်ပေးနိုင်သော ဟက်ကာများသည် အိုင်တီသမုဒ်ပြင်အတွင်း နားမထွင်းသည့်ဘူးသဖွယ် ပေါ်နေတတ်သည်ကို သတိချပ်ကြဖို့ ဤနေရာမှ ကျွန်ုပ်နှိုးဆော်လိုက်၏။

### ငှက်ပျောသီးအခွံနွှာသလို လွယ်ကူလွန်းမှု သတိထား

ယနေ့ကာလတွင် အီလက်ထရွန်းနစ်စာပို့စနစ်မှာ ငှက်ပျောသီးအခွံနွှာရသလို လွယ်ကူသက်သာလွန်းသည်။

ကွန်ပျူတာမောက်စ်ကို ကလစ်ကလေး တစ်ချက်နှိပ်ရုံမျှဖြင့် အီး-မေးလ်စာလွှာသည် စက္ကန့်ပိုင်းအတွင်း လက်ခံရောက်ရှိသွား၏။ လျှပ်စီးလက်သလို လက်ဖျောက်တစ်ချက်တီးကာလအတွင်းမှာပင် သတင်းအချက်အလက်များကို ပေးပို့နိုင်သည်။

အလုပ်ဌာန ကွန်ပျူတာကို အသုံးပြုကာ ပုဂ္ဂလိက အကောင့်များထံ အီး-မေးလ်ပို့ခွင့်ကို ပိတ်ပင်မည်ဖြစ်သော်လည်း အလုပ်ဌာနနှင့် မသက်ဆိုင်သော အီး-မေးလ်ကို ပုဂ္ဂလိက အကောင့်သို့ တစ်ကိုယ်ရေသုံး ဆက်သွယ်ရေး ကိရိယာငယ်များအသုံးပြု၍မူ ဆက်သွယ်ပေးပို့နိုင်ပေသည်။

### ရှေ့သို့ချီတက် အင်တာနက်

ဂလိုဘယ်လိုက်ဇေးရှင်း (ဝါ) ကမ္ဘာလွှမ်းခြုံမှုခေတ်တွင် ရှေ့သို့ တရိပ်ရိပ် ချီတက်နေသည်ကား အင်တာနက်ပေတည်း။

အင်တာနက်သုံးစွဲသူဦးရေ မြန်ဆန်နှုန်းမှာ လေးမြားမှ ပစ်ခွင်းလိုက်သော မြားသဖွယ် လျင်မြန်သော အရှိန်အဟုန်ဖြင့် ရွေ့လျားသွားသည့် ပုံအသွင်ပေတည်း။

ကမ္ဘာတစ်လွှားတွင် အင်တာနက် သုံးစွဲသူ ဦးရေမှာ ငါးနှစ်တာကာလအတွင်း သန်း ၅၀ အထိ ခုန်တက်ခဲ့၏။ ကမ္ဘာ့ရုပ်မြင်သံကြားကြည့်ရှုသူဦးရေ သန်း ၅၀ အထိ ပြည့်မီလာရန်အတွက်မူ ၁၃ နှစ်အထိ အချိန်ကို ငံ့လင့်စောင့်စားခဲ့ရသည်ဟု စစ်တမ်းများက ဆို၏။

ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း (တစ်နည်း) လူသားသန်း ၁၀၀၀ ကျော်က အင်တာနက်ကို အသုံးပြုလျက်ရှိကြကုန်၏။

တစ်မိုးလုံး 'ဖျောက်ဆိပ်' နေရာတကာမှာ အင်တာနက်မှ အင်တာနက်ဖြစ်နေသော ကမ္ဘာတစ်လွှား ဆက်သွယ်ရေးကွန်ရက်ကြီးသည် နိုင်ငံတိုင်းတွင် ပျံ့နှံ့လျက်ရှိသည်။ ဂြိုဟ်တုအခြေပြု အင်တာနက်ပေါ်ထွန်းခြင်းနှင့်အတူ ယနေ့ကာလ၌ အင်တာနက်ချိတ်ဆက်မှု မရှိသောနိုင်ငံဟူ၍ အလျင်းမရှိချေ။

သို့ဖြစ်လင့်ကစား ကမ္ဘာ့နိုင်ငံအချို့၌မူ အင်တာနက်သုံးစွဲမှုကို တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားမှုရှိသည်။ 'နက်' (Net) ဟု ချစ်စနိုး ခေါ်တွင်ခံရသော အင်တာနက်သည် သာကီဝင်မင်းသမီး ဇနပဒကလျာဏီ သဖွယ် လူတကာကို ဆွဲဆောင်နိုင်စွမ်းရှိ၏ဟု ကျွန်ုပ်တွေးတောမိလေသည်။

ပထမဆုံးပေါ်ထွန်းခဲ့သော Mosaic အမည်ရှိ Web Browser သည် ၁၉၉၃ မှစ၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ပျံ့နှံ့မှုရပ်ဆိုင်းသွားခဲ့သည်။ ယနေ့ကာလတွင်မူ Mozilla Firefox နှင့် Internet Explorer တို့ ကမ္ဘာတစ်ခွင် မင်းမူနေသည်။

ဟိုတလောဆီက ကျွန်ုပ်ဖတ်ရှုလိုက်ရသော သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်ကား Facebook နှင့် Twitter တို့ကဲ့သို့ လူမှုကွန်ရက်မီဒီယာ သုံးစွဲသူ ပြည်သူများသည် ၎င်းတို့၏ ဘဝတစ်သက်တာကာလ၏ ၁၀ ရာခိုင်နှုန်းအထိကို အွန်လိုင်းပေါ်တွင် အချိန်ကုန်လွန်စေဖွယ်ရှိသည်ဟု သုတေသီတို့က လေ့လာတွေ့ရှိရခြင်းဖြစ်သည်။

ဤတွင်ရွေ့ကား ကျွန်ုပ်တို့ သတိချပ်အပ်သည်မှာ လူမှုကွန်ရက်မီဒီယာ၏ မှန်သားပြင်ထက်ဝယ် နတ်ကရာကျိုးမော့ မဖြစ်နေဖို့ အထူးလိုအပ်ပုံပေတည်း။

အင်တာနက်ကို လူသားအကျိုးပြုရန် နည်းပညာရှင်များက မှန်ကန်သော စေတနာထားရှိကြသည်။ အသိဉာဏ်ရင့်သန်သူများသည် အင်တာနက်၏ ကျေးဇူးကို ပိုင်းပိုင်းခြားခြား နားလည်သဘောပေါက်၏။ အသိဉာဏ် နိမ့်ကျသူများမှာမူ အင်တာနက်ကို အလွဲ အသုံးချတတ်ကြ၏။

လူ့ယဉ်ကျေးမှု၏ အသီးအပွင့်အဖြစ် ကွန်ပျူတာကွန်ရက် အင်တာနက်ပေါ်ထွန်းခဲ့ခြင်းဖြစ်လေရာ ပြည်သူတို့အတွင်း အင်တာနက်အသုံးပြုခြင်းဆိုင်ရာ နီတိကျင့်ဝတ်များကို မြဲမြဲကျင့်ကြံစေသင့်သည်။ လူမှုဘဝအတွက် အကျိုးကျေးဇူးကြီးမားစေနိုင်သော အင်တာနက်ကို အလွဲအသုံးပြုသူကို လူ့အန္ဓ (ဝါ) လူ့ဒိဋ္ဌိ (ဝါ) လူမိုက်ဟု ခေါ်တွင်အပ်၏။

အင်တာနက် အလွဲသုံးသူသည်ကား အတောင်အလက်ကျွတ်နေသော ငှက်ပမာပင် အသရေညှိုးနိုင်ပုံကို တွေးတောမိရင်း "ကျေးဇူးမသိ လူ့ဒိဋ္ဌိ နီတိဘောင်လွတ် ငှက်တောင်ကျွတ်သို့ " ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။


ဓာတ်ပုံ- vulcanpost.com

# ဂျပန်နှစ်ရှည်ချေးငွေဖြင့်ဆောင်ရွက်သည့် ရေပေးရေးစီမံကိန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



**ပဲခူး ဇွန် ၁၁**
ဂျပန်နိုင်ငံအင်ဂျင်နီယာအဖွဲ့နှင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာများပူးပေါင်း၍ ဂျပန်နှစ်ရှည်ချေးငွေဖြင့်ဆောင်ရွက်သည့် ပဲခူးမြို့ ရေပေးရေးစီမံကိန်းအား ၂၀၁၅ ခုနှစ်မှစတင်ကာ အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ပြီး ယင်းစီမံကိန်းတွင် အပိုင်း(၁) အနေဖြင့် ကန်တော်ကြီးဆည်မှ မဲခုံရေစက်ရုံဝင်း အထိ ၁၉၇၂၂ ပေရှိ မိန်းပိုက်လိုင်းများလဲလှယ်ခြင်း၊ အပိုင်း(၂)တွင် မဲခုံရေစက်ဝန်းအတွင်း ရေသန့်စင်ခြင်းစနစ်တည်ဆောက်ခြင်းနှင့် မြို့တွင်းပိုက်လိုင်းများ ၁၄၆၆၅ ပေ လဲလှယ်ခြင်းလုပ်ငန်းများ ပါဝင်ကာ ယခုအခါအပိုင်း (၁)တွင် ပါဝင်သောလုပ်ငန်းအားလုံး ဇွန် ၆ ရက်တွင် ပြီးစီးသွားပြီး အပိုင်း(၂) တွင် ပါဝင်သော ရေဂါလန်ရှစ်သိန်းဆံ့ ရေစစ်ကန် ဂါလန်သုံးသိန်းဆံ့ ရေစုကန်နှင့် ပန့်စက်အိမ်ထရန်စဖော်မာ မြို့ပေါ်ရပ်ကွက်များအတွင်း ရေပိုက်များလဲလှယ်ခြင်းလုပ်ငန်းများအား စတင်လုပ်ဆောင်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇင်ညွန့်တို့က ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကန်တော်ကြီးဆည်ရေလှောင်ကန်သည် ၁၄၁ ဧကကျယ်ဝန်းပြီး ရေဝေရေလွှဲဧရိယာ ၁၃၈၀ ဧကရှိရာ တစ်ရက်ရေဖြန့်ဝေပေးနိုင်သည့် ရေဂါလန် သိန်း ၂၀ ဖြစ်သည်။ ယခုတစ်ရက် ဖြန့်ဝေပေးလျက်ရှိသည့် ရေဂါလန် ၇ သိန်းရှိသည်။

စီမံကိန်းပါ အပိုင်း (၁) နှင့် (၂) ပါ လုပ်ငန်းများအားလုံးအား ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းပြီးစီးသွားပါက ပဲခူးမြို့ပေါ်ရှိ ရွာသစ်၊ ကျောက်ကြီးစု၊ သွန်းဘုရားဈေးပိုင်း၊ ပန်းလှိုင်၊ ညောင်မြောက်/တောင်၊ ရုံးကြီး၊ ရှင်စောပုဖိုင်းမြောက်ရပ်ကွက်များရှိ ပြည်သူများ ကြည်လင်သန့်ရှင်းသော သောက်သုံးရေများ ကောင်မွန်ပေါများစွာ အသုံးပြုနိုင်ကြမည်ဖြစ်သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ကလေးမြို့နယ်တွင် မိုးကြိုးပစ်၍ နွားခုနစ်ကောင်ထိမှန်သေဆုံး

**ကလေး ဇွန် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ဇွန် ၇ ရက် ညနေ ၃ နာရီအချိန်ခန့်မှစ၍ မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးများလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ခဲ့ရာ ကံကြီးကျေးရွာ၌ မိုးကြိုးပစ်ခြင်းကြောင့် နွားမငါးကောင်နှင့် နွားထီးနှစ်ကောင် စုစုပေါင်း နွားခုနစ်ကောင်တို့ မိုးကြိုးစက်ကွင်း ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ကံကြီးကျေးရွာ၏ တောင်ဘက်နွားလွှတ်ကျောင်းထားသည့်စားကျက် ညောင်ပင်အောက်ရှိ နွားငါးကောင်နှင့် အနောက်ဘက်ယာခင်းပြင်ရှိ နွားနှစ်ကောင်တို့အား မိုးကြိုးပစ် ထိမှန်သေဆုံးကြခြင်းဖြစ်ပြီး နွားပိုင်ရှင်များဖြစ်ကြသည့် ဦးအဲထွေး၏ နွားမနှစ်ကောင်၊ ဦးဖိုးလုံး၏ နွားမနှစ်ကောင်၊ ဦးကျော်နိုင်၏ နွားမတစ်ကောင်၊ ဦးထွန်းနိုင်၏ နွားထီးတစ်ကောင်၊ ဦးမောင်သန်း၏ နွားထီးတစ်ကောင်တို့ မိုးကြိုးထိသေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

## ဖန်ခါးကုန်း(မူလွန်)စာသင်ကျောင်းဝင်းအတွင်းရှိ အိမ်သာများ ပြိုကျပျက်စီးနေ

**ကျောက်ကြီး ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် တုံးကြီးကျေးရွာအုပ်စု ဖန်ခါးကုန်း (မူလွန်) စာသင်ကျောင်းဝင်းအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအသုံးပြုရန်အတွက် ဆောက်လုပ်ထားသောအိမ်သာများ ပြိုကျပျက်စီးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

ယင်းအိမ်သာများသည်ရေလောင်း အိမ်သာမဟုတ်ဘဲ ရိုးရိုးတွင်းတူးအိမ်သာဟောင်းများဖြစ်ကာ သစ်သားဟောင်းများပြိုကျပျက်စီးခြင်းဖြစ်ပြီး ၄ာနမှ နှစ်ခန်းတွဲအိမ်သာတစ်လုံးသာ ဆောက်လုပ်ပြီးစီးထားသည်ဟု ၎င်းကပြောသည်။

"ကျောင်းအိမ်သာတွေက သစ်သားနဲ့ဆိုတော့ မခံဘူး။ ဒေသခံပြည်သူတွေနဲ့ပူးပေါင်းလုပ်ထားတာတွေလဲ ရှိပါတယ်။ ၄ာနကတော့ နှစ်ခန်းတွဲတစ်လုံး ဆောက်ထားပေးပါတယ်။ လက်ရှိတော့ သစ်သားအိမ်သာအားလုံး သုံးမရတော့ပါဘူး" ဟု ဖန်ခါးကုန်းကျောင်းအုပ်ဆရာမကြီး ဒေါ် တင်ဆန်းက ပြောသည်။

"မိုးတွင်းအခါဆိုတော့ ယင်ကောင်ကတစ်ဆင့် ကူးစက်တဲ့ရောဂါဖြစ်နိုင်ချေများနေပါပြီ။ ကျေးရွာကလည်း တတ်နိုင်သလောက်တော့ လုပ်ကျတာပါပဲ။ ရပ်ရွာကဆောက်လုပ်ထားတဲ့ နှစ်ခန်းတွဲအိမ်သာနှစ်လုံးစလုံး ပြိုကျပျက်စီးတာမြင်ရတော့ ကျောင်းသား၊ ကျောင်းသူတွေအတွက် အခက်အခဲဖြစ်မှာတော့သေချာတယ်" ဟု ဖန်ခါးကုန်းကျောင်းအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။

ယင်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၂၂၁ ဦးရှိပြီး လိုအပ်ချက်အရ ကျောင်းသားဦးရေ ၅၀ လျှင် အိမ်သာတစ်လုံးနှုန်းဖြင့် လေးခန်းလိုအပ်လျက်ရှိရာ ကျောက်ကြီးမြို့နယ်ပညာရေးမှူးရုံးသို့ ယခင်ပညာသင်နှစ်တွင် တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူဦးရေများခြင်းကြောင့် အရေးတကြီးလိုအပ်လျက်ရှိကြောင်း ဆရာမကြီးက ရှင်းပြပြောဆိုခဲ့သည်။

**ကိုကျောက်ကြီး**

## နန့်မွန်းချောင်းကိုအမှီပြု၍အိမ်ဆောက်သဲများတစ်ပိုင်တစ်နိုင်အရောင်းအဝယ်ဖြစ်ထွန်း



**မိုးညှင်း ဇွန် ၁၁**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု နန့်မွန်းရွာ နန့်သဲချောင်းဖျားမှ စီးဆင်းလာသော သဲနုန်းများသည် နန့်သဲချောင်းအတွင်း ရေကြီးရေလျှံမှုကြောင့် ရေမျောလာသောသဲများကို ချောင်းထဲမှတစ်ဆင့် ဆယ်ယူကာ နေ့စဉ်တစ်ကျင်းမှ သုံးကျင်းထိရရှိသဖြင့် နန့်မွန်းချောင်းကိုအမှီပြု၍ အိမ်ဆောက်သဲများ အရောင်းအဝယ်ဖြစ်ထွန်းကာ နေ့စဉ်ပုံမှန်ဝင်ငွေရရှိကြောင်း မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာမှ နေ့စားအလုပ်သမားတစ်ဦးကပြောသည်။

"ကျွန်တော်က နန့်သဲချောင်းထဲကနေ သဲတွေကိုဆယ်ယူပြီး အဆောက်အအုံတွေအတွက် တစ်ဆင့်ပြန်ရောင်းတဲ့ အလုပ်သမားတစ်ယောက်ပါ။ ပုံမှန်ဝင်ငွေနဲ့ မိသားစု ၇ ယောက်ကို လုပ်ကျွေးနေရတာပါ။ တစ်ရက်ကို တစ်ကျင်းမှ သုံးကျင်းခန့်အထိ ရပါတယ်။ ရောင်းဈေးကတော့ တစ်ကျင်းကို ငွေကျပ်တစ်သောင်းရပါတယ်။ ဖောက်သည်များရင် တစ်ရက်ကို နှစ်ကျင်း၊ သုံးကျင်းအထိတော့ ရအောင်လုပ်ပါတယ်။ ချောင်းကလည်း ချောင်းကြီးမဟုတ်တော့ တစ်နေရာကို သဲ ၁၀ စီးပဲရပြီး နောက်တစ်နေရာကို ပြောင်းရပါတယ်။ လေးနေရာလောက်လုပ်ပြီး နောက်ထပ်မရနိုင်ရင် မိုးကိုသာမျှော်ရပါတယ်။ မိုးရွာမှ ဒီနန့်သဲချောင်းမှာ သဲတွေပြန်ပြည့်တာပါ" ဟု သဲတင်သဲချတစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ကိုင်သူ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ဆယ်ကုန်းကျေးရွာမှပြောင်းရွှေ့ စီးပွားရှာပြီး မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာ မြနန္ဒာရပ်ကွက်နေထိုင်သူ ဦးရန်အောင်ကပြောသည်။

အင်းတော်ကြီးဒေသသည် အများစုမှာလယ်စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပြီး ဆန်စပါးအထွက်နှုန်းကောင်းမွန်သဖြင့် ကချင်ပြည်နယ်၏ ဒုတိယအများဆုံးဆန်စပါးထွက်ရာဒေသတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးအတွက် ဆည်သောက်ရေစနစ်မရှိသဖြင့် ချောင်းမြောင်းများမှ စီးဆင်းလျက်ရှိသော သဘာဝမိုးရေကိုသာ မှီခိုအားထားရပြီး အင်းတော်ကြီးအင်းကို အဓိကမှီခိုအားထားရကြောင်း၊ မိုးရွာသွန်းမှုကြောင့် ချောင်းအတွင်းမှ သဲနုန်းများသည် အင်းတော်ကြီးအင်းအတွင်းသို့ စီးဝင်သဖြင့် ၎င်းသဲများကိုဆယ်ယူခြင်းဖြင့် အင်းတိမ်ကောပပျောက်မှုလျော့နည်းနိုင်ပြီး ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသကဲ့သို့ မိသားစုဝင်ငွေရရှိသည့်အပြင် ချောင်းမြောင်းများ သန့်ရှင်းကာ အင်းတော်ကြီးအင်း သာယာလှပရေးအတွက် တစ်ဖက်တစ်လမ်းမှလည်း ကူညီရာရောက်ကြောင်း ၎င်းကဆက်လက်ပြောသည်။

**နီတိုး**

## ခိုလမ်မြို့တွင် စက်ရေတွင်း တူးဖော်ပေးနိုင်

**ခိုလမ် ဇွန် ၁၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့တွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက တူးဖော်နေသည့် စက်ရေတွင်းသည် ဇွန် ၁၀ ရက်က အနက်ပေ ၂၉၀ တွင် တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းဖြင့် အောင်မြင်စွာ တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်းသည် အဝီစိစက်ရေတွင်းတူးရန် အလွန်ခက်ခဲသည့် မြန်မာနိုင်ငံအနှံ့အပြားဒေသများတွင် ရေတူးစက်ကြီး ခုနစ်စီးဖြင့် အဝီစိစက်ရေတွင်းပေါင်း ၇၈ တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး ဒေသခံပြည်သူများကို သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့သည်။

ထို့အတူ ရေရှားပါးသောဒေသများတွင် ရေသယ်ယာဉ် ၄၃ စီး အသုံးပြုပြီး သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် မြသပိတ်ဘုံဆွမ်းလောင်းအသင်း ပရဟိတအဖွဲ့နှင့် ပူးပေါင်း၍ စစ်ကိုင်းမြို့အနီးရှိ ရေရှားပါးသော ရေမျက်ကြီးကျေးရွာ၊ အုန်းတောရွာ၊ စာရေးရွာ၊ ဆည်တော်လေးရွာ၊ အင်းစရွာ၊ ရှမ်းတပ်ရွာ၊ ထန်းတောကျေးရွာ၊ မုံညှင်းကျောင်းကျေးရွာ၊ ရေခါးကျေးရွာ၊ တံတားဦးမြို့နယ် ကူးတို့ဆိပ်ကျေးရွာ၊ ထွဋ်ခေါင်ရပ်ကွက်၊ ရွှေမင်းဝံရပ်ကွက်၊ ဇေယျာတိုးချဲ့ရပ်ကွက်စသည့် ရပ်ကွက်တို့ကိုလည်းကောင်း၊ အောင်မြင်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မင်းဝံသီရိမင်္ဂလာ ကျောင်းတိုက်၊ ထွဋ်ခေါင်တောရစခန်း၊ သဘာဝ ရွှေဂူကျောင်းတို့သို့ ရေဂါလန် ၄၈၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် ဧပြီ ၇ ရက်မှ ယနေ့အထိ ရေဂါလန် ၁၇၂၈၀၀ ကျော်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သော ဒေါက်တာကျော်ဇင်ဦး၊ ဦးနေနိုင်ဦး၊ စိတ္တသုခကုသိုလ်ပြုပရဟိတအဖွဲ့များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့) သင်တန်းသားများနှင့် ပူးပေါင်း၍ အိုင်ကြီး၊ ပျော်ဘွယ်လေး၊ ခရမ်းဝ၊ မဝန်း၊ ကွမ်းခြံကုန်းလေး၊ အင်းရွာ၊ ကျွန်းကလေး၊ ချောင်းပြားကျေးရွာများနှင့် ကော့မှူးမြို့နယ်ရှိ ခရိုက္ခနီ၊ ကွမ်းခြံကုန်းမြို့နယ် သရက်တောကျေးရွာများသို့ ဧပြီ ၄ ရက်မှ ယနေ့အထိ ရေဂါလန် ၂၈၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့်လည်းကောင်း၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ မကွေးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ဖလမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့၊ ကူမဲမြို့၊ နွားထိုးကြီးမြို့၊ ကျောက်ဆည်မြို့တို့တွင် ဒေသခံပရဟိတအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယင်းမြို့များအနီးတစ်ဝိုက်ရှိ ရေရှားပါးသော ကျေးရွာများသို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ကြီးများဖြင့် လည်းကောင်း၊ သောက်သုံးရေများ ယနေ့အထိ စဉ်ဆက်မပြတ် ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(၀၁၀)**



ကြေးမုံ







## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းဆောင်အမိုးများလန်ထွက်

**ကျိုက်ထို ဇွန် ၁၁**
ကျိုက်ထိုမြို့နယ်တွင် ဇွန် ၈ ရက် ညနေ ၅ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ရာ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ ဆိပ်ကမ်းသာရပ်ကွက် အ-မ-က(ဆိပ်ကမ်းသာ) ၏ အလျားပေ ၉၀၊ အနံပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ ပထမတန်း၊ တတိယတန်း၊ စတုတ္ထတန်း စာသင်ဆောင်များအနက် စတုတ္ထတန်း စာသင်ဆောင် အမိုးရှိ ထုတ်၊ ဒိုင်း၊ မြားလေးချောင်းနှင့် သွပ် ၇၅ ချပ်တို့ လန်ထွက် လွင့်စင်သွားခဲ့သည်။

အလားတူ သိမ်ဇရပ်ကျေးရွာ နဝရတ်ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း၏ ၁၀ ပေ× ၂ ပေ ခန့်ရှိ ကျောင်းဆိုင်းဘုတ် ပြိုလဲခြင်း ကျောင်းစည်းရိုးပြိုလဲပြီး သံပန်းတံခါး တစ်ချပ်နှင့် အမြင့် ၅ပေရှိ အုတ်တံတိုင်း ပေ ၂၀ ခန့် ပြိုလဲခဲ့သည်။ အဆိုပါ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဒီပဲယင်းမြို့နယ်တွင်မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ထုတ်ချေးမည်

**ဒီပဲယင်း ဇွန် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ၅၈ အုပ်စုကိုကျပ်သိန်းပေါင်း ကိုးသောင်းကျော်ထုတ်ချေးပေးခဲ့သည်။ ယနေ့အထိကျပ်သိန်းပေါင်း ငါးထောင့်ခုနစ်ရာခန့်သာရရှိပြီး ကျပ်သိန်းပေါင်းသုံးသောင်းကျော်ကျန်ရှိနေပြီး ကျေးရွာအုပ်စုမှာလည်း လေးအုပ်စုသာ အပြေအကျေဆပ်ပြီး ကျန်အုပ်စုများမှာ အပြေအကျေဆပ်ခြင်းမရှိ၍ ၂၀၁၆ ခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်ချေးငွေ အကြံပေးအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီး ဆုပေးဒဏ်ပေးစနစ်ဖြင့် ထုတ်ချေးပေးရန် ဆုံးဖြတ်ခဲ့သည်။

ယခုနှစ်မိုးစပါးရာသီတွင် တစ်ဧကလျှင် တစ်သိန်းငါးသောင်းနှုန်း ထုတ်ချေးမှာဖြစ်ပြီး ဧပြီလကုန်ချေးငွေအပြေအကျေ ပေးဆပ်သော တောင်သူများအား ဧကပြည့် ထုတ်ချေးမှာဖြစ်ပြီး မေလနောက်ပိုင်း ချေးငွေပေးဆပ်သူများအား နှုန်းထားမလျှော့ပဲ သုံးဧကမှ ခြောက်ဧကအထိ တစ်ဧကလျှော့၍လည်းကောင်း ခုနှစ်ဧကမှ ၁၀ ဧကအထိကို နှစ်ဧကလျှော့၍လည်းကောင်း ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း ဇွန်လအကုန်တွင် ပေးဆပ်ရန် ကျန်တောင်သူများကိုလည်း ချေးငွေရန်ပုံငွေ ထပ်မံတောင်းခံ၍ ထုတ်ချေးပေးသွားမည်ဟုလည်း မြို့နယ်စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးကျော်ဆန်းက ပြောကြားခဲ့သည်။

**သိန်းထွန်း(ဒီပဲယင်း)**

ဆောင်းပါး

# ကမ်းသောလက်နှင့်မေတ္တာအချိုးညီဖို့လိုပါသည်

**à သရက်တန်းစိုးရွှေ(စိတ်ပညာ)**

လူကြီးနှင့် လူငယ်ဟု ကွဲပြားမှုအဆင့်များအကြား ကွဲလွဲမှုအနည်းငယ်မှာ ရှိကြသည်ဟုပင် မှတ်ယူတတ်ကြပေသည်။ ထိုအယူအားမမှန်ပါဟု မဆိုနိုင်သည့်တိုင်အောင် လူကြီးလူငယ်အကြား ပြေလည်ညီညွတ်စေသည့် ဘုံအကြောင်းအရာတစ်ခုရှိနေပေသည်။ ထိုအရာသည်ကား လေးစားစွာဆက်ဆံရင်း မေတ္တာပေးဝေခြင်းသာလျှင် ဖြစ်ပေသည်။

မေတ္တာနှင့် ကမ်းသောလက်တွင် အကြင်နာတို့စီခြယ်တတ်ကြပေသည်။ အပြုံးနှင့် ဆိုသောစကားတွင် ချိုသောပျားတို့ရောယှက်နေတတ်ပေသည်။ ယနေ့များစွာကို ကျော်ဖြတ်ခြင်း သင်္ကေတအားဘဝဟုပင် ပြောဆိုမှုအရကောင်းသောဘဝကို ပိုင်ဆိုင်ရေးအတွက် ကောင်းသောနေ့တို့ကို ဖန်တီးပေးကြရပေမည်။ ထိုသို့ဖန်တီးရေးအတွက် အကောင်းမြင်စိတ်ကလေးမွေးပေးကြရပေမည်။ လူတို့သည် ညည်းမှုကိုအလိုမရှိတတ်ကြပါချေ။ အမြင်၏အလိုအရလှုမှုမြင်လိုကြ၏ အကြား၏ အလိုအရနားဝင်ချိုမှ ကြိုက်တတ်ကြပါပေသည်။ ကောင်းသောစိတ်ဖြင့် ကြည့်သမျှ ကောင်းသောအမြင်တို့က လွှမ်းမိုးတတ်ကြစမြဲပင်ဖြစ်ပေသည်။

နားလည်မှု လေးစားမှုနှင့် ချိုသာသောစကားကို လက်တွေ့ဆိုသောသာဓကဖြင့် ပြဆိုနိုင်ပါပေသည်။ ကျွန်တော့အိမ်ဘေးမှ ကလေးများသည် သူတို့အမေအဖေတို့၏ သင်ကြားမှုအရ ကျွန်တော်ကို နှုတ်ဆက်ကြသည့်စကားရှိနေပေသည်။ ကျွန်တော်အလုပ်သို့သွားသည်ကိုမြင်သည်နှင့် ဦးဦးမင်္ဂလာပါဟု အစုလိုက်အပြုံလိုက်အော်၍ နှုတ်ဆက်ပေသည်။ ကျွန်တော်လည်း ပြုံး၍အေးမင်္ဂလာပါ ဟုပင်ပြန်၍ နှုတ်ဆက်ရပေသည်။ ထိုသို့နှုတ်ဆက်ခြင်းအား ကလေးများသဘောကျ၍ နေ့စဉ်ပင်နှုတ်ဆက်ခြင်း အလေ့အကျင့်ဖြစ်သွားခဲ့ပေသည်။

ထို့အတူပင် ဒိန်းနောင်းဟုခေါ်သည့်ကျပ်မပြည့်သည့်သူကလည်း အင်္ကျီဘောင်းဘီတို့ကိုသပ်ရပ်စွာဝတ်စားပြီး အိတ်ထောင်ထဲတွင်ပန်းတို့အမြဲထိုးကာလမ်းပေါ်တွင် နေလေ့ရှိပေသည်။ ကျွန်တော်အလုပ်သွားသည့်အခါတိုင်း ဒိန်းနောင်းနှင့်ဆုံတတ်ပေသည်။ ဒိန်းနောင်းကဆလံပေး၍အလေးပြုရင်း မင်္ဂလာပါ ဆရာဟု နှုတ်ဆက်လေ့ရှိပေသည်။

ကျွန်တော်လည်းဆလံပေး၍ လေးစားစွာပင် မင်္ဂလာပါဟုပင် ပြန်လည်နှုတ်ဆက်ပေသည်။ ထိုသို့နှုတ်ဆက်တိုင်း နှုတ်ဆက်တိုင်း ဒိန်းနောင်းပျော်ရွှင်သွားတတ်ပေသည်။ တစ်ချို့သောလူများအား ဒိန်းနောင်းမှ မင်္ဂလာပါ နှုတ်ဆက်စဉ် ဘာမှမပြောဘဲနေသည့်အခါတွင်မူ ဒိန်းနောင်းစိတ်တို၍ ဆဲဆိုအပြစ် တင်နေတတ်ပေသည်။ထိုအရာသည် ဘာဖြစ်မည်နည်း သေချာပါသည်လေးစားခြင်းသာလျှင် ဖြစ်ပေသည်။

လေးစားခြင်းနှင့် ဆက်စပ်သမျှ ဘဝ၏ ငြိမ်းချမ်းရေးတရားများတွင် မေတ္တာထားခြင်းသည်လည်းတစ်ခုအပါအဝင် ဖြစ်ပေသည်။ မေတ္တာနှင့် စာနာမှုကို အလွဲပြုမိသမျှ လူတို့သည်အတ္တပြု၍ ရိုင်းမှုတို့ပြုတတ်ကြပေသည်။ သို့အတွက်မေတ္တနှင့်စာနာမှုကို အလွဲမပြုရန် လိုအပ်လှပေသည်။ အမျိုးသမီးတစ်ဦး လမ်းလယ်တွင် ဒုက္ခရောက်၍ကူညီခိုက် လက်ဆွဲပါတယ်အော်လိုက်ခြင်းခံဖူးသမျှ နောင်ကာလတွင် ထပ်မံကူညီရေး မတွေးသည်အထိ ဖြစ်ဖူးခဲ့ကြပေသည်။

> မိမိ၏လက်တွေ့ပြုလုပ်ရမည့်အချက်သည် အသက်ရှင်၍ နေရခိုက်စိတ်ကောင်း အကျင့်ကောင်း၊ အလုပ်ကောင်းတို့ဖြင့် ပျော်မွေ့တတ်ရန်သာလိုအပ် . . .

ဝေဖန်လေကန်ခြင်းသည် ဝေဖန်လေကန်သူတို့၏အလုပ်သာလျှင်ဖြစ်ပေသည်။ မိမိ၏လက်တွေ့ပြုလုပ်ရမည့်အချက်သည် အသက်ရှင်၍နေရခိုက် စိတ်ကောင်း၊ အကျင့်ကောင်း၊ အလုပ်ကောင်းတို့ဖြင့်ပျော်မွေ့တတ်ရန်သာလိုအပ်လှပေသည်။ တစ်ခါတစ်ရံ မထင်မှတ်သော အပြုအမူသည် မထင်မှတ်ဘဲ ဝမ်းသာစရာအဖြစ် ကြုံတွေ့ရတတ်ပေသည်။ တစ်နေ့တွင် ကျွန်တော်အလုပ်မှ အပြန်တွင် အမူးသမား အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးသည် အရက်မူးကာ စက်ဘီးဖြင့်လမ်းလယ်တွင်လဲသွားပေသည်။ လမ်းသည် လမ်းကြားဖြစ်သည်မို့ကား ဆိုင်ကယ်၊ စက်ဘီးတို့ သွားမရဘဲ ရပ်တန့်ကုန်ကြလေသည်။ ထိုသို့သောအချိန်အတွင်း အမူးသမားအားဆဲဆိုကာ တိုက်မိလို့ သေတော့မှာပဲ စသည်ဖြင့်အပြစ်ဆိုရင်းသာ စောင့်ကြည့်နေကြပေသည်။

မှောင်စပျိုးအချိန်ဖြစ်သည်မို့ ကားမီးရောင်ဟွန်းသံများကြောင့် အမူးသမားလည်း ကုန်းရုန်းပြီးထနေပေသည်။ သို့သော် ထရင်လဲ၍နေသည့်အတွက် လမ်းသည်ပိတ်မြဲပိတ်လျက်ပင်ရှိနေသည်။ကျွန်တော်ရောက်သွားသည့်အခိုက်တွင် ထိုအမူးသမား၏ စက်ဘီးကိုအရင်ထူပြီး လမ်းဘေးတွင် ရပ်ထားပေးလိုက်သည်။ နောက်မှ ဖိနပ်ပျက်နှင့် အမူးသမားကိုလက်စွဲထူပြီး လမ်းဘေးသို့ချကာ ကားများသွားလို့ရပြီဖြစ်ကြောင်း လက်ပြလိုက်သည်။ ထိုသို့သောအချိန်တွင် ကားပေါ်မှ ကားဆရာက ကျွန်တော့နာမည်ကိုခေါ်ရင်း အားရပါးရနှုတ်ဆက်၍ ပြန်နှုတ်ဆက်ခဲ့လိုက်သည်။

ကားတို့သွားလို့ရချေပေပြီ။ ဆိုင်ကယ်တို့သွားလို့ရပါချေပြီ။ သို့တစ်စေ ကျွန်တော့မိတ်ဆွေ ကားသမား၏ ဝမ်းသာအားရ နှုတ်ဆက်သံများကြားရသလိုပင် လူငယ်ဆိုင်ကယ်သမားတို့၏ပြောဆိုသံကိုလည်း ကြားခဲ့ရပေသည်။ အလကားဟီးရိုးလုပ်ပြီး သွားပြီးတောင် ထူပေးနေသေးတယ်ဟုပင်ပြောရင်း ရှင်းသွားသောလမ်းမထက် ဆိုင်ကယ်လီဘာကို အသံကျယ်စွာပြုရင်း မောင်းထွက်သွားကြသည်။ ဘုရားရေဟု တလိုက်မိသည်က ကျွန်တော်သာလျှင် ဖြစ်ပေသည်။

လူငယ်တွေ လူငယ်တွေ ကျွန်တော်တို့ငယ်စဉ်သင်ခဲ့ရသည့် လူမှုဝန်ထမ်းစိတ်ဆိုသည့် ခေါင်းစဉ်နှင့် ကျောက်တုံးကြီးကိုတွန်းဖယ်နေသည့်ပန်းချီဖြင့် စာကိုများ မသင်ကြားခဲ့ရော့လေသလားဟုသာ တွေးလိုက်မိပါတော့သည်။ မည်သို့ပင်ဆိုပါစေလေ အဆိုတော် ဒေါ်မာမာအေးရဲ့ သီချင်းထဲတွင်တော့ 'ချစ်သူနယ်မြေသည်သည်သာ ငြိမ်းချမ်းရာ မြေ၊ သစ္စာတရားထွန်းကားရာ ငြိမ်းချမ်းယာသောနယ်မြေ' ဟုဆိုသလို လူတို့နယ်ပယ်တွင် မေတ္တာတရားနှင့် အကြင်နာတရားရှိရာ ကိုယ်ချင်းစာနာမှုရှိရာနယ်မြေသည်သာ ငြိမ်းချမ်းသာယာသောနယ်သာဖြစ်နေပေတော့မည်။ သို့အတွက် ဘဝတိုတက်ရေးတိုင်းပြည်တိုးတက်ရေးအတွက် ညီညွတ်စွာနေထိုင်ရင်း ကမ်းသောလက်နှင့်မေတ္တာများ အချိုးညီစွာ ကျင့်သုံးဖို့ လိုအပ်လှပါပေသည်။

## ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း တာချီလိတ်၌ဖွင့်လှစ်သင်ကြား

**တာချီလိတ် ဇွန် ၁၁**
တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်လျက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကို ဇွန် ၇ ရက် နံနက်က မယ်ခေါင်ရပ်ကွက်ရှိ အဆိုပါရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် ဘာသာရပ်အလိုက် လက်တွေ့စနစ်တကျ သင်ကြားပေးမည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဖန်မင်ကျေးရွာအုပ်စုရှိ စံပယ်၊ ဆန်နားကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး၊ ကျေးလက်နေပြည်သူများအား သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်နှင့် စီးပွားဖြစ် မွေးမြူရေးစနစ်များကို တစ်လကြာ စနစ်တကျဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**ဝေယံလင်း**

## ဟားခါး၌ယာဉ်ရပ်နားစခန်းများသတ်မှတ်တည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဟားခါး ဇွန် ၁၁**
မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရေး၊ ကုန်တင်ကားများ စနစ်တကျ ကုန်တင်ကုန်ချပြုလုပ်ဆောင်ရွက်နိုင်ရေး၊ မော်တော်ဆိုင်ကယ်များ လမ်းဘေး ဝဲ၊ ယာ၌ စည်းကမ်းတကျ ရပ်နားထားရှိစေနိုင်ရေးနှင့် ယာဉ်ရပ်နားစခန်းများ သတ်မှတ်တည်ဆောက်နိုင်စေရေးတို့အတွက် ဇွန် ၁၀ ရက် နံနက် ၇ နာရီက ဟားခါးမြို့ပေါ်၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်တည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ရာ၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးရွှေထီအိုး၊ ဟားခါးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထလာဟရဲ၊ ဟားခါးမြို့အမှတ်(၁၆) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးဘင်နီဖိုင်းနှင့် တာဝန်ရှိသူများက ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်နှင့် ဟားခါး-မတူပီကားလမ်းမပေါ်တို့၌ မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်တည်ဆောက်သွားနိုင်ရေး ကွင်းဆင်းလေ့လာစိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ဟားခါးခရိုင် ပြန်/ဆက်)**



# မျှော်လင့်မိပါသည်

အခွန်အရာရှိတစ်ဦး

စာဆိုတော်ကြီး မြဝတီမင်းကြီးဦးစ ရေးဖွဲ့ခဲ့သော "ရဝိန်ဒေါင်းယာဉ်ပျံ" ပတ်ပျိုးထဲမှ "ရဝိန်ဒေါင်းယာဉ်ပျံ့ . လယ်နန်းကွန့်စံ"ဟူသည့် ပတ်ပျိုးအစကို အထပ်ထပ်အခါခါဆိုညည်းမိရင်း "နေ"ကို"ရဝိန်ဒေါင်းယာဉ်ပျံ" ဟူ၍လည်းကောင်း၊ "နေသွားလမ်းကြောင်းသည် မတိမ်းမစောင်းဘဲ ခေါင်းပေါ်တည့်တည့်ရောက်နေသည်" ကို "လယ်နန်းကွန့်စံ" ဟူ၍လည်းကောင်း စပ်ဆိုတော်မူခဲ့သည်ကို အံ့သြဦးညွတ်၍ မဆုံးဖြစ်မိသည်။ သီချင်းအဓိပ္ပာယ်ကို ခံစားနေသဖြင့် ခေါင်းပေါ်တည့်တည့်ရောက်နေသည့် နေမင်း၏ ပြင်းထန်သည့်အပူရှိန်ကိုပင် မေ့လျော့နေသည်။ ရာသီဥတုပူပြင်းလှသောကြောင့် ရုံးအားရက်ပင်ဖြစ်သော်လည်း အပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေမိသည်။ ရာသီဥတုပူပြင်းသောကြောင့် ဧည့်သည်များလည်း လာမည်မထင်ပေ။ ယပ်တောင်လေးတဖျပ်ဖျပ်ဖြင့် အနားယူလျက်ရှိစဉ်တွင်ပင် တံခါးခေါက်သံကြားရသဖြင့် ဖွင့်လိုက်ရာ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ကို ချွေးသံရွှဲရွှဲဖြင့် တံခါးဝတွင် ရပ်လျက်တွေ့ရပါတော့သည်-

ကျွန်ုပ်။ ။ လာ လာ သူငယ်ချင်း၊ နေပူကြီးထဲမှာကွာ၊ ကိစ္စအထူးရှိလို့လား။

**သူငယ်ချင်း။ ။ အေးပေါ့ကွာ၊ မင်းကိုမေးစရာရှိလို့လာခဲ့တာပဲ၊ ရေအေးအေးလေး တစ်ခွက် အရင်ပေးပါကွာ။**

ကျွန်ုပ်။ ။ ကဲ၊ ရေသောက်ပြီးရင် မေးစရာရှိတာသာမေးပါတော့။

**သူငယ်ချင်း။ ။ အိမ်ခြံမြေတွေ၊ မော်တော်ယာဉ်တွေဝယ်တဲ့အပေါ် ဆောင်ရတဲ့ အခွန်က အခွန်နှုန်းတွေမြင့်သွားပြီဆို။**

ကျွန်ုပ်။ ။ အခွန်နှုန်းတွေမြင့်သွားတာမဟုတ်ပါဘူးကွာ။ မင်းပြောတဲ့ အိမ်ခြံမြေတွေ၊ မော်တော်ကားစတဲ့ အခြေခံပစ္စည်းတွေဝယ်တာ၊ အဆောက်အအုံတွေတည်ဆောက်တာ၊ လုပ်ငန်းအသစ်တည်ထောင်တာ၊ လုပ်ငန်းတိုးချဲ့တာတွေမှာ သုံးတဲ့ငွေတွေကို ဝင်ငွေရလမ်း တင်ပြနိုင်ရင်ပြ၊ ဒါဆိုရင် အခွန်မကျသင့်တော့ဘူး။ ဒါမှမဟုတ် တချို့တစ်ဝက်တင်ပြနိုင်ရင်လည်း အဲဒီငွေကိုနုတ်ပြီး ကျန်တဲ့ငွေက အခွန်မစည်းကြပ်ရသေးတဲ့ငွေပေါ့ကွာ။ ဥပဒေထဲက အသုံးအနှုန်းအတိုင်းဆိုရင်တော့ "စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ"ပေါ့။ ဝင်ငွေရလမ်းတင်ပြနိုင်တဲ့ငွေဆိုတာ အခွန်ဆောင်ထားတဲ့ ငွေပေါ့ကွာ။ အရပ်အခေါ် "ငွေဖြူ" ပေါ့။ ဝင်ငွေရလမ်းတင်ပြနိုင်တဲ့ငွေ လုံးဝမရှိဘူးဆိုရင်တော့ အဲဒီငွေအားလုံးဟာ စည်းကြပ်မှုကနေ လွတ်ကင်းနေသောဝင်ငွေတွေပဲ။ အဲဒီငွေတွေအပေါ်မှာ စည်းကြပ်ရမယ့်အခွန်နှုန်းက ၃၀ ရာခိုင်နှုန်းပဲ။

**သူငယ်ချင်း။ ။ ဟင်၊ ငါသိထားတာက မနှစ်တုန်းက ၃ ရာခိုင်နှုန်းဆို၊ ဒီနှစ်တော့ ၁၅ရာခိုင်နှုန်းတဲ့။ ငါးဆတောင်တက်သွားတာ မဟုတ်ဘူးလား။**

ကျွန်ုပ်။ ။ မင်းပြောတာလည်း ဟုတ်သင့်သလောက်တော့ဟုတ်ပါတယ်။ ဒါပေမယ့် အပြည့်အစုံတော့ မမှန်ဘူး။

**သူငယ်ချင်း။ ။ ဒါဆိုရင်လည်း ရှင်းပါဦး။**

ကျွန်ုပ်။ ။ ကုန်သွယ်လုပ်ငန်းခွန်တို့ ဝင်ငွေခွန်တို့နဲ့ ပတ်သက်တဲ့ပြဋ္ဌာန်းချက်တွေ အခွန်နှုန်းထားတွေကို ၂၀၁၄ ခုနှစ်ကနေစပြီး ပြည်ထောင်စုလွှတ်တော်ကနေ "ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ" ဆိုပြီး နှစ်စဉ်ပြဋ္ဌာန်းခဲ့တာ သုံးနှစ်တောင်ရှိပါပေါ့။ ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေ၊ ပုဒ်မ ၂၄ မှာ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေပေါ်မှာ ၃၀ ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန်စည်းကြပ်ရမယ်ဆိုပေမယ့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် နိုင်ငံသားတစ်ယောက်ကို ဒီဇယားပါနှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမယ်လို့ ပြဋ္ဌာန်းထားတယ်-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၁၀၀၀၀၀၀၀၀ | ၃% |
| (ခ) | ၁၀၀၀၀၀၀၀၁-၅၀၀၀၀၀၀၀၀ | ၅% |
| (ဂ) | ၅၀၀၀၀၀၀၀၁-၁၀၀၀၀၀၀၀၀၀ | ၁၀% |
| (ဃ) | ၁၀၀၀၀၀၀၀၀၁-၁၅၀၀၀၀၀၀၀၀ | ၂၀% |
| (င) | ၁၅၀၀၀၀၀၀၀၁နှင့် အထက် | ၃၀% |

တွေ့လား။ အပေါ်လေးဆင့်က သက်သာသောနှုန်းထားနဲ့ ခွင့်ပြုထားတာ။ သိန်း ၁၅၀၀၀ ကျော်မှ ၃၀ ရာခိုင်နှုန်းနဲ့ အခွန်ကောက်မှာ။ ဒါပေမယ့် ဒီပုဒ်မအရ အခွန်စည်းကြပ်ခြင်းဟာ တရားမဝင်ရရှိတဲ့ပစ္စည်းတွေကို ပိုင်ဆိုင်တာတို့ ရောင်းဝယ်တာတို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူတဲ့ ကိစ္စတို့နဲ့တော့ သက်ဆိုင်ခြင်းမရှိစေရဘူးတဲ့။

**သူငယ်ချင်း။ ။ ဒီနှစ် ၂၀၁၆ ခုနှစ်အတွက် ဘယ်လိုပြဋ္ဌာန်းထားသလဲ။**

ကျွန်ုပ်။ ။ "၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ" ရဲ့ ပုဒ်မ ၂၄ မှာ ၂၀၁၅ ခုနှစ်ကလိုပဲ ပြဋ္ဌာန်းထားတယ်။ ဒါပေမယ့် ဝင်ငွေခွန် ကောက်ခံရမယ့် နှုန်းထားကတော့မတူဘူး-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၃၀၀၀၀၀၀၀ | ၁၅% |
| (ခ) | ၃၀၀၀၀၀၀၀၁-၁၀၀၀၀၀၀၀၀ | ၂၀% |
| (ဂ) | ၁၀၀၀၀၀၀၀၀၁နှင့်အထက် | ၃၀% |

ဒီမှာလည်းတွေ့တယ်မဟုတ်လား။ ကျပ်သိန်း ၁၀၀၀ ကျော်မှ ၃၀ ရာခိုင်နှုန်းနဲ့ အခွန်ကောက်မှာ။

**သူငယ်ချင်း။ ။ အော်၊ ဒါကြောင့် အခွန်နှုန်းက ငါးဆတက်သွားတယ်လို့ ပြောတာကိုး။**

ကျွန်ုပ်။ ။ တကယ်အမှန်ကောက်ရမယ့် အခွန်နှုန်းထားက ၃၀ ရာခိုင်နှုန်းပါ။ ဒါပေမယ့် ၂၀၁၅ ခုနှစ်မှာ သက်သာတဲ့အခွန်နှုန်းထားနဲ့ ခွင့်ပြုခဲ့တာ။ ၂၀၁၆ ခုနှစ်မှာလည်း သက်သာတဲ့အခွန်နှုန်းထားနဲ့ ခွင့်ပြုပေးပေမယ့် ၂၀၁၅ ခုနှစ်လောက်တော့ မသက်သာပေဘူး။ ဒါကြောင့် သက်သာတဲ့နှုန်းထားလို့ မမြင်တော့ဘဲ အခွန်နှုန်းတွေတက်သွားတယ်လို့သာ ပြောနေကြတော့တာ။

**သူငယ်ချင်း။ ။ ငါကတော့ အခွန်သက်သာတဲ့နှုန်းထားကို နှစ်စဉ်ခွင့်ပြုစေချင်တာပဲ။ အခွန်ဆောင်ရမယ့်နှုန်းများလာရင်တော့ အခွန်ထမ်းတွေက မမှန်ကန်တဲ့ ဝင်ငွေရလမ်းအထောက်အထားတွေ ဖန်တီးတင်ပြလာနိုင်တယ်။ အိမ်ခြံမြေ အရောင်းအဝယ်တွေမှာ ပိုင်ဆိုင်သူအမည်မပြောင်းဘဲ အထူးကိုယ်စားလှယ်လွှဲစာ (Special Power) တွေ ကိုင်ထားရာက ပိုင်ဆိုင်မှုအရှုပ်အထွေးတွေ ဖြစ်လာနိုင်တယ်။ ကားတွေကိုလည်း ပိုင်ရှင်အမည်မပြောင်းဘဲ ထားကြတော့ မှုခင်းတစ်ခုခုဖြစ်လာရင် ပြစ်မှုကျူးလွန်သူက တစ်ယောက်၊ ယာဉ်ပိုင်ရှင်အမည်ပေါက်က တခြားဖြစ်နေတော့ မခက်ပေဘူးလား။**

ကျွန်ုပ်။ ။ မင်းပြောတာကို ငါကလည်း ပြန်ရှင်းပြချင်တယ်။ အခွန်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပြုတာတို့၊ သက်သာတဲ့နှုန်းထားသတ်မှတ်ခွင့်ပြုတာတို့ဆိုတာ နိုင်ငံတကာမှာလည်းရှိတယ်။ ဒါပေမယ့် ဘယ်နိုင်ငံမှာမှ အကြာကြီးခွင့်မပြုဘူး။ အချိန်အတိုင်းအတာတစ်ခုအထိပဲ ခွင့်ပြုပါတယ်ကွာ။ တို့နိုင်ငံက အခွန်ထမ်းတွေမှာ အိမ်ခြံမြေ၊ မော်တော်ကားစတဲ့ အခြေပစ္စည်းတွေဝယ်လို့ အခွန်ထမ်းရတဲ့သူနဲ့ ပုံမှန်စီးပွားရှာစားပြီး အခွန်ထမ်းရတဲ့သူ ဘယ်သူက ပိုများမယ်ထင်လဲ။

**သူငယ်ချင်း။ ။ ဒါကတော့ ပုံမှန်အခွန်ထမ်းက များမှာပေါ့ကွ။**

ကျွန်ုပ်။ ။ အေး၊ ဟုတ်တယ်။ ပုံမှန်အခွန်ထမ်းတွေ အခွန်ထမ်းဆောင်ရတဲ့ အခွန်ဆောင်ရတဲ့အခွန်နှုန်းထားတွေက ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ သုံးနှစ်လုံးဒီအတိုင်းပဲ။ ဒီမှာ ကြည့်ပါဦး-

| အမှတ်စဉ် | သတ်မှတ်ထားသောသက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေနှုန်း |
|---|---|---|---|
| | မှ ကျပ် | ထိ ကျပ် | |
| (၁) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀၀၀၀၀၀၁နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

အဲဒီတော့ အခုတွေ့ရတဲ့ ဇယားသုံးခုကနေ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေကျပ်သိန်း ၃၀၀ အပေါ် ကျသင့်ဝင်ငွေခွန်နဲ့ ပုံမှန်အခွန်ထမ်းတွေရဲ့ ဝင်ငွေခွန်စည်းကြပ်ရမယ့် ဝင်ငွေကျပ်သိန်း ၃၀၀ အပေါ်ကျသင့်တဲ့ ဝင်ငွေခွန်ကို နှုန်းယှဉ်ကြည့်ရအောင်။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေကျပ်သိန်း ၃၀၀ ပေါ် ကျသင့်တဲ့အခွန်က ၂၀၁၅-၂၀၁၆ ခုနှစ်က ကျပ်ကိုးသိန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျပ် ၄၅ သိန်းဆိုတာ ရှင်းပါတယ်နော်။

**သူငယ်ချင်း။ ။ ဒါကတော့ ရှင်းရှင်းလေးပဲကွာ။**

ကျွန်ုပ်။ ။ ပုံမှန်အခွန်ထမ်းတွေက သူတို့ရဲ့ ရောင်းရငွေတွေ/ရငွေတွေထဲက စရိတ်တွေနုတ်ပြီး အသားတင်ဝင်ငွေကိုရ၊ အသားတင်ဝင်ငွေထဲက သတ်မှတ်ထားတဲ့ သက်သာခွင့်တွေနုတ်ပြီး ကျန်တဲ့ဝင်ငွေက ကျပ်သိန်း ၃၀၀ ဆိုရင် အဲဒီအပေါ်မှာ ကျသင့်တဲ့အခွန်က ကျပ် ၄၁၅၀၀၀၀ ဖြစ်မနေပေဘူးလား။ ဒါဆိုရင် ပုံမှန်စီးပွားရေးလုပ်တဲ့သူတွေ၊ လခစားတွေ၊ အိမ်ခြံမြေတွေငှားတဲ့ ပိုင်ရှင်တွေက ပုံမှန်အခွန်ကို ဘယ်ဆောင်ချင်ကြတော့မလဲ။ အခွန်ဆောင်ပြီးရတဲ့ (အရပ်ခေါ် ငွေဖြူ)ကို မစုဆောင်းချင်ကြတော့ဘဲနဲ့ အိမ်ခြံမြေ/မော်တော်ယာဉ်စတဲ့ အခြေပစ္စည်းတစ်ခုခုဝယ်မှ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ကောက်ခံတဲ့ သက်သာတဲ့အခွန်နှုန်းထားနဲ့ အခွန်ဆောင်ကြတော့မှာပေါ့။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကောက်ခံမယ့် အခွန်နှုန်းနဲ့ဆိုရင်တောင် စည်းကြပ်မှုမှ လွတ်ကင်းနေသောငွေ ကျပ်သိန်း ၃၀၀ အပေါ်မှာ သိန်း ၉၀ မကျဘဲ ၄၅ သိန်းပဲကျတော့ ပုံမှန်အခွန်ထမ်းတဲ့သူတွေထက် ကျပ် ၃၅၀၀၀၀ ပဲပိုတယ်ဆိုတာ သတိပြုမိတယ်မဟုတ်လား။

**သူငယ်ချင်း။ ။ အေး၊ အဲဒီလိုဆိုတော့လည်း ဟုတ်သားပဲကွ။ ပုံမှန်အခွန်ထမ်းတွေက အခွန်ဆောင်နေရတာကို စိတ်ပျက်သွားမှာပေါ့။**

ကျွန်ုပ်။ ။ အေး။ အဲဒီအပြင်ပြောစရာရှိသေးတယ်ကွ။ ငါရှင်းပြခဲ့တုန်းက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းဟာ တရားမဝင်ရရှိတဲ့ ပစ္စည်းတွေကို ပိုင်ဆိုင်တာတို့ ရောင်းဝယ်တာတို့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူတဲ့ကိစ္စတို့နဲ့ မသက်ဆိုင်ဘူးဆိုပြီး ပြောခဲ့တာမှတ်မိလား။

**သူငယ်ချင်း။ ။ အေး၊ မှတ်မိပါတယ်။**

ကျွန်ုပ်။ ။ အဲဒါကို အမြဲသတိချပ်စေချင်တယ်။ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေကို အခွန်ဆောင်လိုက်ရင်ပြီးပြီ၊ တရားမဝင်ငွေကြေးတွေကို တရားဝင်အောင်လုပ်လိုက်ပြီးပြီလို့ မယူဆရဘူး။ ဒါကြောင့်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူတဲ့ကိစ္စနဲ့ မဆိုင်ဘူးလို့ ပြည်ထောင်စုလွှတ်တော်က နှစ်စဉ်ပြဋ္ဌာန်းတဲ့ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းထားတာပေါ့။

**သူငယ်ချင်း။ ။ အေး၊ ရှင်းပါပြီကွာ၊ ပုံမှန်လုပ်ငန်းတွေကရတဲ့ ဝင်ငွေတွေအပေါ်မှာ ကျသင့်အခွန်ဆောင်ပြီးရတဲ့ အခွန်စည်းကြပ်ခံပြီးတဲ့ ဝင်ငွေကသာ ဇာတ်လမ်းရှင်းတဲ့ငွေ (ငွေဖြူ) ဆိုတာရှင်းပါပြီကွာ။**

ကျွန်ုပ်။ ။ ပြီးတော့ပြောဖို့ကျန်သေးတယ်ကွ။ ပြည်တွင်းအခွန်များဦးစီးဌာနက ဝန်ထမ်းတွေဟာ ပြည်ပသင်တန်းတွေ၊ ဆွေးနွေးပွဲတွေ တက်ရောက်ရတဲ့အချိန်မှာ တက်ရောက်သူတွေက ကိုယ့်နိုင်ငံရဲ့ အခွန်ဥပဒေတွေအကြောင်း ဆွေးနွေးကြ၊ မေးခွန်းတွေမေးမြန်းကြတဲ့အခါမှာ အဖြေရခက်တဲ့ မေးခွန်းတစ်ခု အမေးခံရလေ့ရှိတယ်။ အဲဒါကတော့ "စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေဆိုတာဘာလဲ"ဆိုတဲ့ မေးခွန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နိုင်ငံတွေမှာ အဲဒီခေါင်းစဉ်နဲ့ ဝင်ငွေခွန်ကောက်တာမရှိလို့ပါပဲ။

**သူငယ်ချင်း။ ။ အဲဒီတော့ ဘယ်လိုဖြေလိုက်လဲ။**

ကျွန်ုပ်။ ။ အဲဒီတော့ ဝင်ငွေခွန်ဥပဒေထဲမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း "မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်"လို့ ဖြေကြရတာပေါ့။

**သူငယ်ချင်း။ ။ အဲဒီလိုဖြေတော့ သူတို့တွေ ကျေနပ်တဲ့ အဖြေဖြစ်ကရောလား။**

ကျွန်ုပ်။ ။ သူတို့တွေဆီမှာတော့ အခွန်ဆောင်ပြီးသားငွေနဲ့ အခွန်မဆောင်တဲ့ငွေပဲရှိတာကွ။ အခွန်မဆောင်တာတို့ အခွန်ရှောင်တာတို့နဲ့ပတ်သက်ပြီး မဖြစ်မနေအခွန်ဆောင်ရတဲ့အပြင် ဥပဒေအရလည်း အရေးယူခံရသေးတာ။ အဲဒီထဲမှာ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေတောင်ပါနေတတ်တယ်ဆိုတာ မင်းလည်း စာနယ်ဇင်းတွေမှာ ဖတ်ဖူးမှာပါပဲ။

**သူငယ်ချင်း။ ။ တွေ့ဖူးတာပေါ့ကွာ။ ဒါဆိုဒီကိစ္စကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ။**

ကျွန်ုပ်။ ။ ဒီ"စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ"ကို အရင်က "ရလမ်းမဖော်ပြနိုင်တဲ့ဝင်ငွေ"လို့ခေါ်တော့ အဲဒီငွေတွေဟာ မကောင်းမှုတွေကပဲ ရလာသလား။ မတရားတဲ့နည်းလမ်းနဲ့ရလာလို့ ရလမ်းမဖော်ပြနိုင်တာလား မေးမြန်းခံရတော့တာပေါ့။ တကယ်တော့ ငွေကြေးခဝါချတာနဲ့ မဆိုင်ဘဲ ကိုယ်တိုင် ငွေကိုဘယ်ကရတယ်ဆိုတာလည်း မမှတ်မိ၊ အခွန်လည်းမဆောင်ခဲ့ရတဲ့ငွေတွေရှိတယ်ကွ။

**သူငယ်ချင်း။ ။ ဟ ဘယ်လိုဟာမျိုးလဲ။ ရှင်းပါဦး။**

ကျွန်ုပ်။ ။ ဥပမာကွာ၊ လူတစ်ယောက်က ရှိစုမဲ့စု ငွေကလေးနဲ့အိမ်ဆောက်တယ်။ အုတ်မြစ်ကလေးချ၊ တိုင်လေးထူ၊ သွပ်မမိုးနိုင်သေးလို့ သက်ငယ်မိုး၊ ထရံလေး ပတ်ကာထားရတယ်။ အိမ်ဆောက်နေရင်း အလုပ်ကြိုးစားလုပ်လို့ ငွေလေးရလာလိုက်၊ အိမ်ဆောက်တဲ့ထဲထည့်လိုက်နဲ့ အိမ်ပြီးသွားရော။ အဲဒီအိမ်ကို ဘယ်ကရတဲ့ငွေနဲ့ဆောက်မိမှန်း သူတို့ဟာသူတို့ မမှတ်မိ၊ သိလည်း မသိတော့တဲ့သူတွေအများကြီး။ အိမ်ပြီးသွားလို့ အခွန်စည်းကြပ်မှုခံယူဖို့ ခေါ်ယူတဲ့အခါ "ဘယ်ကရတဲ့ငွေနဲ့ ဆောက်သလဲ" မေးရင် "ဒီလိုပဲဆောက်လိုက်တာပဲ" လို့ဖြေတဲ့သူက ခပ်များများပဲ။ မော်တော်ကားဝယ်တော့လည်း ဒီလိုပါပဲ။ စုထားတဲ့ငွေကလေးနဲ့ လက်ဝတ်လက်စားလေးတချို့ရောင်းပြီး ရတဲ့ငွေနဲ့ ဝယ်ကြတာများတယ်။ အဲဒါကြောင့် အခြေပစ္စည်းတစ်ခုခုကို ဝယ်ယူတဲ့အချိန်၊ တည်ဆောက်တဲ့အချိန်၊ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမယ့်အချိန်တွေမှာ အခွန်လည်း မဆောင်ရသေးတဲ့၊ စုမိမှန်းမသိ စုဆောင်းထားတဲ့ ငွေတွေ ပေါ်ပေါက်လာမှ "စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ"ဆိုတဲ့ ခေါင်းစဉ်နဲ့ အခွန်ကောက်ဖို့ ဝင်ငွေခွန်ဥပဒေမှာ ပြဋ္ဌာန်းထားရတာပါပဲ။

**သူငယ်ချင်း။ ။ ဒါဆိုဘာလုပ်သင့်သလဲ။**

ကျွန်ုပ်။ ။ အဲဒီလိုဖြစ်ရတဲ့အကြောင်းရင်းတွေထဲမှာ အဓိကအကြောင်းရင်းကတော့ အခွန်ပညာကို သိရှိတာအားနည်းကြလို့ပဲ။ အဲဒီတော့ ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရမှာပေါ့။ ဒီလိုဆိုရင်တော့ မကြာခင်ကာလတစ်ခုမှာ အိမ်ခြံမြေ/ မော်တော်ယာဉ်စတဲ့ အခြေပစ္စည်းတွေ ဝယ်ယူတာ၊ တည်ဆောက်တာ၊ ရင်းနှီးမြှုပ်နှံတာတွေမှာ အခွန်ထမ်းဆောင်ပြီးတဲ့ငွေနဲ့ အခွန်ရှင်းလင်းလာနိုင်ကြပြီးတော့ ဝင်ငွေခွန်ဥပဒေထဲက "စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ" ဆိုတဲ့ ကြားလို့လည်းမလျော်၊ ဖော်ပြလို့လည်းမကောင်းတဲ့ ဝင်ငွေခေါင်းစဉ်ကို ပယ်ဖျက်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်ကွာ။ ။

# “ငြိမ်းချမ်းရေး အားမြသောရေစင်”



**à ဆူးငှက်**

၁၉၆၀ ကျော်ဝန်းကျင်က ကမ္ဘာမှာ စစ်အေးတိုက်ပွဲ အရှိန်အဟုန်ကောင်းနေဆဲ ကာလဖြစ်တယ်။ ကမ္ဘာ့လက်နက်နိုင်ငံကြီးတွေ သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်လုပ်ကြ၊ အပြိုင်အဆိုင် ဖောက်ခွဲစမ်းသပ်ကြတဲ့ ကာလလည်းဖြစ်တယ်။ တတိယကမ္ဘာစစ်ဆိုတာ လက်တစ်ကမ်းအကွာမှာပဲ ရောက်နေပြီး နေ့လားညလားဆိုတာ တစ်ကမ္ဘာလုံး ရင်တမမနဲ့ဖြစ်နေကြတဲ့ ကာလပါပဲ။ ဒါကြောင့်လည်း လက်နက်လျှော့ပေါ့ရေး၊ အနုမြူပုံးပိတ်ပင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း စစ်အာဏာရှင်တွေကလွဲလို့ တစ်ကမ္ဘာလုံးလိုလားနေကြတဲ့အချိန်ဖြစ်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ပညာရှင်ကြီးတွေ၊ နိုင်ငံရေးသမားတွေ၊ အဖိနှိပ်ခံပြည်သူတွေက ငြိမ်းချမ်းရေးအသံတွေ စီစီညံလို့ပေါ့။ အနုပညာရှင်ကြီး ပီကာဆိုရဲ့ ကမ္ဘာကျော်ချိုးငှက်ဒီဇိုင်းဟာ ငြိမ်းချမ်းရေးအမှတ်အသားအဖြစ် ကမ္ဘာမှာဝဲပျံနေတယ်။

မြန်မာပြည်မှာလည်း လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်မီးက ဟုန်းဟုန်းတောက်လို့ ကောင်းနေတယ်။ မန္တလေးရတနာပုံနေပြည်တော် မဏိရတနာရာမ မြတောင်ရွှေကျောင်းတော်ကြီးပေါ်က အရှင်နှစ်ပါးပါတော်မူတာ မြင်တွေ့ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ လွတ်လပ်စွာနေထိုင်နိုင်ရေး ဇာတိမာန်တွေ တစ်ဟုန်ထိုးဖြစ်ပေါ်ခဲ့ရတဲ့ ဆယ်နှစ်သားရွယ် မောင်လွန်းလေးဟာ ဆရာလွန်း၊ မစ္စတာမောင်မှိုင်း၊ သခင်ကိုယ်တော်မှိုင်းဆိုတဲ့ ဖြတ်သန်းမှု ခရီးတစ်လျှောက်လုံး အမျိုးသားလွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်ခဲ့ရပြီ။ တိုင်းပြည်လွတ်လပ်ရေးမရခင်ကတည်းက လက်တွဲလုပ်ဖော်ကိုင်ဖက်တပည့်တပန်းတွေ သဘောထားလွဲခဲ့ကြတယ်။ အာဏာလိုသူ အရှုးအမူး ငမိုက်သားတွေကြောင့် တပည့်လက်ရင်း သခင်အောင်ဆန်းနဲ့ ဝန်ကြီးအချို့ သွေးမြေကျရခဲ့ပြီပဲ မဟုတ်ပါလား။

အခုလည်း လွတ်လပ်ရေးအတွက် အခက်အခဲပေါင်းစုံကို အသက်ပေးကျော်ဖြတ်ပြီး လက်တွဲခဲ့ကြတဲ့ တပည့်သားမြေးတွေ ကွဲကြပြဲကြပြီး လက်နက်ဆွဲကိုင်ကာ တွေ့ရာသင်္ချိုင်းဓားမဆိုင်း ဖြစ်ပျက်နေကြလေတော့ အိုကြီးအိုမအရွယ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း စိတ်လက်မချမ်းမသာ ဖြစ်ရတာပေါ့။ ဒါကြောင့် ၁၃၂၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (၃-၄-၆၂) အင်္ဂါနေ့ အသက် ၈၆ နှစ်ပြည့်ချိန်မှာ. . .

“ဆရာမသေခင် တိုင်းပြည်ကြီး ငြိမ်းချမ်းသာယာပြီး ဆရာ့တပည့်တွေ သင့်သင့်မြတ်မြတ်ဖြစ်တာကို ကြည့်သွားမြင်သွားချင်သေးသကွာ” ဟု မပြောစဖူး ဖွင့်အံပြောဆိုလာတဲ့အထိ ဖြစ်ခဲ့ရတယ်။ ဒီဆန္ဒဟာ ဆရာကြီးကိုယ်နှုတ်က ဖွင့်မပြောခဲ့ပေမယ့် အသက်အရွယ်ကြီးရင့်ပါမှ မြန်မာပြည် တစ်နံတစ်လျား၊ မြစ်ခြား၊ ချောင်းကူးခရီးအထိ မမောမပန်းသွားလာခဲ့မှုက သက်သေပြခဲ့တာပါပဲ။ မြန်မာတစ်ပြည်လုံးက တိုင်းသူပြည်သားတွေရဲ့ ဆန္ဒနဲ့ အိုကြီးအိုမမှ လူငယ်တွေကို ဦးဆောင်ပြီးသွားလာ လှုပ်ရှားပြောဟော လုပ်ကိုင်နေရတဲ့ ဆရာကြီးအပေါ် ယုတ်မာရက်စက်လူတွေက အမနာပ ပြောဆိုအပြစ်တင်ကြရုံမက အုတ်ခဲကျိုးတွေနဲ့ ပစ်ပေါက်သူတွေလည်းရှိ. . .၊ အလံနက်ထူပြီး သံပုံးတီးထုတ်သူတွေလည်း ရှိခဲ့ပါတယ်။ ဒါဟာ မဆန်းပါဘူး။ ငြိမ်းချမ်းမှုကိုမလိုလားဘဲ သဘောထားသေးသိမ်ပြီး စစ်မက်ဖြစ်မှ စားဝင်အိပ်ပျော်သူတွေရဲ့ လုပ်ရပ်တွေပဲပေါ့။

ပိုလို့ဆိုးတာက ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်ပြီး ငြိမ်းချမ်းရေးလိုလားတဲ့ လူငယ်စာရေးဆရာ၊ ကဗျာဆရာတွေအပေါ် လက်ဝဲသမားတွေ၊ ကွန်မြူနစ်တွေ၊ စီပီဘီတွေလို့ တံဆိပ်ကပ်ကြတယ်။ အာဏာပိုင်အဖွဲ့အစည်းကလည်း ဒီတံဆိပ်တွေ လက်ညှိုးထိုးပြီး ထောင်သွင်းအကျဉ်းချတယ်၊ တစ်ကျွန်းပို့တယ်၊ မျိုးပြုတ်စီမံကိန်းနဲ့ နှိပ်ကွပ်တယ်။ တကယ်တော့ ဆရာကြီးရဲ့လုပ်ဆောင်မှုဟာ ပြည်တွင်းစစ်မီးကိစ္စအတွက် တစ်လံတစ်ထွာမျှ အမြင်ပင် မဟုတ်ပါဘူး။ ဒီအချိန် တစ်ကမ္ဘာလုံးစိုးရိမ်ကြောင့်ကျနေကြရတဲ့ တတိယကမ္ဘာစစ်မီးကြီး အန္တရာယ်အတွက်လည်း ကမ္ဘာနဲ့ချီပြီး အမြင်ကျယ်ကျယ် ဆောင်ရွက်ခဲ့ကြတဲ့ မွန်မြတ်တဲ့အလုပ်ပါ။ ဒါကြောင့်လည်း ဒီစွမ်းဆောင်မှုကို ငြိမ်းချမ်းရေးလိုလားကြတဲ့ နိုင်ငံတကာပြည်သူတွေက လေးလေးစားစား အသိအမှတ်ပြုကြတယ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးဆု အပ်နှင်းဂုဏ်ပြု ပူဇော်ကြတယ်။ ကျော်ကြားထင်ရှားတဲ့ နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုကလည်း -

“ဒေါက်တာဘွဲ့ဆည်းကပ်ပြီး ရိုရိုသေသေ ဂါရဝပြုကြပါတယ်။ ကွမ်းအစ်တစ်လုံး သျှောင်တစ်ထုံးနှင့် ရင်ဖုံးအင်္ကျီဖျင်ပင်နီနှင့်၊ ယောထည်ပုဆိုး မင်ကြောင်ထိုးနှင့် အဖိုးကဝိပညာရှိကို ကမ္ဘာကပင် အသိအမှတ်ပြုလိုက်ကြတာဖြစ်ပါတယ်။

ကမ္ဘာနဲ့ချီပြီးအများစုက ဆရာကြီးကို ငြိမ်းချမ်းရေးခေါင်းဆောင်တစ်ဦးအနေနှင့် ဘယ်လိုပဲ ဂုဏ်ပြုချီးမြှောက်သံ မိုးလုံးဘဝဂ်ညံနေပါစေ။ ပြည်တွင်းက ငါ့တကောကော၊ သဘောထားသေးသိမ်၊ ကိုယ့်ကျိုးရှာ အတ္တသမား၊ အာဏာရူးတွေကတော့ မျက်ကွယ်ပြုပစ်ပယ်၊ အပုပ်ချနှိပ်ကွပ်ခဲ့တာလည်း ဝမ်းနည်းစိတ်ပျက်စရာပါ။ မည်သို့ပင်ဆိုစေ၊ အဲဒီခေတ် အဲဒီကာလက စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်အားကောင်းခဲ့တဲ့ သတင်းစာတွေက (အာဏာရှိသူလက်ကိုင်ထုတ် သတင်းစာအချို့မှလွဲပြီး) ဆရာကြီးရဲ့ ငြိမ်းချမ်းရေးလုပ်ရပ်တွေအပေါ် အားပေးထောက်ခံကြတယ်။ ရတဲ့နေရာ၊ ရတဲ့ထောင့်၊ ရတဲ့အခွင့်အရေးကို အမိအရယူပြီး ထုတ်ဖော်အသိပေးကြတယ်။ ဆရာကြီးရဲ့ ‘မှိုင်း ၈၇ နှစ်မြောက်မွေးနေ့’ အထိမ်းအမှတ်အဖြစ် မန္တလေးလူထုသတင်းစာကို အထူးထုတ်အဖြစ် ထုတ်ဝေခဲ့တယ်။

ပန်းချီပေါ်ဦးသက်ရဲ့ အားကောင်းတဲ့ မျက်နှာအပြည့်သရုပ်ဖော်ပန်းချီကိုဖော်ပြတယ်။ ရွှေကိုင်းသား၊ လူထုဒေါ်အမာ၊ ဗန်းမော်တင်အောင်၊ မောင်နေဝင်း၊ ဝိဓူရသခင်ချစ်မောင်၊ ကြည်လင်’ စတဲ့ ‘မှိုင်းဝါဒီ’ တွေရဲ့ အမှတ်တရစာတွေ ကဗျာတွေ တခမ်းတနား ပါရှိခဲ့တယ်။အဲဒီအချိန်မှာ ဆရာကြီးသက်ရှိထင်ရှားရှိဆဲပါ။ နောက်လများ မကြာခင် ၁၉၆၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခဲ့တာပါပဲ။ အသက် ၈၉ နှစ်ပြည့်ခါနီးအထိ ဆရာကြီး အသက်ရှည်ခဲ့တဲ့သဘောပါ။

